# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၄၂)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အိန္ဒိယသမ္မတ နိုင်ငံ သမ္မတ ရမ်ရွ နက်သ် ကိုဗင့်ဒ်၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ e-Government ဦးဆောင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့မှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ နည်းပညာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်






KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

## နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အုတ်မြစ် အီလက်ထရောနစ် အစိုးရစနစ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ (အိုင်စီတီ) က လွန်စွာအရေးကြီးသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကို ဗဟိုပြု၍ အီလက်ထရောနစ်အစိုးရ (e – Government) ကို အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မိမိတို့ နိုင်ငံအနေဖြင့် အီလက်ထရောနစ်အစိုးရ (e – Government) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း လက်ရှိအခြေအနေအရ e – Government သည် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အဆင့် ၁၅၇ ဖြစ်ပြီး အာဆီယံဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ရာတွင်လည်း ဒေသ၏ပျမ်းမျှအောက်အဆင့်တွင်သာ ရှိနေသေးသည့်အလျောက် များစွာအားထုတ်ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

"အီလက်ထရောနစ်အစိုးရ (e – Government) ကို အကျိုးတရားများစွာကို ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အစိုးရရဲ့ လုပ်ငန်းလုပ်ဆောင်မှုများ လွယ်ကူလျင်မြန်လာစေဖို့၊ လုပ်ငန်းများ ပိုမိုတွင်ကျယ်စေဖို့၊ ဆုံးဖြတ်ချက်များ မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ချနိုင်ဖို့၊ ဝန်ဆောင်မှုပေးရာမှာ တိုးတက်ကောင်းမွန်လာစေဖို့၊ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရာမှာ ပွင့်လင်းမြင်သာမှုရှိစွာ တုံ့ပြန်မှုအားကောင်းစွာနဲ့ လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေဖို့၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးလာစေဖို့ ဖြစ်ပါတယ်။ e–Government ကို အကောင်အထည်ဖော်ခြင်းဖြင့် အစိုးရနဲ့ ပြည်သူ၊ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနအချင်းချင်း၊ အစိုးရနဲ့ နိုင်ငံ့ဝန်ထမ်းများအကြား ဝေးကွာမှုတွေလျော့ကျလာပြီး အစိုးရဌာနများနဲ့ ဆက်ဆံဆောင်ရွက်တဲ့ကိစ္စတွေ လွယ်ကူလျင်မြန်လာစေမှာ ဖြစ်ပါတယ်" ဟူ၍ စတုတ္ထအကြိမ်မြောက် e–Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲဖွင့်ပွဲ အခမ်းအနားတွင် e–Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ လုပ်ငန်းများ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ပြီး e–Government ယန္တရားကြီး မြန်မြန်ဆန်ဆန်လည်ပတ်နိုင်သည်နှင့်အမျှ ယင်းအကျိုးတရားများကို မြန်မြန်ဆန်ဆန် ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် e–Government စနစ်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် e–Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် e–Government Master Plan ၏ လမ်းပြ မြေပုံပါ အဆင့် (၄)ဆင့်ကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကာလတို၊ ကာလလတ်၊ ကာလရှည် အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ e–Government ကို အကောင်အထည်ဖော်ရာတွင် ရင်ဆိုင်ရသည့် အခက်အခဲမှာ လူများ (ဝန်ထမ်းများနှင့် ဝန်ဆောင်မှု ရယူသူ ပြည်သူများ) နှင့် လက်ရှိစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဖွဲ့စည်းမှုပုံစံများကို ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် ပေါင်းစပ်အသုံးပြုနိုင်ရန် ခက်ခဲနေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ကို မှတ်သားခဲ့ရဖူးသည်။

ယခုအခါ ကမ္ဘာကြီးသည် စတုတ္ထစက်မှုတော်လှန်ရေးခေတ် ဆီသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်နေပြီဖြစ်သည်။ ယင်းသို့သော အခြေအနေနှင့် လိုက်ပါပြောင်းလဲရာတွင် အဓိကအကျဆုံး အချက်မှာ နည်းပညာပိုင်းမဟုတ်ဘဲ လူကအဓိက ဖြစ်သည်။ ယနေ့ခေတ်တွင် နိုင်ငံအတွက် လိုအပ်သည့် နည်းပညာကို ငွေပေး၍ ဝယ်ယူရရှိနိုင်သော်လည်း အပြောင်းအလဲကို လိုက်ပါပြောင်းလဲလိုသည့် လူ၏ဆန္ဒကိုမူ ဝယ်ယူ၍ မရနိုင်ပေ။ အားလုံးက ပြောင်းလဲလိုသည့် စိတ်ဆန္ဒပြင်းပြစွာဖြင့် မိမိတို့၏ အိုင်စီတီ ကျွမ်းကျင်မှုကိုလည်း မြှင့်တင်ကာ ပူးပေါင်းပါဝင်ကြမှသာ အီလက်ထရောနစ်အစိုးရစနစ်ကို အောင်အောင်မြင်မြင်ထူထောင်နိုင်ကာ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်တို့ ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဂျာမန်လွှတ်တော်မှ အာဆီယံပါလီမန်များ၏ ဥက္ကဋ္ဌ Mrs. Renate Kunast အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဂျာမန်လွှတ်တော်မှ အာဆီယံပါလီမန်များ၏ ဥက္ကဋ္ဌ Mrs. Renate Kunast နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာ – ဂျာမနီ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်ရေး၊ ဟန်းဆိုင်ဒယ် ဖောင်ဒေးရှင်းအနေဖြင့် မြန်မာလွှတ်တော်များသို့ အကူအညီပေးလျက်ရှိသည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနီးပွင့်လင်းစွာ



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဂျာမန်လွှတ်တော်မှ အာဆီယံပါလီမန်များ၏ ဥက္ကဋ္ဌ Mrs. Renate Kunast အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဇော်သိန်း၊ ဦးခင်အေးနှင့် ကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးဘိုဘိုဦး၊ ဦးခင်မောင်စိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) များ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) များ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ လုပ်ငန်း ကော်မတီဝင်များနှင့် ဖိတ်ကြားထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့ဝန်ဆောင်မှုရုံး ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးတင်မြင့်က အမှာစကား ပြောကြားရာတွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းလာရေးကို ဦးတည်လျက် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများ ပြုနိုင်ရေးအထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုရုံးများကို ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအချိန်အထိ ၃၁၆ ရုံး ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊

ပထမ ဒီမိုကရေစီအစိုးရ သက်တမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၅-၂၀၁၅ ရက်စွဲပါ စာအရ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့ပါဝင်သော စုစုပေါင်း ၁၆ ဦးဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် လက်ရှိဒုတိယဒီမိုကရေစီ အစိုးရသက်တမ်းတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၂ ဦး စုစုပေါင်း ၁၅ ဦးဖြင့် ပြန်လည် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းသည် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် စတင်ခဲ့သော လုပ်ငန်းဖြစ်သော်လည်း အရှိန်အဟုန်ဖြင့် အောင်မြင်ဖို့ရာ စိန်ခေါ်မှုများ၊ ကန့်သတ်ချက်များရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများကို တတ်နိုင်သမျှဖြေရှင်းပေးရန်နှင့် မိမိဌာနအလိုက် စွမ်းဆောင်မှုအရှိန်အဟုန် မြှင့်တင်ပေးရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးကြပ်ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ပါဝင်သော ဌာနများမှ ဝန်ထမ်းများကိုလည်း လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်နည်းစနစ်ကို ဖြေလျှော့ပေးနိုင်သမျှ ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ အတွင်းရေးမှူးက ပြည်သူ့ဝန်ဆောင်မှုရုံးများ၌ ကြီးကြပ်သူ အရာရှိဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ခြောက်ကြိမ် ဖွင့်လှစ် ပို့ချခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့်လည်း အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း တင်ပြသည်။

တက်ရောက် လာကြသော ကော်မတီအဖွဲ့ဝင်များနှင့် ဌာနအကြီးအကဲများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးတင်မြင့်က အစည်းအဝေးတက်ရောက်လာကြသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးတင်မြင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❖ရှေ့ဖုံးမှ

ရှေးဦးစွာ စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲ အခမ်းအနားကို e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက ဦးသိန်းဦး၊ ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်၊ Huawei Technologies (ရန်ကုန်) ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် Mr. Ding Zhao Yi ၊ MyanTel Holdings ဥက္ကဋ္ဌ ဒေါက်တာကျော်ထူးလင်းနှင့် Oracle Corporation အကြီးတန်း ဒုတိယဥက္ကဋ္ဌ Mr. Chung Heng Han တို့က open ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Augmented Reality ကွန်ပျူတာနည်းပညာဖြင့် ဖန်တီးပုံဖော်ထားသော ကနောင်မင်းသား၏ ပုံရိပ်များကို လက်ရှိအပြင်ကမ္ဘာနှင့် ရောယှက်ကာ ပုံဖော်ထားသည့် နည်းပညာကို ပြသသည်။

### ကနောင်မင်းသားပုံရိပ်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက ဦးသိန်းဦးနှင့် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်၊ Augmented Reality ကွန်ပျူတာနည်းပညာဖြင့် ပုံဖော်ထားသည့် ကနောင်မင်းသားပုံရိပ်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် "ကျွန်မတို့ရဲ့ စတုတ္ထအကြိမ်မြောက် အီလက်ထရောနစ် အစိုးရ ညီလာခံနှင့် အိုင်စီတီပြပွဲ (နေပြည်တော်)အခမ်းအနားကို ကြွရောက်လာတဲ့ ဧည့်သည်တော်များ အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်မပထမဦးဆုံးပြောရမယ်ဆိုရင် ကျွန်မတို့ အခုနည်းပညာတွေနဲ့ပတ်သက်လို့ တတ်နိုင်သမျှ မြန်မာမှုပြုတာကို လိုလားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု အင်္ဂလိပ်ဘာသာစကားနဲ့ အများကနေ သုံးနေတယ်ဆိုတာ လက်ခံပါတယ်။ တစ်ကမ္ဘာလုံးကလည်း ဒီလိုပဲသုံးနေတာပါ။ ဒါပေမယ့် ကျွန်မတို့ရဲ့ ပြည်သူလူထုအနေနဲ့ ဒါတွေနဲ့ပတ်သက်လို့ အဓိပ္ပာယ်ကို နားလည်စေချင်ပါတယ်။ အဓိပ္ပာယ်ကို နားလည်မှ တကယ်ပဲပါဝင်နိုင်မှာလို့ ကျွန်မ ဒီလိုပဲ ယူဆပါတယ်။ တတ်နိုင်သရွေ့တော့ ကျွန်မတို့က မြန်မာမှုပြုစေချင်ပါတယ်။ အခုချက်ချင်း သိပ်ပြီးတော့ တိကျပြီး မှန်ကန်တဲ့ ဝေါဟာရ ရှာလို့မတွေ့ဘူးဆိုရင် သုံးရင်းနဲ့ တဖြည်းဖြည်း ထပ်ပြီးပြုပြင်လို့ရပါတယ်။ အဲဒါကိုတော့ အားလုံးကို အားကိုးချင်ပါတယ်။ ဒီဟာကို တိုက်တွန်းချင်ပါတယ်။ မြန်မာမှုပြုပါ။ ဒါမှ ကျွန်မတို့ ပြည်သူတွေ အားလုံးကနေ တဖြည်းဖြည်း နည်းပညာတွေနဲ့ ယဉ်ပါးလာအောင် ပညာတတ်တွေ၊ ကျွမ်းကျင်သူတွေ အတွက်သာ မဟုတ်ဘူး။ ပြည်သူအားလုံးအတွက် ဖြစ်တယ်ဆိုတာကို ထင်ရှားစေချင်ပါတယ်။

### ဝေးကွာမှုတွေလျော့ကျလာ

အီလက်ထရောနစ်အစိုးရ (e-Government)ကို အကျိုးတရားများစွာကို ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အစိုးရရဲ့ လုပ်ငန်းလုပ်ဆောင်မှုများ လွယ်ကူလျင်မြန်လာစေဖို့၊ လုပ်ငန်းများ ပိုမိုတွင်ကျယ်စေဖို့၊ ဆုံးဖြတ်ချက်များ မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ချနိုင်ဖို့၊ ဝန်ဆောင်မှုပေးရာမှာ တိုးတက်ကောင်းမွန်လာစေဖို့၊ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရာမှာ ပွင့်လင်းမြင်သာမှုရှိစွာ၊ တုံ့ပြန်မှုအားကောင်းစွာနဲ့ လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေဖို့၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးလာစေဖို့ဖြစ်ပါတယ်။ e-Government ကို အကောင်အထည်ဖော်ခြင်းဖြင့် အစိုးရနဲ့ပြည်သူ၊ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနအချင်းချင်း၊ အစိုးရနဲ့ နိုင်ငံ့ဝန်ထမ်းများအကြား ဝေးကွာမှုတွေ လျော့ကျလာပြီး အစိုးရဌာနများနဲ့ ဆက်ဆံဆောင်ရွက်တဲ့ ကိစ္စတွေ လွယ်ကူလျင်မြန်လာစေမှာဖြစ်ပါတယ်။

### အရှိန်အဟုန်နဲ့ ကြိုးပမ်း

e-Government ဟာ တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ စွမ်းဆောင်ပေးနိုင်တဲ့အရာ (Enabler)တစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့ လိုအပ်နေတဲ့ နိုင်ငံရဲ့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိဖို့၊ ဆင်းရဲမှုတွေ လျှော့ချနိုင်ဖို့အတွက် e-Government အကောင်အထည်ဖော်မှုများက အလွန်အရေးပါပါတယ်။ e-Government ရဲ့ အကျိုးသက်ရောက်မှုကလည်း အလွန်ပဲများပါတယ်။ ဒါကြောင့် e-Government ကဏ္ဍ တိုးတက်မှုမရှိရင် ပြည့်စုံတဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလို့ ပြောလို့မရတော့ပါဘူး။ အခုဆိုရင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က e-Government ဖွံ့ဖြိုးတိုးတက်မှုကို၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာတဲ့ ဖွံ့ဖြိုးမှုညွှန်းကိန်း (development indicator)တစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။ အဲဒီ e-Government ဖွံ့ဖြိုးမှုညွှန်းကိန်းကို အွန်လိုင်းဝန်ဆောင်မှုများ ညွှန်းကိန်း၊ ဆက်သွယ်ရေး တယ်လီကွန်မြူနီကေးရှင်း အခြေခံအဆောက်အဦဆိုင်ရာ ညွှန်းကိန်းနဲ့ လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း ဆိုတဲ့ ညွှန်းကိန်း(၃)ခုကို အသုံးပြုပြီး တိုင်းတာတွက်ချက်တာကို တွေ့ရှိရပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ e-Government ညွှန်းကိန်းကိုကြည့်ရင် ၂၀၁၆ ခုနှစ်က နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အဆင့်(၁၆၉)၊ ၂၀၁၈ ခုနှစ်မှာ အွန်လိုင်းဝန်ဆောင်မှုများနဲ့ ဆက်သွယ်ရေးအခြေခံအဆောက်အဦတွေ အထူးသဖြင့် မိုဘိုင်းဆက်သွယ်ရေးမှာ တိုးတက်လာလို့ (၁၅၇) အဆင့်ကို တိုးတက်လာခဲ့ပါတယ်။ ဒါပေမယ့် ညွှန်းကိန်းတန်ဖိုးတွေဟာ အာဆီယံဒေသတွင်း နိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဒေသရဲ့ ပျမ်းမျှအောက် ရောက်နေသေးတာကို တွေ့ရှိရပါတယ်။ ကျွန်မတို့ ဒီထက်ပိုပြီး အရှိန်အဟုန်နဲ့ ကြိုးပမ်းကြဖို့ လိုသေးတယ်ဆိုတာကို ပြသနေတာပါ။

### တိုးတက်မှုမြန်ဆန်ဖို့ရာ အရေးကြီး

အဲဒီဟာကတော့ ကျွန်မတို့ ဒီကဏ္ဍမှာတင် မဟုတ်ပါဘူး။ ဥပမာ ပညာရေးတို့ ၊ တခြားကဏ္ဍမှာလည်း ကမ္ဘာ့အဆင့် တက်လာတယ်ဆိုပေမယ့် အာဆီယံအဆင့်မှာကျတော့ ကျွန်မတို့ မတက်လာတဲ့အပြင် တစ်ခါတလေ ကျတောင်ကျသွားတာကို တွေ့ရပါတယ်။ အဲဒါ ဘာကိုပြနေသလဲဆိုတော့ ကျွန်မတို့ အိမ်နီးချင်းနိုင်ငံတွေက ကျွန်မတို့ထက် တိုးတက်မှုမြန်တယ်ဆိုတာကို ပြနေတာပါ။ ကျွန်မတို့က တိုးတက်ရုံနဲ့ မလုံလောက်ဘူး။ တိုးတက်မှုမြန်ဆန်ဖို့ရာ အရေးကြီးပါတယ်။ အဲဒီဟာအတွက်လည်း e-Government အစီအစဉ်ကနေပြီးတော့ အထောက်အကူပေးလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

### သုံးစွဲနိုင်စွမ်းရှိအောင်ဆောင်ရွက်

e-Government ဝန်ဆောင်မှုတွေ ပေးရာမှာလည်း အားလုံးတန်းတူ အသုံးပြုနိုင်ခွင့်ရရှိဖို့ကိုလည်း ဂရုစိုက်ဖို့လိုပါတယ်။ ဝေးလံခေါင်ဖျား ကျေးလက်ဒေသများအတွက် မိုဘိုင်းနဲ့ အင်တာနက်ဆက်သွယ်မှု ရရှိနိုင်အောင် စနစ်တကျသုံးစွဲတတ်အောင်၊ သုံးစွဲနိုင်စွမ်းရှိအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

### ပါဝင်ကူညီ

အားလုံးသိပြီးဖြစ်တဲ့အတိုင်း e-Government ဆိုတာ ခရီးရှည်ကြီးတစ်ခုပါ။ မြန်မာနိုင်ငံအနေနဲ့ ဒီခရီးရှည်ကြီးကို အောင်မြင်စွာသွားနိုင်ဖို့အတွက် ခေတ်အဆက်ဆက် နိုင်ငံဦးဆောင်သူများရဲ့ အမြော်အမြင် (vision)နဲ့ ခေါင်းဆောင်မှု၊ ဦးဆောင်မှု (leadership) က အလွန်အရေးကြီးပါတယ်။ လိုအပ်တဲ့ အဖွဲ့အစည်းများ ဖွဲ့စည်းတည်ဆောက်မှုတွေကိုလည်း လုပ်ဆောင်ဖို့လိုတာကြောင့် e-Government ဦးဆောင်ကော်မတီ၊ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနဲ့ လုပ်ငန်းအလိုက် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။ e-Government အကောင်အထည်ဖော်ရာမှာ အစိုးရပိုင်းသာမက ပုဂ္ဂလိကဘက်ကလည်း ပါဝင်ကူညီနိုင်အောင် လုပ်ငန်းကော်မတီများဖွဲ့စည်းရာမှာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နဲ့ တက္ကသိုလ်များကိုလည်း ပါဝင်ဖွဲ့စည်းပေးခဲ့ပါတယ်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝန်ကြီးဌာနများ၊ အသင်းချုပ်များနှင့် နည်းပညာကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက ဦးသိန်းဦး၊ ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်၊ Huawei Technologies (ရန်ကုန်) ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် Mr. Ding Zhao Yi ၊ MyanTel Holdings ဥက္ကဋ္ဌ ဒေါက်တာကျော်ထူးလင်းနှင့် Oracle Corporation အကြီးတန်း ဒုတိယဥက္ကဋ္ဌ Mr. Chung Heng Han တို့က စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာ ပြပွဲအခမ်းအနားကို open ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အခုဆိုရင် e-Government အကောင်အထည်ဖော်ဖို့ လိုအပ်တဲ့ အခြေခံအဆောက်အဦများကိုလည်း တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာနများ အချင်းချင်း ချိတ်ဆက်ထားတဲ့ ဆက်သွယ်ရေးကွန်ရက်ကိုလည်း တည်ဆောက်ထားပြီးပါပြီ။ အစိုးရဝန်ကြီးဌာနများရဲ့ အချက်အလက်များကို လုံခြုံစွာသိမ်းဆည်းထားနိုင်ဖို့၊ ဝန်ဆောင်မှုများပေးနိုင်ဖို့ အစိုးရဒေတာစင်တာတစ်ခု တည်ဆောက်သွားနိုင်ဖို့လည်း စီမံဆောင်ရွက်နေပါပြီ။ အရေးကြီးတဲ့ ဥပဒေပိုင်းမှာလည်း e-Government အတွက် လိုအပ်နေတဲ့ ဥပဒေတချို့ကို ပြဋ္ဌာန်းထားပြီးဖြစ်သလို ဆိုက်ဘာပြစ်မှုများဆိုင်ရာဥပဒေ၊ ဒေတာလုံခြုံရေးဆိုင်ရာဥပဒေ စတဲ့ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေကြပါပြီ။ e-Government အကောင်အထည်ဖော်ရာမှာ ဌာနများအလိုက်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် ဆောင်ရွက်နေတာတွေရှိသလို အစိုးရဝန်ထမ်းများရဲ့ အိုင်စီတီကျွမ်းကျင်တတ်မြောက်မှုစွမ်းရည်ကို ဖြည့်ဆည်းပေးဖို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်နဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆပ်ကော်မတီတို့ကလည်း ဝန်ထမ်းများကို အခြေခံအိုင်စီတီကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ပို့ချပေးနေပြီ ဖြစ်ပါတယ်။ အထူးပြုနည်းပညာကျွမ်းကျင်မှုများအတွက်လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှာ အထူးပြုသင်တန်းတွေကို အခါအခွင့်သင့်သလို ပို့ချဆောင်ရွက်ပေးနေပါတယ်။ အစိုးရဌာနအသီးသီးအနေနဲ့ e-Government ကို အကောင်အထည်ဖော်ရာမှာ အစိုးရရဲ့ လုပ်ငန်းစဉ်များနဲ့ အလုပ်လုပ်ကိုင်တဲ့ပုံစံတွေကိုလည်း တိုးတက်နေတဲ့ နည်းပညာများနှင့်အညီ လိုက်လျောညီထွေဖြစ်တဲ့ ပုံစံတွေနဲ့ ပြောင်းလဲသွားကြရမှာပါ။ ဒီလို လိုက်လျောညီထွေဖြစ်အောင် မပြောင်းလဲနိုင်ရင် e-Government မအောင်မြင်နိုင်ကြောင်း သတိပြုကြဖို့ မှာကြားလိုပါတယ်။

### လုပ်ငန်းတွေ ပိုမိုမြန်ဆန်

အများပြောနေကြတဲ့ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း (Digital Transformation) ဆိုတာက ကျွန်မတို့ အခုနေထိုင်နေတဲ့ လူမှုပတ်ဝန်းကျင်မှာ ဒစ်ဂျစ်တယ်နည်းပညာကိုသုံးပြီး လုပ်ငန်းတွေ ပိုမိုမြန်ဆန် အဆင်ပြေချောမွေ့ဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ အခုဆိုရင် လူတိုင်းနီးပါး Smart Phone တွေ သုံးလာနိုင်တဲ့အတွက် ဖုန်းကနေ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နိုင်တယ်၊ သတင်းအချက်အလက်တွေ ပို့နိုင်တယ်၊ ရောင်းတာ၊ ဝယ်တာတွေ လုပ်နိုင်တယ် စသည်ဖြင့် နေ့စဉ် လူမှုဘဝလုပ်ငန်းတော်တော်များများကို ဖုန်းတွေနဲ့ မြန်မြန်ဆန်ဆန်နဲ့ အဆင်ပြေပြေ ဆောင်ရွက်လာနိုင်တာ တွေ့ရမှာဖြစ်ပါတယ်။ အခုဆို Smart Phone တွေဟာ စံလို့ပြောမထားပေမယ့် စံတစ်ခုဖြစ်နေတဲ့ လက်တွေ့အားဖြင့် ပကတိအရှိတရား(de-facto) Digital Platform တစ်ခုဖြစ်လာပြီး Smart Phone တွေကို အသုံးချပြီး အစိုးရဝန်ဆောင်မှုတွေကို ဘယ်လို လွယ်ကူလျင်မြန်စွာ ပေးနိုင်မလဲဆိုတာကို စဉ်းစားပြီး e-Government လုပ်ငန်းတွေ Digital Platform ပေါ်ရောက်အောင် ရွှေ့ပြောင်းကြဖို့ မှာကြားလိုပါတယ်။

**"e-Government ဟာ တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ စွမ်းဆောင်ပေးနိုင်တဲ့အရာ (Enabler) တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ လိုအပ်နေတဲ့ နိုင်ငံရဲ့ ရေရှည်တည်တံ့တဲ့ဖွံ့ဖြိုးတိုးတက်မှုကိုရရှိဖို့၊ ဆင်းရဲမှုတွေလျှော့ချနိုင်ဖို့အတွက် e-Government အကောင်အထည်ဖော်မှုများက အလွန်အရေးပါပါတယ်။ e-Government ရဲ့ အကျိုးသက်ရောက်မှုကလည်း အလွန်ပဲများပါတယ်။ ဒါကြောင့် e-Government ကဏ္ဍတိုးတက်မှုမရှိရင် ပြည့်စုံတဲ့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုလို့ ပြောလို့မရတော့ပါဘူး။ အခုဆိုရင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က e-Government ဖွံ့ဖြိုးတိုးတက်မှုကို၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာတဲ့ ဖွံ့ဖြိုးမှုညွှန်းကိန်း (development indicator) တစ်ခုအဖြစ် သတ်မှတ်ထားပါတယ်"**

### ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်း

ဒီနေရာမှာ တစ်ဆက်တည်း ပြောချင်တာကတော့ အခုလို Smart Phone တွေနဲ့ အင်တာနက်ကို သုံးစွဲတဲ့နေရာမှာ အသုံးပြုနေကြတဲ့ Mobile SIM Card ကိစ္စပဲဖြစ်ပါတယ်။ Online ဝန်ဆောင်မှုတွေကိုသုံးစွဲကြတဲ့အခါ Mobile ဖုန်းနံပါတ်ကို အသုံးပြုပြီး Authenticate သုံးစွဲသူ မှန်ကန်ကြောင်း စိစစ်သက်သေခံတဲ့ လုပ်ငန်းစဉ်တွေကို ပြုလုပ်ကြရပါတယ်။ ဒီလို အသုံးပြုကြရတဲ့အခါမှာ မိမိဖြစ်ကြောင်း မဖော်ပြဝံ့သူ၊ အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်လိုသူ၊ ဆိုက်ဘာပြစ်မှုကျူးလွန်လိုသူတွေက SIM Card Registration လုပ်ငန်းစဉ်ရဲ့ အားနည်းချက်ကို အသုံးချပြီး သတင်းတုသတင်းမှားတွေ ဖြန့်ဝေခြင်း၊ အမုန်းစကားတွေ ဖြန့်ဝေခြင်း၊ ဆိုက်ဘာပြစ်မှုကျူးလွန်ခြင်း စတာတွေကို ကျူးလွန်နေကြပါတယ်။ ဒီလိုဖြစ်စဉ်တွေကို ထိန်းကျောင်းဖို့ SIM Registration လုပ်ငန်းစဉ်ကို ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ စီမံဆောင်ရွက်လျက်ရှိပါတယ်။ အသိအမြင်နဲ့ တာဝန်ခံမှုရှိတဲ့ တာဝန်သိပြည်သူတွေအနေနဲ့ SIM Registration လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်ကြစေလိုပါတယ်။ ပြည်သူတွေ ပူးပေါင်းပါဝင်ပါမှ တရားဥပဒေစိုးမိုးရေးအပါအဝင် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တိုးတက်ရေးတွေအတွက် အထောက်အကူဖြစ်မှာမို့ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်တာ ဖြစ်ပါတယ်။

### SIM Card တွေကို မှတ်ပုံတင်

တစ်ခါတည်းပြောရမယ်ဆိုရင် ကိုယ်က အပြစ်မလုပ်ထားဘူး၊ မဟုတ်တာ မလုပ်ထားဘူးဆိုရင် အခုစည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာဖို့ရာ ဘာမှဝန်လေးစရာမလိုပါဘူး။ ကိုယ်ဟာ ဘယ်သူလဲဆိုတာ ဖုံးဖိထားဖို့ ရည်ရွယ်ချက်ရှိတယ်။ ဖုံးဖိထားဖို့ လိုနေပြီဆိုကတည်းက တစ်ခုခုတော့ မမှန်ဘူးဆိုတာ ကျွန်မတို့ ခန့်မှန်းလို့ရပါတယ်။ ဒါကြောင့်မို့လို့ အပြစ်မရှိတဲ့ပြည်သူများ၊ ရိုးရိုးသားသားဖုန်းတွေကို သုံးစွဲနေတဲ့ ပြည်သူများအနေနဲ့ အခုကျွန်မတို့ရဲ့ ထုတ်ထားတဲ့ ညွှန်ကြားချက်နဲ့ ကိုက်ညီစွာ SIM Card တွေကို မှတ်ပုံတင်ပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

### လျင်မြန်တိကျ လုံခြုံစွာဆောင်ရွက်

အစိုးရကနေ နိုင်ငံသားတွေသိသင့်တဲ့ အချက်အလက်တွေ၊ အကျိုးကျေးဇူးရရှိစေမယ့် အချက်အလက်တွေကို အများသိအောင် ထုတ်ပြန်ပေးတဲ့စနစ် (Open Data System) ကိုလည်း ရှေ့ဆက်ပြီး အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ အွန်လိုင်းမှာ အသုံးပြုတဲ့အခါ ကိုယ့်ရဲ့ သက်သေခံလက်မှတ်အဖြစ် အသုံးပြုနိုင်မယ့် အီလက်ထရောနစ် သက်သေခံလက်မှတ် (Certification Authority–CA, Digital Signature) ကိုလည်း မကြာမီထုတ်ပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် မှတ်ပုံတင်ခြင်းလုပ်ငန်းကို သတင်းအချက်အလက် နည်းပညာအသုံးပြုပြီး နံပါတ်သတ်မှတ် (Unique ID) ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း အကောင်အထည်ဖော်နိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီလို စနစ်တွေကို အကောင်အထည်ဖော်နိုင်ခြင်းဖြင့် e–Government လုပ်ငန်းစဉ်များအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ အတည်ပြုခြင်း (Verification)၊ သတ်မှတ်ခြင်း (Identification)နဲ့ ခွင့်ပြုခြင်း ( Authentication) တို့ကို ဒစ်ဂျစ်တယ်နည်းပညာနဲ့ လျင်မြန်တိကျ လုံခြုံစွာ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

### အာရုံခံကိရိယာ (Sensor) တွေကိုအသုံးပြု

အခုဆို ကမ္ဘာ့ရဲ့အရှေ့က စတုတ္ထမြောက် စက်မှုတော်လှန်ရေး (Industry Revolution 4.0) ကိုသွားနေပြီ။ အချက်အလက်အစုအဝေး (Big Data) ကို သုံးပြီး အချက်အလက်များကို သရုပ်ခွဲခြင်း (Analysis) လုပ်တာတွေ ဆောင်ရွက်နေကြပြီ။ အမျိုးမျိုးသော အာရုံခံကိရိယာ (Sensor) တွေကိုအသုံးပြုပြီး အင်တာနက်ကနေတစ်ဆင့် အချက်အလက်တွေ အလိုအလျောက်ကောက်ခံတာတွေ လုပ်နေကြပါပြီ။ အားလုံးက (Smart Factory)၊ စမတ်ကား၊ Smart ဖြစ်တဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ (Smart Health Care)၊ အပူချိန်၊ စိုထိုင်းဆ၊ ရေပေးမှု၊ ပိုးသတ်ဆေးဖျန်းတာ စတဲ့လုပ်ငန်းများကို sensor များ အသုံးပြုပြီး အလိုအလျောက် ဆောင်ရွက်ပေးမယ့် Smart Farming ဆိုတဲ့ စိုက်ပျိုးရေးနည်းသစ်တွေ၊ မြို့နေပြည်သူတွေ အေးချမ်းသာယာမှုကို ဖန်တီးပေးနိုင်ဖို့ Smart City တွေ တည်ထောင်နေကြတဲ့ခေတ်မှာ နောက်ကသာ အမီမလိုက်နိုင်ခဲ့ရင် လူမှုရေး၊ စီးပွားရေး ဆက်လက်ပြီးနောက်ကောက်ကျကျန်ခဲ့မှာ အသေအချာပါပဲ။

### ကြိုးစားသွားမယ်ဆိုရင် အမီလိုက်နိုင်

ကျွန်မတို့ အမီလိုက်နိုင်တဲ့ အရည်အချင်းတွေလည်း ရှိပါတယ်။ မန္တလေးမှာဆိုရင် Smart City အနေနဲ့ သတ်မှတ်တာကို အများသိပြီးသားဖြစ်မှာပါ။ ဒီလိုပဲ ကျွန်မတို့အနေနဲ့ ကြိုးစားသွားမယ်ဆိုရင် အမီလိုက်နိုင်ပါတယ်။ ဒါပေမယ့် နောက်ကျန်ခဲ့တဲ့ နိုင်ငံမို့လို့ ပိုပြီးတော့ တခြားနိုင်ငံတွေထက် လျင်မြန်စွာ တိုးတက်နိုင်အောင်လို့ ကြိုးစားဖို့တော့ ကျွန်မ သတိပေးချင်ပါတယ်။

### အိုင်တီနည်းပညာသုံး ဆောင်ရွက်တာဖြစ်

အခုကြိုးစားအကောင်အထည်ဖော်နေကြတဲ့ Industry 4.0 ဆိုတာ ဒစ်ဂျစ်တယ်စနစ်သို့ပြောင်းလဲခြင်း (Digital Transformation) ပြုလုပ်ပြီးတော့ ကုန်ပစ္စည်း ထုတ်လုပ်တဲ့ လုပ်ငန်းအစကနေ လုပ်ငန်းစဉ်အဆုံးအထိကို အိုင်တီနည်းပညာသုံး ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒါကြောင့် IR 4.0 အရ ကြုံတွေ့လာမယ့် အခြေအနေတွေအတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားရှိဖို့ လိုပါတယ်။

*စာမျက်နှာ ၅ သို့*

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယ ရေတပ်ဦးစီးချုပ် Admiral Karambir Singh, PVSM, AVSM, ADC အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယ ရေတပ်ဦးစီးချုပ် Admiral Karambir Singh, PVSM, AVSM, ADC အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အပါအဝင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်သွားရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယ ရေတပ်ဦးစီးချုပ် Admiral Karambir Singh, PVSM, AVSM, ADC အား လက်ခံ တွေ့ဆုံစဉ်။**
သတင်းစဉ်

*စာမျက်နှာ ၄ မှ*

အစိုးရလုပ်ငန်းတွေမှာ အိုင်စီတီနည်းပညာသုံးတဲ့ e-Government ကို အသွင်ကူးပြောင်းဖို့ ယခုထက်ပိုပြီး ကြိုးစားလုပ်ဆောင်ကြဖို့၊ အရှိန်မြှင့်ကြဖို့လိုနေပြီလို့ ပြောကြားချင်ပါတယ်။ အချင်းချင်းပူးပေါင်းပြီးတော့ နည်းလမ်းတွေ ရှာကြဖို့လိုပါတယ်။ ယခုကျင်းပတဲ့ ဒီ e-Government Conference မှာ ကျွန်မတို့ ရှာဖွေနေတဲ့ လိုချင်နေတဲ့အဖြေတွေကို ဆွေးနွေးတိုင်ပင်နိုင်ပြီး အကြံဉာဏ်ကောင်းတွေရလာဖို့ မျှော်လင့်ပါတယ်။

### မြန်မြန်ဆန်ဆန်တိုးတက်နိုင်ဖို့ကြိုးစား

ကျွန်မတို့နိုင်ငံနဲ့ သင့်တော်မယ့် အကြံဉာဏ်ကောင်းတွေကို စဉ်းစားပါ။ အခြားနိုင်ငံတွေ လုပ်တာချည်းပဲ ကျွန်မတို့လိုက်ပြီး လုပ်ဖို့မလိုပါဘူး။ အဲဒီလိုလုပ်ရုံနဲ့လည်း လုံလောက်မှာ မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံအတွက် အထူးလိုအပ်ချက်တွေကို သတိပြုပြီးတော့ ကျွန်မတို့ မြန်မြန်ဆန်ဆန်တိုးတက်နိုင်ဖို့ကို ကြိုးစားစေချင်ပါတယ်။

### အိုင်စီတီပြခန်းများလည်း ပါဝင်ပြသ

နိဂုံးချုပ်အနေနဲ့ ဒီ "e-Government Conference and ICT Exhibition" ပြပွဲဟာ မြန်မာနိုင်ငံရဲ့ e-Government အကောင်အထည်ဖော်ခြင်း လုပ်ငန်းအတွက် အရေးပါတဲ့ ညီလာခံ၊ အရေးပါတဲ့ပြပွဲတစ်ခု ဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။ အိုင်စီတီပြခန်းများလည်း ပါဝင်ပြသတာဖြစ်လို့ e-Government ဆိုင်ရာစနစ်များ၊ နည်းပညာများကို တစ်နေရာတည်းမှာ လေ့လာနိုင်အောင် ဖန်တီးပေးထားတာဖြစ်လို့ အင်မတန်မှ ကောင်းမွန်ပါတယ်။ အခုလို စတုတ္ထအကြိမ်မြောက်အထိ ဒီပွဲကိုဖြစ်မြောက်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြပါသော e-Government ဦးဆောင်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

### ထက်သန်တဲ့စိတ်နဲ့ ဝိုင်းဝန်းပံ့ပိုး

e-Government စနစ်များ အောင်မြင်ဖို့အတွက် အားလုံးက e-Government မျှော်မှန်းချက်တွေကို နားလည်သဘောပေါက်ပြီး အောင်မြင်အောင် ဆောင်ရွက်မယ်လို့ တကယ့်ကိုရင်ထဲက လှိုက်လှိုက်လှဲလှဲ ခံယူကြိုးစားကြဖို့ လိုအပ်ပါတယ်။ အမှန်တကယ် ဒီလိုခံယူချက်မရှိရင် မအောင်မြင်နိုင်ပါဘူး။ အားလုံးလို့ဆိုရာမှာ နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်မြို့နယ် ကျေးရွာအဆင့်ဆင့်မှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းများ အားလုံး၊ စီးပွားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ အသိပညာရှင်များ၊ နိုင်ငံသားများအားလုံးပါဝင်ကြပြီး ထက်သန်တဲ့စိတ်နဲ့ ဝိုင်းဝန်းပံ့ပိုး ကြိုးစားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်" ဟု ပြောကြားသည်။

### မှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ဧည့်ခန်းမ၌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်က စတုတ္ထစက်မှုတော်လှန်ရေးနှင့် အနာဂတ်မြန်မာနိုင်ငံတော်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် ဝန်ကြီးဌာနများ၊ အသင်းချုပ်များနှင့် နည်းပညာကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က e-Government ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ကွန်ပျူတာအသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

### လက်မှတ်ရေးထိုး

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့အကြား "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအရ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး" နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့အကြား " နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအရ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး" နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က လည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပညာရှင်များက "ဒီဂျစ်တယ်အစိုးရသို့" ခေါင်းစဉ်စကားဝိုင်းကို လည်းကောင်း၊ "မြန်မာစတုတ္ထစက်မှုတော်လှန်ရေးနှင့် အနာဂတ်မြန်မာနိုင်ငံတော်" ခေါင်းစဉ်ကို လည်းကောင်း ဆွေးနွေးကြသည်။

### ၁၉ ရက်အထိ ကျင်းပသွားမည်

e-Government ဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်မြတ်သော ကင်းထောက်လုပ်ငန်းများ နိုင်ငံအနှံ့ ပြည်သူများသိရှိနိုင်ရန် ကင်းထောက်တေးသီချင်းများ ရုပ်မြင်သံကြားရိုက်ကူး

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မွန်မြတ်သော ကင်းထောက်လုပ်ငန်းလှုပ်ရှားမှုများအား ပြည်သူများသိရှိနိုင်ရန် ကင်းထောက် တေးသီချင်းများကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ရိုက်ကူးထုတ်လွှင့်နိုင်ရေး အစီအစဉ်အရ "ကင်းထောက်ဆိုသည်မှာ" ကင်းထောက် တေးသီချင်းသစ်ကို ဖေဖော်ဝါရီ ၁၇ ရက်က ရန်ကုန်မြို့ မြန်မာ့ရုပ်မြင်သံကြားတွင် ရိုက်ကူးရာ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်၊ ကင်းထောက်ကြီး ဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေနှင့် ကင်းထောက်ကြီးများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ကင်းထောက်ကြီး ဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ ရေးစပ်သော "ကင်းထောက် ဆိုသည်မှာ" တေးသီချင်းသစ်ကို အခြေခံပညာ အထက်ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကင်းထောက်လူငယ်၊ မောင်မယ် ၂၇ ဦးအဖွဲ့(ယာပုံ) နှင့် မြန်မာ့ရိုးရာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် တေးသံရှင် ကင်းထောက် လူငယ်များဖြစ်သော မင်းခန့်ဖုန်း၊ စွမ်းထက်၊ ကျော်ဆုဟိန်း၊ သန့်စင်ထွန်း၊ ဘုန်းသူရကျော်၊ အေးမြဖြူ၊ မေသက်ထားဆွေ၊ မေ့ချစ်သက်၊ ခင်ဘုန်းပွင့်စံ၊ ခင်လပြည့်ဝန်း၊ ရွှေဖူးသွယ်တို့ ၁၁ ဦး အဖွဲ့ကို မြန်မာ့ရုပ်မြင်သံကြားမှ ရိုက်ကူးခြင်းဖြစ်သည်။

**(မြန်မာ့အလင်း)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျာမန်လွှတ်တော်မှ အာဆီယံပါလီမန်များ၏ ဥက္ကဋ္ဌ Mrs. Renate Kunast နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျာမန်လွှတ်တော်မှ အာဆီယံပါလီမန်များ၏ဥက္ကဋ္ဌ Mrs. Renate Kunast နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ဆက်လက်ကူညီပေးရေး၊ ဥပဒေပြုရေးဆိုင်ရာကိစ္စနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပြင် လာမည့်ရွေးကောက်ပွဲတွင် အမျိုးသမီးများပိုမိုပါဝင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ အဖွဲ့ဝင် ဒေါက်တာဦးကြွယ်ကြွယ်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အခွန်အကောက်ဆိုင်ရာကိစ္စ၊ MSME ချေးငွေဆိုင်ရာကိစ္စနှင့် စပ်လျဉ်းသည့် လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ၊ MSME ချေးငွေဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ပရောက်မြန်မာ အလုပ်သမားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးနှင့် မိမိနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises – MSME) ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ယခုအခါ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေကြေးများရရှိနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များက MSME ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အခွန်အကောက်ဆိုင်ရာကိစ္စ၊ MSME ချေးငွေဆိုင်ရာကိစ္စနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် MSME လုပ်ငန်းများအတွက် ချေးငွေများကို အတိုးနှုန်း ၉ ရာခိုင်နှုန်းဖြင့် ချေးငွေကာလ ၃ နှစ်မှ ၅ နှစ်အထိ သတ်မှတ်၍ ထုတ်ချေးပေးလျက်ရှိကြောင်း၊ ထို့အပြင် JICA Two–Step Loan ချေးငွေရယူ၍ (Phase–1) ချေးငွေအား ပုဂ္ဂလိကဘဏ် (၆) ဘဏ်မှတစ်ဆင့် လည်းကောင်း၊ (Phase–2) ချေးငွေအား ပုဂ္ဂလိကဘဏ် (၁၁) ဘဏ်မှတစ်ဆင့် လည်းကောင်း MSME လုပ်ငန်းများသို့ ချေးငွေများအား အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း၊ ချေးငွေကာလ ၃ နှစ်မှ ၅ နှစ်အထိ ထုတ်ချေးပေးလျက်ရှိကြောင်း၊ ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) မှလည်း အထောက်အပံ့များ ရယူ၍ ပုဂ္ဂလိကဘဏ် (၂) ဘဏ်မှတစ်ဆင့် MSME လုပ်ငန်းများသို့ အတိုးနှုန်း သက်သာသည့်ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် ပုံမှန်ထုတ်ချေးနေသော စိုက်ပျိုးစရိတ်ချေးငွေများအပြင် JICA Two–Step Loan ချေးငွေရယူ၍ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရေးအတွက် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ချေးငွေကာလ ၃ နှစ်မှ ၅ နှစ်အထိ သတ်မှတ်ပြီး ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ထို့အပြင် မြန်မာ့စီးပွားရေးဘဏ်မှ Two–Step Loan ချေးငွေအဖြစ် ငွေကျပ် (၂၀၀) ဘီလီယံကို တောင်သူလယ်သမားများသာမက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းများအတွက် အတိုးနှုန်း ၉ ရာခိုင်နှုန်း ဖြင့် ၃ နှစ်၊ ၅ နှစ် သက်တမ်းရှိသော ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ နောင်အခါတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့သည် လယ်ယာကဏ္ဍအပါအဝင် MSME ကဏ္ဍသို့ ချေးငွေအမျိုးအစားများစွာကို တိုးချဲ့ထုတ်ချေးနိုင်ရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်ရှိ တောင်သူလယ်သမားများအတွက် MSME ချေးငွေရရှိရေးအတွက် အပေါင်ပစ္စည်း မပေးနိုင်သော်လည်း risk base အပေါ်အခြေခံ၍ အတိုးနှုန်းသတ်မှတ်ပြီး ထုတ်ချေးနိုင်ရေး မကြာမီစမ်းသပ်စီစဉ် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများက MSME ချေးငွေထုတ်ချေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရေးဝန်ကြီးများက မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ၊ MSME ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် သက်ဆိုင်ရာဌာန အကြီးအကဲများက ရှင်းလင်းဆွေးနွေးဖြေကြားသည်။

အဆိုပါ အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံ/ဘဏ္ဍာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို Norwegian People's Aid (NPA) အဖွဲ့က ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် Norwegian People's Aid (NPA) အဖွဲ့အစည်း၏ Country Director ဖြစ်သူ Ms. Marte Graff Jenssen ဦးဆောင်သော အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအား အတည်ပြုမိတ်ဆက်ခဲ့ပြီးနောက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုကို အခြေခံသည့် မိုင်းရှင်းလင်းရေး ကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရများနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် အခြေအနေများ၊ မိုင်းအန္တရာယ် ကင်းစင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အာဆီယံဒေသတွင်း မိုင်းစင်တာ(ARMAC) အပါအဝင် NPA အဖွဲ့အစည်းကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စ၊ မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းများနှင့် မိုင်းဒဏ်ခံစားခဲ့ရသူများအား ထောက်ပံ့ကူညီဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် မိုင်းအန္တရာယ်နှင့် ပတ်သက်၍ လမ်းညွှန်ဦးဆောင်ပေးနိုင်မည့် မိုင်းအာဏာပိုင်အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်နိုင်ရေး ဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး Norwegian People's Aid (NPA)က အစိုးရဦးဆောင်မှုဖြင့် ဆောင်ရွက်မှုတိုင်းတွင် အပြည့်အဝ ပူးပေါင်းကူညီမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

## ကျူးကျော်နေထိုင်သူများအနေဖြင့် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အကျုံးဝင်သည့်နေရာတွင် အခြေချနေထိုင်ခြင်းဖြင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးရရှိရေး စိစစ်ဆောင်ရွက်ပေးနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၏ မြန်မာနိုင်ငံအတွင်း ကျူးကျော်များအဖြစ် သတ်မှတ်ခံရသော နိုင်ငံသားမိသားစုများအား အိမ်ထောင်စုစာရင်းထုတ်ပေးနိုင်ခြင်းရှိမရှိနှင့်မရှိပါကကျူးကျော်အဖြစ်သတ်မှတ်ခံရသော မြန်မာနိုင်ငံသားမိသားစုများအား အိမ်ထောင်စုစာရင်းထုတ်ပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံအတွင်း အစိုးရဌာနပိုင်မြေ၊ သစ်တောကြိုးဝိုင်းမြေ၊ စည်ပင်ပိုင်မြေ၊ အဖွဲ့အစည်းပိုင်မြေ၊ ကုမ္ပဏီပိုင်မြေ၊ သာသနာ့နယ်မြေ၊ ပုဂ္ဂလိကပိုင်မြေ၊ မြေနုကျွန်း၊ မီးရထားလမ်းဘေး၊ ကားလမ်းဘေး စသည့်နေရာများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ခွင့်ပြုချက်မရှိသော မြေနေရာများတွင် ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်လျက်ရှိသော ယာယီရွှေ့ပြောင်းနေထိုင်သူများသည် ကျူးကျော်ဝင်ရောက်နေထိုင်သူများဖြစ်သောကြောင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် ညီညွတ်မှုမရှိပါသဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေး၍ မရပါကြောင်း၊ ယာယီရွှေ့ပြောင်းနေထိုင်သည့် ကျူးကျော်နေထိုင်သူများအနေဖြင့် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အကျုံးဝင်သည့်နေရာတွင် အခြေချနေထိုင်ခြင်းဖြင့် မိမိဝန်ကြီးဌာနမှ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်ထုတ်ပေးလျက်ရှိသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးရရှိရေးအတွက် စိစစ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

### တိုင်းရင်းသားလူမျိုးနွယ်စုများ၏ အမည်များပြင်ဆင်သတ်မှတ်ခြင်း၊ ပြန်လည်သတ်မှတ်ခြင်း စသည့်ကိစ္စရပ်များအတွက် ဆွေးနွေးပွဲများ ပြုလုပ်ပေးရန်လိုအပ်

တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်၏မြန်မာနိုင်ငံတွင်၂၀၁၄ ခုနှစ် လူဦးရေ၊ အိမ်နှင့် အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းရင်းသားလူမျိုးများစာရင်း (၁၃၅) မျိုးတွင် မပါဝင်သော တိုင်းရင်းသားလူမျိုးများကုဒ်နံပါတ် (၉၁၄) (အခြား)ခေါင်းစဉ်တွင်ရေးသွင်းဖော်ပြထားသောတိုင်းရင်းသားလူမျိုးအမည်များကို ဖော်ပြန်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးမြင့်ကြိုင်က တိုင်းရင်းသားလူမျိုးများ၏ တောင်းဆိုချက်များအရ တိုင်းရင်းသားလူမျိုးနွယ်စုများ၏ အမည်များပြင်ဆင်သတ်မှတ်ခြင်း၊ တိုင်းရင်းသားလူမျိုးနွယ်စုများ ပြန်လည်သတ်မှတ်ခြင်း စသည့်ကိစ္စရပ်များအတွက် လွှတ်တော်များနှင့် ပြည်ထောင်စုတိုင်းရင်းသားရေးရာကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများပါဝင်သော ဆွေးနွေးပွဲများ ပြုလုပ်ပေးရန်လိုအပ်ပါကြောင်း၊ ဆွေးနွေးပွဲများပြုလုပ်ရာတွင် မှန်ကန်လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များတွင် လူမျိုးစုအလိုက်ဆောင်ရွက်ပြီးမှသာ ပြည်ထောင်စုအဆင့်တွင် လူမျိုးစုညီလာခံကျင်းပ၍ဆောင်ရွက်သင့်ပါကြောင်း။

သို့ပါ၍ အဆိုပါကိစ္စသည် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ၊ သမိုင်းပညာရှင်များ၊ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့တို့မှ လေ့လာစိစစ်တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူဆောင်ရွက်သင့်သောကိစ္စရပ်သာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်



မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ



ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်

### ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၏ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိ

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၏ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တွင် မြေလွတ်၊ မြေလပ်များရှိနေသော်လည်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံးမရှိသေးသည်ကို တွေ့ရပါသဖြင့် ရုံးတစ်ရုံး အမြန်ဆုံးချထားပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်သမားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် ရုံးဖွင့်လှစ်ရန်အတွက် ဖွဲ့စည်းပုံတွင် ခွင့်ပြုထားခြင်း မရှိပါသဖြင့် ရုံးဖွင့်လှစ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၏ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန(မြို့နယ်ရုံး) ဖြစ်သည့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၏ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရဲစခန်းအား နယ်မြေရဲစခန်းကြီးအဖြစ် အဆင့်မြှင့်ပေးရန်နှင့် အဆင့်မီဝန်ထမ်းအိမ်ရာများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် စိုင်ပြင်ရဲကင်းစခန်းအား နယ်မြေရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်ရရှိပြီးမှသာ ရဲစခန်းရုံးနှင့် အိမ်ရာများ ဆောက်လုပ်ခွင့်ရရှိရေးတို့အတွက် ဘဏ္ဍာငွေတင်ပြတောင်းခံဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုး၏ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပတ်သက်၍ အများပြည်သူများ အလွယ်တကူ သိရှိဆက်သွယ်ဆောင်ရွက်နိုင်သော Complain Centre တစ်ခု ထူထောင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပတ်သက်သည့်တိုင်ကြားချက်များ လက်ခံသည့် တယ်လီဖုန်းများမှ သတင်းရယူ၍ လည်းကောင်း၊ Myanmar Police Force Website တွင် ဖော်ပြတိုင်ကြားချက်များကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ Toolkit Account များဖွင့်လှစ်၍ တစ်နိုင်ငံလုံးသို့ (DEO) Account ၃၃၃ ခုအား ထပ်မံခွဲထုတ်ပြီး သတင်းအချက်အလက်များရယူကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်သူများအပေါ် ဝန်ဆောင်မှုပေးခြင်းနှင့် ပြည်သူများနှင့် တိုက်ရိုက်ဆက်သွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

### လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြား

ဆက်လက်၍ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ ဗန်းမောက်မြို့နယ် မြို့မရဲစခန်းအတွင်း ဝန်ထမ်းအိမ်ရာအသစ် (၄)ယူနစ်ပါ (၄)ထပ်အိမ်ရာ ( RC) နှစ်လုံးကို၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး၏ ရွှေတောင်မြို့နယ်အတွင်း လိုအပ်လျက်ရှိသော တရုတ်မှော်တိုက်နယ်နှင့် ကျီးသဲတိုက်နယ် အရန်မီးသတ်စခန်းတို့အား နယ်မြေခံမီးသတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ပေးပြီး မယားမာန်နယ်မြေမီးသတ်စခန်းအား စခန်းအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ချထားပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာတွင် နယ်မြေခံမီးသတ်စခန်းတစ်ခုကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားသည်။

ထို့နောက်ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌဦးတင်ထွေးက နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး／ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင် အမှတ် (I-20) အပေါ်ထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။

သတင်းစဉ်

အစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေက အမှာစကားပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့ သည့် မေးခွန်းများအနက် အတည်ပြုခဲ့သည့် အဆို၊ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအား ကော်မတီအဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးကျော်နီနိုင်၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

## ငလျင်အန္တရာယ်ကြုံတွေ့နေရချိန်တွင် အရေးပေါ်ဆောင်ရွက်ရမည့် စံလုပ်ငန်းအစီအစဉ်များနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တို့ကို ရေးဆွဲဆောင်ရွက်ထားရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ မြန်မာနိုင်ငံအတွင်း၌ မြေငလျင်များ မကြာခဏလှုပ်ခတ်လာပါသဖြင့် ငလျင်ဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့် အန္တရာယ်ကျရောက်လာပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် မည်ကဲ့သို့စနစ်တကျ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာနိုင်ငံတွင် မြေငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးစီးသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ ရယူဆောင်ရွက်နိုင်ရန် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး အကြံဉာဏ်များ ရယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကိုလည်း နိုင်ငံတော်၏ ထည့်ဝင်ငွေနှင့် လှူဒါန်းမှုများမှ ရရှိငွေများဖြင့် ထူထောင်ထားရှိ စီမံခန့်ခွဲလျက်ရှိပါကြောင်း။

### ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့ချပေးနိုင်မည့် အစီအမံများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ

မိမိတို့ဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်ကို ဆောင်ရွက်ထားပြီး ငလျင်အန္တရာယ်ကြုံတွေ့နေရချိန်တွင် အရေးပေါ်ဆောင်ရွက်ရမည့် စံလုပ်ငန်းအစီအစဉ်များနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်တို့ကို ရေးဆွဲဆောင်ရွက်ထားရှိပါကြောင်း၊ ငလျင်ဘေးအန္တရာယ်ကြောင့် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးဆောင်၍ ဂျပန်နိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းတို့၏ ပံ့ပိုးကူညီမှုဖြင့် ပုဂံဒေသတွင် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချပေးနိုင်မည့် အစီအမံများကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ပြည်သူလူထုအသိပညာပေးအစီအစဉ်များအနေဖြင့် စာသင်ကျောင်း၊ ကျေးရွာ၊ မြို့ပြများတွင် လိုက်နာဆောင်ရွက်ရန် ရုပ်သံဇာတ်လမ်းတို (၄)မျိုးနှင့် ပြည်သူလူထုလိုက်နာဆောင်ရွက်ရန် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် အခါအားလျော်စွာ ပညာပေးဆောင်ရွက်ခြင်း၊ ငလျင်နှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ၊ လက်စွဲစာအုပ်များ၊ ရုပ်ပြစာအုပ်များ ထုတ်လုပ်ဖြန့်ဝေခြင်း၊ မြေငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်း အဆင့်ဆင့်စာအုပ်တို့အား စာကြည့်တိုက်များတွင် ဖြန့်ဝေထားရှိခြင်း၊ ငလျင်ဘေးအပါအဝင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆိုင်းဘုတ်များ စိုက်ထူခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝဘေးအန္တရာယ် မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်များတွင် တပ်စု ၃၃၃ စု၊ တပ်ခွဲ ၁၇ ခွဲ၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် စုစုပေါင်း ၃၆၂၇ ဦးတို့အား စုဖွဲ့၍ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များ လေ့ကျင့်သင်ကြားပေးပြီး အသင့်စုဖွဲ့ပြင်ဆင်ထားရှိသည့်အပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ရှာဖွေကယ်ဆယ်ရေး အထူးတပ်ခွဲ(၁)ခွဲစီ၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၄၈ ဦးအား ထပ်မံစုဖွဲ့ထားရှိပြီး လိုအပ်သည့် လူနာတင်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များနှင့် ထောက်အကူပြုယာဉ်များကို ခွဲဝေစုဖွဲ့ထားရှိပြီးဖြစ်ပါကြောင်း။

### ဇာတ်တိုက်လေ့ကျင့်မှုများကို ဆက်စပ်ဌာနများ/ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အနေဖြင့် ငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အမိန့်စောင့်ဆိုင်းစရာ မလိုအပ်ဘဲ အနီးစပ်ဆုံးတပ်များမှ ရှာဖွေကယ်ဆယ်ရေးအပါအဝင် လိုအပ်သည့် ကူညီမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြေငလျင်တိုင်းတာရေးစက်များကို မြန်မာတစ်နိုင်ငံလုံးတွင် တပ်ဆင်ထားရှိပြီး ၂၄ နာရီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဆေးရုံကြီးများတွင် ဆောင်ရွက်ထားရှိသည့် အစုလိုက်ထိခိုက်ဒဏ်ရာရမှုများအတွက် စီမံခန့်ခွဲမှု



ဒုတိယဝန်ကြီး ဦးစိုးအောင်



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

စီမံချက်တွင်လည်း မည်သို့အရေးပေါ်တုံ့ပြန်ဆောင်ရွက်မည်ကို ပြုစုထုတ်ပြန်ထားပြီး ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ဆက်စပ်ဌာနများ/ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများ တည်ဆောက်ရန်အတွက် လမ်းညွှန်ချက်ထုတ်ပြန်ထားပြီး အဆိုပါလမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆည်၊ တာတမံများ ဒီဇိုင်းတွက်ချက်ရာတွင် ငလျင်အန္တရာယ်ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့ပါးစေရေးအတွက် Safety Factor များ ထည့်သွင်းတွက်ချက်ခြင်း၊ ငလျင်လှုပ်ခတ်ပြီးသည့်အချိန်တွင်လည်း အနီးပတ်ဝန်းကျင်ရှိ ဆည်၊ တာတမံများသို့ သွားရောက်၍ ထိခိုက်မှုရှိ/ မရှိကို မျက်မြင်စစ်ဆေးခြင်း၊ ဘူမိရူပဗေဒနည်းပညာသုံး၍ စစ်ဆေးခြင်းများ ပြုလုပ်ပြီး လိုအပ်သည့်ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီနှင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းတို့ ပူးပေါင်းပြီး ပြည်သူပိုင်အဆောက်အဦများကို ငလျင်ဒဏ်ခံနိုင်ရည်ရှိစေရန် ပြင်ဆင်မွမ်းမံသည့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ငလျင်ဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့် အန္တရာယ်ကျရောက်လာပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စီမံချက်များရေးဆွဲကာ ပြည်သူလူထုကိုယ်တိုင်ပါဝင်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### မုက္ခမူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်နေသော ကျောင်းဆောင်သစ်တစ်ဆောင်အတွက် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးမည်

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုက္ခမူကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်နေသည့် ပေ(၃၀ x ၉၀) သိပ္ပံဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မုက္ခမူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၉၀ x ၃၀) Steel Structure တစ်ထပ်ဆောင် တစ်ဆောင်အသစ်ဆောက်လုပ်ပေးရန်အတွက် လိုအပ်သောရန်ပုံငွေကို လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေအောက်တွင် လျာထားပေးမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် တောင်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တောင်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၀၀ x၃၀) RCC နှစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန် လိုအပ်သည့်ရန်ပုံငွေကို လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေခေါင်းစဉ်အောက်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက အသစ်ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ဆရာဖြစ်သင်တန်းများ လက်ခံသည့်နေရာတွင် ကျောင်းဆရာအချိုးရရှိစေရန် တိုးချဲ့လက်ခံဆောင်ရွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အခြေခံပညာနှင့် အထက်တန်းပညာသင်ကြားရေးတို့တွင် ကျောင်းဆရာနှင့် ဆရာမအချိုး လွန်စွာကွာဟနေခြင်းအား မည်သို့စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာဖြစ်သင်တန်းများ လက်ခံသည့်နေရာတွင် ကျောင်းဆရာအချိုးရရှိစေရန် တိုးချဲ့လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်များမှ B.Ed (တိုက်ရိုက် + ပေါင်းကူး) သင်တန်းဆင်း၊ PGDMA သင်တန်းဆင်း၊ ပညာရေးကောလိပ်များမှ D.T.Ed သင်တန်းဆင်း၊ PPTT သင်တန်းဆင်း စုစုပေါင်းကျောင်းဆရာ ၄၁၈၉ ဦး၊ ကျောင်းဆရာမ ၉၇၅၃ ဦး စုစုပေါင်း ၁၃၉၄၂ ဦးတို့ကို လစ်လပ်နေရာများတွင် ခန့်ထားပြီးဖြစ်ပါကြောင်း၊ ယင်းသို့ခန့်ထားပေးရာတွင် စုစုပေါင်းကျောင်းဆရာ၊ ဆရာမများအနက် ကျောင်းဆရာ ၄၁၈၉ ဦးနှင့် ကျောင်းဆရာမ ၉၇၅၃ ဦး ဖြစ်သည့်အတွက် စုစုပေါင်း ဆရာနှင့် ဆရာမအချိုး (တစ်အချိုးနှစ်) ခန့်အထိ ရောက်အောင် ဆောင်ရွက်နေပြီးဖြစ်ပါကြောင်းနှင့် ဆက်လက်၍လည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား

အလားတူ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ သထုံမြို့ သိမ်ကုန်းရပ် ဦးဖြူအခြေခံပညာမူလတန်းကျောင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအား ဖျက်သိမ်း၍ ပေ(၉၀x၃၀) ကျောင်းဆောင်သစ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် စစ်ပြားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကံမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား ပေ (၁၃၀x ၃၀) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ ဓာတ်ပုံ - စိုးဝင်းထွန်း**

❀ *ကျောဖုံးမှ*

NCA – S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် "ဒီနှစ်ရက်တာအစည်းအဝေးမှာ အပြုသဘောဆောင်တဲ့ အားလုံးကြားသိလိုတဲ့ ရလဒ်ကောင်းတွေကို ရရှိတာဖြစ်ပါတယ်။ ပူးတွဲအလုပ်အဖွဲ့ငယ် ဖွဲ့စည်းပြီး နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေရဲ့ အဆိုပြုချက်တွေကို တူညီတဲ့အချက်တွေ၊ မတူညီသေးတဲ့အချက်တွေ၊ နီးစပ်နေတဲ့အချက်တွေအဖြစ် နှိုင်းယှဉ်ပြခြင်းဖြင့် Single Text သဘောမျိုးဆန်ဆန် ဆောင်ရွက်နိုင်ခဲ့လို့ နှစ်ဖက်ဆွေးနွေးညှိနှိုင်းတဲ့နေရာမှာ များစွာအထောက်အကူပြုခဲ့ပါတယ်။ အပြန်အလှန် အသေးစိတ်ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို သတ်မှတ်ထားတဲ့အချိန်ကာလအတွင်း ကျင်းပပြုလုပ်နိုင်ရေး ဦးတည်တဲ့ ရှေ့လုပ်ငန်းစဉ်တွေကို သဘောတူချမှတ်နိုင်တယ်။

**JICM အစည်းအဝေးများ စဉ်ဆက်မပြတ် ကျင်းပ သဘောတူညီမှုတွေရရှိ**

ပြီးခဲ့တဲ့ (၈)ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း အချိန်ဇယား Timeline နဲ့ ပတ်သက်လို့ အစည်းအဝေးကျင်းပရေးဆိုင်ရာ အစီအစဉ်တွေကို အစည်းအဝေးတစ်ခုစီအလိုက် အသေးစိတ်ညှိနှိုင်းနိုင်ခဲ့တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများအစည်းအဝေး၊ UPDJC အစည်းအဝေး၊ လုပ်ငန်းကော်မတီအစည်းအဝေး၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အစည်းအဝေး၊ JICM အစည်းအဝေးများကို စဉ်ဆက်မပြတ်ကျင်းပသွားဖို့ ဒီအစည်းအဝေးမှာ သဘောတူညီမှုတွေ ရရှိခဲ့ပါတယ်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနဲ့ Public Consultation ကျင်းပနိုင်ရေးအတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေကို ဆောင်ရွက်ဖို့ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီး မကြာမီကျင်းပမယ့် UPDJC အစည်းအဝေးမှာ အတည်ပြုပေးဖို့ဖြစ်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပဖို့ လမ်းပွင့်သွားပြီလို့ ဆိုနိုင်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် NCA စာချုပ်လက်မှတ်မရေးထိုးရသေးတဲ့ EAO ညီနောင်များပါဝင်လာရေး အခင်းအကျင်းတွေကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့တယ်" ဟု ပြောကြားခဲ့သည်။



ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ နှင့် NCA – S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က JICM အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများကို မီဒီယာများအား ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ– ဖိုးထောင်

**ဒီမိုကရေစီနဲ့ ဖက်ဒရယ်အချက်တွေကို အတည်ပြုနိုင်မယ် ယုံကြည်**

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် "ကျွန်တော်တို့အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များရဲ့ နှစ်ဖက်အလုပ်အဖွဲ့ အစည်းအဝေးကို သုံးရက်ဆွေးနွေးခဲ့ပါတယ်။ ဒီနှစ်ရက်မှာလည်း NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက်အတွက် အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ နှစ်ဖက်စုစည်းချက်တွေအပေါ်မှာ နှစ်ဖက်အလုပ်အဖွဲ့တွေ သဘောတူညီတဲ့ Singel Text သဘောတူညီမှု ရရှိခဲ့ပါတယ်။ သဘောတူညီမှု မရှိသေးဘဲ ကျန်ရှိတဲ့ အချက်တွေကိုလည်း ကျွန်တော်တို့ ဆက်ပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနဲ့၊ အဆင့်လိုက် အကောင်အထည်ဖော်မှု အဆင့် (၃) ဆင့်ကိုလည်း ကျွန်တော်တို့ သဘောတူညီမှုရတယ်။ ကျွန်တော်တို့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာ အချက်တွေကို လာမယ့်အစည်းအဝေးတွေမှာ အတည်ပြုနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

ယနေ့ ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA – S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊ စောမြရာဇာလင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူးဆေး၊ စောကျော်ညွှန့်၊ ဆော်လမွန်၊ နိုင်အောင်မငေး၊ ခွန်မြင့်ထွန်း၊ ဒေါက်တာစိုင်းဦးတို့ တက်ရောက်ကြသည်။

**မီဒီယာများ၏ မေးမြန်းမှုများ ပြန်လည်ဖြေကြား**

အစည်းအဝေးအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ နှင့် NCA – S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က နှစ်ရက်တာကျင်းပခဲ့သည့် JICM အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

**သဘောတူညီချက်(၁) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ခိုင်မာစေရေးကို ဆွေးနွေး**

ဖေဖော်ဝါရီ ၁၆၊ ၁၇၊ ၁၈ ရက် သုံးရက်တာကျင်းပခဲ့သည့် အစည်းအဝေးရလဒ်နှင့် ပတ်သက်၍ ဦးလှမောင်ရွှေက "ကျွန်တော်တို့ အစိုးရကိုယ်စားလှယ်တွေဘက်က အဖွဲ့တစ်ခု တည်းထားပြီး ၁၆၊ ၁၇၊ ၁၈ သုံးရက်တာ ဆွေးနွေးခဲ့တာရှိတယ်။ ၁၆ ရက်နေ့ ပထမနေ့မှာတော့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဘက်က စုဖွဲ့ပေးထားတဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ခိုင်မာရေး ညှိနှိုင်းအဖွဲ့နဲ့ ဆွေးနွေးခဲ့တာရှိတယ်။ JICM အစည်းအဝေး ဆုံးဖြတ်ချက် (၈) ချက်ထဲက သဘောတူညီချက် (၁) ဖြစ်တဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးကို ဆွေးနွေးခဲ့တာရှိတယ်။ နှစ်ဖက်မှာ ညှိနှိုင်းထားတာက လာမယ့် မတ်လ ၁၀၊ ၁၁၊ ၁၂ မှာ JMC အစည်းအဝေးတွေ ပြန်စဖို့ပါပဲ။ အားလုံးသိတဲ့အတိုင်း ဆိုင်းငံ့ထားတဲ့ JMC အစည်းအဝေးကို လာမယ့် မတ်လ ၁၀၊ ၁၁၊ ၁၂ မှာ ပြန်စနိုင်ဖို့ အစိုးရဘက်က အဆိုပြုတယ်။ ဒီအတိုင်းပဲ ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။

မနေ့ကနဲ့ ဒီနေ့ကတော့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့က စုဖွဲ့ပေးထားတဲ့ ညှိနှိုင်းရေးအဖွဲ့နဲ့ အစိုးရကိုယ်စားလှယ်အဖွဲ့တွေ ထပ်ပြီး ဆွေးနွေးပါတယ်။ JICM အစည်းအဝေး ဆုံးဖြတ်ချက် နှစ်ကနေ ရှစ်အထိ ခုနစ်ချက်ကို ဆွေးနွေးခဲ့တယ်။ ဒီနေ့ ညှိနှိုင်းလို့ရတာကတော့ လာမယ့် မတ်လ ၅၊ ၆၊ ၇ ရက်မှာ အလုပ်အဖွဲ့ဆွေးနွေးပွဲကို ရန်ကုန်မြို့မှာ ပြန်လည်ကျင်းပဖို့နဲ့ မတ်လ ၁၀ ရက်နေ့မှာတော့ UPDJC အတွင်းရေးမှူးအစည်းအဝေးကို ကျွန်တော်တို့ နေပြည်တော်မှာကျင်းပဖို့နဲ့ မတ်လ ၁၂ ရက်နေ့မှာ UPDJC အစည်းအဝေးကို ကျင်းပဖို့ဆိုပြီး နှစ်ဖက်သဘောတူထားတယ်" ဟုပြောသည်။

**ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ပြင်ဆင်မှုတွေ ဆွေးနွေး**

ဖေဖော်ဝါရီ ၁၇ နှင့် ၁၈ ရက်များတွင် ကျင်းပခဲ့သည့် နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးနှင့် ပတ်သက်၍ NCA – S EAO ကိုယ်စားလှယ် နိုင်အောင်မငေးက " နှစ်ရက်တာအစည်းအဝေးရလဒ်က အတော်လေး ကောင်းမွန်တယ်။ အစည်းအဝေးရလဒ်က NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်မှာ အစိုးရဘက်က အဆိုနဲ့ ကျွန်တော်တို့ဘက်က အဆိုကို ဘုံသဘောထားတူညီချက်တွေ ပြန်စုစည်းကြတယ်။ အဲဒီမှာ (၈) ချက်ကို ဘုံသဘောတူ စုစည်းချက်အဖြစ်ရရှိကာ ကျန်တဲ့ (၁၂) ချက်ကတော့ ဆက်လက်ဆွေးနွေးရန် ဆိုပြီး ရရှိပါတယ်။ ရရှိထားတဲ့ အဆိုပြုချက်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းခေါင်းဆောင်များထံ တင်ပြပြီးတော့ နောက်ထပ်တွေ့ဆုံမယ့် ၅၊ ၆၊ ၇ ရက်တွေမှာ ဆက်လက်အတည်ပြုဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၂၀၂၀ အလွန် ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့ ပြင်ဆင်မှုတွေ ဆွေးနွေးခဲ့ပါတယ်။ အစိုးရဘက်က အဆိုပြုချက်ကို ကျွန်တော်တို့ ယူသွားပါတယ်။ ကျွန်တော်တို့ရဲ့ အဆိုပြုချက်ကိုလည်း အစိုးရအဖွဲ့ကို ပေးပါတယ်။ ဒါကိုလည်း လာမယ့်အစည်းအဝေးမှာ ဆက်ပြီးတော့ ဘုံသဘောထားတူညီချက်အဖြစ် ဆက်ပြီးပြင်ဆင်ဆွေးနွေးဖို့ သဘောထား ရရှိခဲ့ပါတယ်" ဟု ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ကျင်းပနိုင်ရန် အစိုးရနှင့် NCA – S EAO နှစ်ဖက်အလုပ်အဖွဲ့များ၏ တတိယအကြိမ် နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို မတ်လ ၅၊ ၆၊ ၇ ရက်နေ့များတွင် ရန်ကုန်မြို့ NRPC ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **ရဲခေါင်ညွှန့်**

# အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် မူးယစ်ဆေးဝါးနှင့် ပရီကာဆာစုံစမ်းထောက်လှမ်းရေး ကျွမ်းကျင်သူများအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အာဆီယံနိုင်ငံများ၏ မူးယစ်ဆေးဝါးနှင့် ပရီကာဆာစုံစမ်းထောက်လှမ်းရေးကျွမ်းကျင်သူများ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ Mercure Hotel ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ Precursor Programme Manager, Mr. Reiner Pungs တို့က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဖက် ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ UNODC ၊ DEA ၊ AFP တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**လုပ်ငန်းအစီအစဉ်များချမှတ်နိုင်ရေး**

ဆက်လက်၍ အစည်းအဝေးကို ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) Precursor Programme Manager, Mr. Reiner Pungs ဦးဆောင်သော ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများ၊ မိတ်ဖက် ကနေဒါ၊ သြစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်များက ဓာတုပစ္စည်းများ လမ်းလွဲရောက်ရှိအသုံးချမှု၊ တရားမဝင်ထုတ်လုပ်မှုနှင့် တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ တရားမဝင်ထုတ်လုပ်/ သယ်ဆောင်/ ရောင်းဝယ်နေမှုများတွင် ဂိုဏ်းဖွဲ့ကျူးလွန်သူများနှင့် ၎င်းတို့၏ လုပ်နည်း လုပ်ဟန်များနှင့် သက်ဆိုင်သည့် နောက်ဆုံးအခြေအနေများကို သုံးသပ်ဆွေးနွေးကြပြီး UNODC မှ နိုင်ငံအလိုက် ဆွေးနွေး တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးခြင်းနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ မူးယစ်ဆေးဝါးနှင့် ပရီကာဆာများ ပူးပေါင်းတိုက်ဖျက်နိုင်ရေးအတွက် ထိရောက်သောလုပ်ငန်းအစီအစဉ်များ ချမှတ်နိုင်ရေး ပထမနေ့တွင် ဆွေးနွေးကြသည်။




**ဖေဖော်ဝါရီ ၂၀ ရက်အထိကျင်းပမည်**

ယင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး၊ သက်တမ်းစေ့ အသက်ရှည်နေထိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး၊ မြန်မာ့ယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် -*

*(စာတည်းအဖွဲ့)*

# ကူးစက်နိုင်တဲ့ ရောဂါတွေကို အတိုင်းအတာတစ်ခုအထိ တားဆီးနိုင်ပေမယ့် မကူးစက်နိုင်တဲ့ရောဂါတွေက ကိန်းဂဏန်းတစ်ခုအထိ မြင့်တက်လာနေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့ မကူးစက်နိုင်တဲ့ရောဂါတွေနဲ့ ပတ်သက်ပြီး လေ့လာနေပါတယ်။

ဒေါက်တာ ဇော်လင်းထွဋ် (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)

*ရှင်မင်း၊ ဓာတ်ပုံ-ကေကေ*

## အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ ဆောင်ရွက်ချက်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၂၇)၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ (၁၀၆) ၊ (၁၀၇) နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီကို အမိန့်ကြေညာစာအမှတ် ၈/၂၀၁၆ အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ကော်မတီအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး၊ သက်တမ်းစေ့ အသက်ရှည်နေထိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး၊ မြန်မာ့ယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အဆိုပါကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**ဒေါက်တာ ဇော်လင်းထွဋ်**
**ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ (မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့ ကော်မတီရဲ့ အဓိကတာဝန်က ပြည်သူတွေရဲ့ ကျန်းမာရေး အဆင့်အတန်းမြင့်မားဖို့အတွက် အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ပြည်သူတွေအတွက် အကျိုးရှိစေမယ့် ဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့အတွက်လည်း ဆောင်ရွက်ပေးရပါတယ်။ ကျွန်တော်တို့အနေနဲ့ လွှတ်တော်က ပေးအပ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ် လုပ်ငန်းတာဝန်က သုံးရပ်ရှိပါတယ်။ ဥပဒေပြုရေးကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အဓိကလုပ်ငန်းတာဝန် ဖြစ်ပါတယ်။ နံပါတ်နှစ်က အစိုးရနဲ့ ပေါင်းစပ်ပြီး Check and Balance လုပ်ရတာပါ။ နံပါတ်သုံးကတော့ မဲဆန္ဒနယ်တွေကို ကိုယ်စားပြုတာပါ။ ဒါတွေကလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ တာဝန်တွေပါပဲ။ လွှတ်တော်ကျင်းပပြီးလို့ သက်ဆိုင်ရာ မဲဆန္ဒနယ်ကို ပြန်တဲ့အခါမှာ ကျွန်တော်တို့ဟာ ကော်မတီရဲ့ တာဝန်တွေကိုလည်း ထမ်းဆောင်ရပါတယ်။



ဒေါက်တာ ဇော်လင်းထွဋ် (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)



ဒေါက်တာစန်းမောင်မောင် (အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)

သက်ဆိုင်ရာ မဲဆန္ဒနယ်ရောက်တဲ့အခါ သက်ဆိုင်ရာ မဲဆန္ဒနယ်က ဆေးရုံတွေ၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွေကို သွားရောက်လေ့လာပြီး လွှတ်တော် ကျင်းပချိန်မှာ ဆွေးနွေးရပါတယ်။ ပြီးရင် သက်ဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပေါင်းစပ်ရပါတယ်။ ဒီလုပ်ငန်းတွေအပြင် ပြည်သူတွေဆီက ပေးပို့လာတဲ့ တိုင်ကြားစာတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးရတာ ရှိပါတယ်။ ဒီလိုဆောင်ရွက်ရင်းနဲ့ ဥပဒေပြုရေး အပိုင်းကိုလည်း ထမ်းဆောင်ရပါတယ်။

ခုလောလောဆယ်မှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဥပဒေနှစ်ခု ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေတာရှိပါတယ်။ ကြက်ခြေနီ တံဆိပ် အမှတ်အသားဆိုင်ရာ ဥပဒေနဲ့ ကျန်းမာရေးမှူးကောင်စီဥပဒေကို ရေးဆွဲနေပါတယ်။ လွှတ်တော်ပြန်ကျင်းပတဲ့အချိန်မှာလည်း ဆေးကောင်စီဥပဒေကို တင်သွင်းသွားဖို့ရှိပါတယ်။

ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး ဆွေးနွေးပြောပြချင်တာလည်း ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ကူးစက်နိုင်တဲ့ ရောဂါ နှစ်ခုရှိပါတယ်။ တီဘီ၊ ငှက်ဖျား၊ ဒီလို ရောဂါတွေက ကူးစက်နိုင်တယ်။ မကူးစက်နိုင်တဲ့ ရောဂါတွေလည်း ရှိတယ်။ ဒါတွေကတော့ အနေအထိုင်၊ အပြုအမူနဲ့ အမူအကျင့် ဒါတွေနဲ့ ဆိုင်ပါတယ်။ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါတွေပါ။

ကူးစက်နိုင်တဲ့ ရောဂါတွေကို အတိုင်းအတာတစ်ခုအထိ တားဆီးနိုင်ပေမယ့် မကူးစက်နိုင်တဲ့ ရောဂါတွေက ကိန်းဂဏန်းတစ်ခုအထိ မြင့်တက်လာနေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့ မကူးစက်နိုင်တဲ့ရောဂါတွေနဲ့ ပတ်သက်ပြီး လေ့လာနေပါတယ်။

အဓိကတော့ ကင်ဆာနဲ့ ပတ်သက်တာပါ။ ကင်ဆာက ကျွန်တော်တို့ နိုင်ငံမှာ ရှေ့ကို တဖြည်းဖြည်းရောက်လာတယ်။ ဒါကြောင့် ကင်ဆာအပါအဝင် မကူးစက်နိုင်တဲ့ ရောဂါတွေအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပေါင်းပြီး လေ့လာဆန်းစစ်မှု လုပ်နေပါတယ်။

နောက်တစ်ခုက ဘတ်ဂျက်နဲ့ ပတ်သက်တာပါ။ ကျန်းမာရေး၊ အားကစားနဲ့ ပတ်သက်တဲ့ ဘတ်ဂျက်ဟာ ပြည်ထောင်စုတစ်ခုလုံးရဲ့ ၃ ဒသမ ၆ ရာခိုင်နှုန်းပဲ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ သုံးစွဲခဲ့တာပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ နီးနွယ်ဌာန ၇ ခုရှိပါတယ်။ အဲဒီ ၇ ခုမှာ ကုသရေးဦးစီးဌာနက ကျန်းမာရေးနဲ့ အားကစားဘတ်ဂျက် တစ်ခုလုံးရဲ့ ၅၈ ဒသမ ၇ နဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ၃၈ ရာခိုင်နှုန်းလောက် သုံးစွဲရတယ်။ အားကစားက ၂ ရာခိုင်နှုန်းလောက်ပဲ သုံးစွဲရတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ကုသရေးမှာပဲ အများကြီးသုံးစွဲနေရတယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုတာ အားနည်းတယ်။ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသား ကျန်းမာရေးအာမခံစနစ်တစ်ခု လိုအပ်နေတယ်။ ဒါကြောင့် အမျိုးသား ကျန်းမာရေး အာမခံဥပဒေကို ရေးဆွဲနိုင်အောင် ကြိုးစားနေတယ်။

ကျန်းမာရေးနဲ့ ပတ်သက်တဲ့ စားစရိတ်တွေကို ပြည်သူတွေက ကျခံသုံးစွဲနေရတယ်။ ကျန်းမာရေးအတွက် မိမိငွေကို သုံးစွဲရတာ ၈၅ ရာခိုင်နှုန်းရှိတယ်။ ဆေးရုံ၊ ဆေးခန်းတွေက ဆေးပေးတာတော့ ရှိတယ်။ ဒါပေမယ့် လုံလောက်မှု မရှိဘူး။ ဒါတွေကို ဖြေရှင်းဖို့အတွက်လည်း ကြိုးစားနေပါတယ်။

ပြီးတော့ ပြည်သူတွေက ကျွန်တော်တို့ ကော်မတီကို ဖြေရှင်းဆောင်ရွက်ပေးဖို့ ပေးပို့တဲ့စာတွေလည်း ရှိပါတယ်။ ဥပမာဆိုရင် မြို့နယ်ဆေးရုံတွေမှာ မြွေဆိပ်ဖြေဆေး မလုံလောက်တာတို့၊ ခွေးရူးရောဂါနဲ့ ပတ်သက်ပြီး ဆေးမလုံလောက်တာတို့ ဒါတွေနဲ့ ပတ်သက်ပြီး တိုင်ကြားစာတွေရှိတယ်။ လူသားအရင်းအမြစ်နဲ့ ပတ်သက်တာတွေလည်း ရှိတယ်။ ကျွန်တော်တို့ နိုင်ငံမှာက လူသားအရင်းအမြစ် မလုံလောက်သေးတဲ့အတွက် အခြေခံကျန်းမာရေးဝန်ထမ်းနဲ့ ပြည်သူလူထုရဲ့ လိုအပ်ချက်နဲ့ Burden ဖြစ်နေတယ်။ ဒီအပေါ်မှာ နားလည်မှု လွဲမှားတာတွေရှိတယ်။ တကယ်တမ်းကျတော့ ဒါတွေက ကျန်းမာရေးစနစ်ကြောင့်ပါ။ ဒီလိုတိုင်ကြားပေးပို့လာတဲ့အပေါ်မှာ သက်ဆိုင်ရာ Stakeholder တွေနဲ့ ပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပေးပါတယ်။ *စာမျက်နှာ ၁၁ သို့*

- **ကျွန်တော်တို့နိုင်ငံမှာ အမျိုးသား ကျန်းမာရေး အာမခံစနစ်တစ်ခု လိုအပ်နေတယ်။ ဒါကြောင့် အမျိုးသားကျန်းမာရေး အာမခံဥပဒေကို ရေးဆွဲနိုင်အောင် ကြိုးစားနေတယ်။**
- **ကျန်းမာရေးနဲ့ ပတ်သက်တဲ့ စားစရိတ်တွေကို ပြည်သူတွေက ကျခံသုံးစွဲနေရတယ်။ ကျန်းမာရေးအတွက် မိမိငွေကိုသုံးစွဲရတာ ၈၅ ရာခိုင်နှုန်း ရှိတယ်။ ဆေးရုံ၊ ဆေးခန်းတွေက ဆေးပေးတာတော့ ရှိတယ်။ ဒါပေမယ့် လုံလောက်မှု မရှိဘူး။ ဒါတွေကို ဖြေရှင်းဖို့အတွက်လည်း ကြိုးစားနေပါတယ်။**



အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# နိုင်ငံတော်နှင့်ပြည်သူ့အကျိုးရှေး၍ လွှတ်တော်များ၏ဖော်ဆောင်မှု





အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

*စာမျက်နှာ ၁၀ မှ*

ကျွန်တော်တို့ ကော်မတီနဲ့ Westminster Foundation for Democracy ( WFD) နဲ့ ပူးပေါင်းပြီး ကင်ဆာနဲ့ ပတ်သက်လို့ ဆောင်ရွက်နေတာလည်း ရှိပါတယ်။ အရင်တုန်းက ကျွန်တော်တို့ နိုင်ငံမှာ ကင်ဆာနဲ့ ပတ်သက်ပြီး စာရင်းဇယားမရှိပါဘူး။ ကင်ဆာကုသဆောင်ဆိုပြီး သီးခြားမရှိဘူး။ ဒါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံတွေက ကင်ဆာရောဂါခံစားနေရသူ တွေနဲ့ တွေ့ဆုံဆွေးနွေးပါတယ်။ ဘာတွေ လိုအပ်သလဲ မေးမြန်းပါတယ်။ မြန်မာနိုင်ငံမှာ ကင်ဆာကုသဆောင်ရှိတာ ငါးနေရာပဲ ရှိပါတယ်။ ရန်ကုန်ဆေးရုံကြီး၊ မြောက်ဥက္ကလာဆေးရုံ၊ မန္တလေးဆေးရုံ၊ နေပြည်တော်ဆေးရုံနဲ့ တောင်ကြီးဆေးရုံတို့ ဖြစ်ပါတယ်။ ဒီနေရာတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ ဒီလို လေ့လာမှုတွေက ရလာတဲ့ ရလဒ်တွေ ထွက်လာမှာပါ။ အခုလောလောဆယ်တော့ သုတေသနပြုနေပါတယ်။

ပြီးတော့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကော်မတီအနေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးစရိတ် စိုက်ထုတ်မှု လျော့ကျအောင်၊ အမျိုးသားကျန်းမာရေး အာမခံစနစ် ပေါ်ပေါက်အောင် ကြိုးစားနေပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ မဲဆန္ဒရှင်တွေကို ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကိုလည်း အသိပညာပေးဖြန့်ဝေရပါတယ်။

အားကစားကဏ္ဍနဲ့ ပတ်သက်တာလည်း ရှိပါတယ်။ (၁၅) ကြိမ်မြောက် လွှတ်တော်အစည်းအဝေးအတွင်းမှာ မေးခွန်းမေးမြန်းခဲ့တာလည်း ရှိပါတယ်။ ဒါက အောင်ဆန်းအားကစားကွင်းနဲ့ ပတ်သက်တာပါ။ အောင်ဆန်းအားကစားကွင်းကြီးဟာ ၁၉၆၄ ခုနှစ် မတိုင်မီက အရှေ့တောင်အာရှမှာ အကြီးမားဆုံး အားကစားကွင်းကြီးဖြစ်ခဲ့တယ်။ အဲဒီအောင်ဆန်းအားကစားကွင်းကနေ ကမ္ဘာ့အဆင့်မီ မြန်မာ့ဘောလုံးအားကစားသမားတွေကို မွေးဖွားပေးခဲ့တယ်။ အဲဒီခေတ်က ဗဟာဒူး၊ တင်အောင်တို့ဟာ အာရှလက်ရွေးစင်အထိ ဖြစ်ခဲ့တယ်။ အဲဒီခေတ်က မြန်မာ့ဘောလုံးအသင်းကို အခုလက်ရှိ ဂျပန်တို့၊ တောင်ကိုရီးယားတို့ဟာ မယှဉ်နိုင်ခဲ့ဘူး။ မြန်မာဘောလုံးအသင်းကို အတုယူရတယ်။ ၁၉၇၂ ခုနှစ်မှာလည်း ဂျာမနီနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့အဆင့်ပွဲမှာလည်း မြန်မာအသင်းဟာ အသန့်ရှင်းဆုံးဆုကို ရခဲ့တယ်။ အဲဒီဟာတွေရဲ့ မဟာအောင်မြေက အောင်ဆန်းကွင်းကြီးဖြစ်တယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အောင်ဆန်းအားကစားကွင်းကို ပြုပြင်ထိန်းသိမ်းမှုတွေ လျော့နည်းလာတယ်။ ကွင်းရဲ့ပတ်ပတ်လည်မှာလည်း ဆိုင်ခန်းတွေ ဆောက်လာတယ်။ ဆိုင်ခန်းပေါင်း ၃၂၀ ခန်းရှိတယ်။ ဆိုင်ခန်းငှားခက တစ်လကို ငွေကျပ်တစ်သောင်းပဲရပြီး ဘတ်ဂျက်ထဲကို ဝင်တယ်။ အားကစားကွင်းရဲ့ အရှိန်အဝါက မှေးမှိန်သွားတယ်။ ဒါကြောင့် မေးခွန်းမေးမြန်းခဲ့တယ်။ သွားရောက်လေ့လာခဲ့တဲ့အခါ အားကစားကွင်းက အသစ်ပြန်လည်တည်ဆောက်ရမယ့် အခြေအနေဖြစ်နေတယ်။ ၇၀ ရာခိုင်နှုန်းလောက် ပျက်စီးနေပြီ။ ဒါကြောင့် ပြန်လည်ပြင်ဆင်ဖို့ လုပ်နေပါပြီ။

အားကစားနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ အားကစားအဖွဲ့ချုပ်ပေါင်း ၄၀ လောက်ရှိတယ်။ အရင်က အားကစားအဖွဲ့ချုပ်တွေက ရယူလိုမှုတွေ ရှိခဲ့တာတွေရှိတယ်၊ ဥက္ကဋ္ဌ လုပ်ကွက်အတွက် အစိုးရနဲ့ အပေးအယူလုပ်တာတွေရှိခဲ့တယ်။ အခုလက်ရှိ အစိုးရလက်ထက်မှာတော့ အားကစားနည်းတွေကို တိုးတက်အောင် လုပ်ချင်တဲ့၊ တကယ်ဝါသနာပါတဲ့ သူတွေက အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လာတဲ့အတွက် အားကစားကဏ္ဍ အနည်း ငယ်တော့ ဦးမော့လာပါတယ်။

**ဒေါက်တာစန်းမောင်မောင်**
**အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှု ဆိုင်ရာ ကော်မတီ၊**
**(ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့ ကော်မတီအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားဖို့၊ သက်တမ်းစေ့ အသက်ရှည်နေထိုင်ဖို့၊ ရောဂါဘယကင်းရှင်းစေဖို့ အတွက် ဆောင်ရွက်နေပါတယ်။ ပြီးတော့ ပြည်သူလူထုရဲ့ တိုင်ကြားစာတွေ၊ အသနားခံစာတွေနဲ့ တင်ပြချက်တွေကို ကြားနာစိစစ်ပြီး ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။

ပြီးတော့ မြန်မာ့ယဉ်ကျေးမှုနဲ့ အမွေအနှစ်တွေ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနဲ့ လူငယ်ထုအတွင်းမှာ စာရိတ္တဖွံ့ဖြိုးရေးကိစ္စတွေကို အလေးပေးဆောင်ရွက်နေပါတယ်။ အားကစားကဏ္ဍနဲ့ ပတ်သက်ပြီး တိုင်းပြည်က အားထားရတဲ့ လက်ရွေးစင် အားကစားသမားတွေ ပေါ်ထွန်းလာအောင်၊ အားကစားကဏ္ဍတိုးတက်အောင် ဖော်ဆောင်နေတာတွေလည်း ရှိပါတယ်။

ကျွန်တော်တို့ ကော်မတီအနေနဲ့ လုပ်ဆောင်ရမယ့် တာဝန်တွေလည်း ရှိပါသေးတယ်။ ကျန်းမာရေးအဆင့်အတန်းမြှင့်ရာမှာ အသက်ကယ်ဆေးတွေ ကျယ်ကျယ်ပြန့်ပြန့် ရရှိအောင်၊ ဆေးကုသမှု ကိရိယာတွေ တိုးမြှင့်ရရှိအောင်၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ရရှိအောင်၊ ကျန်းမာရေးသုတေသန လုပ်ငန်းတွေ လုပ်ဆောင်နိုင်အောင်နဲ့ ဥပဒေပြင်ဆင်၊ ပယ်ဖျက်၊ ပြဋ္ဌာန်းနိုင်ဖို့အတွက် ဆောင်ရွက်ရတာတွေ ရှိပါတယ်။

အားကစားကဏ္ဍမှာဆိုရင် အခုလောလောဆယ်မှာ ခြင်းလုံးအဖွဲ့ချုပ်၊ ရေကူးအဖွဲ့ချုပ်၊ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်စတဲ့ အဖွဲ့ချုပ်တွေနဲ့ တွေ့ဆုံဆွေးနွေးတာတွေရှိပါတယ်။ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးပါတယ်။ ဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။

အားကစားကဏ္ဍက အားနည်းနေသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ ကော်မတီဝင်တွေက လွှတ်တော်ကို မေးမြန်းဆွေးနွေးတာတွေရှိပါတယ်။ ကျောင်းသား အားကစားပွဲတွေ ပြန်လည်ကျင်းပဖို့၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ အားကစားပွဲတွေ ကျင်းပဖို့ မေးခွန်းတွေ မေးပါတယ်။ ဒါမှသာ ပြည်သူတွေအနေနဲ့ အားကစား စိတ်ဓာတ်တက်ကြွလာမှာဖြစ်ပါတယ်။

ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့လည်း (၁၃) ကြိမ်မြောက် လွှတ်တော်အစည်းအဝေးအတွင်းမှာ မန္တလေးတိုင်းဒေသကြီးနဲ့ ကယားပြည်နယ်ကို သွားဖို့ စီစဉ်တာတော့ ရှိပါတယ်။ လွှတ်တော်ရဲ့ ခွင့်ပြုချက် မရခဲ့ပါဘူး။ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှု အားနည်းပေမယ့် ဆွေးနွေးမှုတွေက တစ်ဆင့် ကူညီဆောင်ရွက် ပေးနေတာတွေ ရှိပါတယ်။ နှုတ်အားဖြင့် ကူညီတာမျိုးပါ။ လက်တွေ့ကွင်းဆင်းပြီး ဆောင်ရွက်တာမျိုးတော့ မရှိသေးပါဘူး။



အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ အပြန်အလှန်ဆွေးနွေးကြစဉ်။

ကျွန်တော်တို့ ကော်မတီအနေနဲ့ ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေနဲ့ ပတ်သက်ပြီးတော့လည်း ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒီလို ဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့ အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးနေတာတွေလည်း ရှိပါတယ်။

ကော်မတီအနေနဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အလေးအနက်ထား လုပ်ဆောင်နေတာတွေ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ကူးစက်ခြင်းမရှိတဲ့ ရောဂါတွေ ကင်ဆာ၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ အဆုတ် ဒါတွေနဲ့ ပတ်သက်ပြီး အဖြစ်များလာတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ အဖြစ်များတဲ့ အဆုတ်ကင်ဆာနဲ့ ပတ်သက်ပြီး ဆွေးနွေးနေတာတွေလည်း ရှိပါတယ်။ အဆုတ်ကင်ဆာ ဖြစ်ရတာက ဆေးလိပ်နဲ့ ဆေးရွက်ကြီး အသုံးပြုမှုများလို့ ဆိုတာ အားလုံးသိကြပါတယ်။ ဒါနဲ့ ပတ်သက်တဲ့ ၂၀၀၆ ခုနှစ်မှာ ဥပဒေလည်း ပြဋ္ဌာန်းပြီးသားပါ။ ဒါပေမယ့် ဥပဒေကြောင်းအရ အရေးယူမှု အားနည်းတာကို တိုက်တွန်းတာကိုလည်း လုပ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ အချက်အလက် ကောက်ယူမှုအရလည်း အဆုတ်ကင်ဆာ ဖြစ်ပွားမှုက အဖြစ်များတဲ့အတွက် သောက်သုံးမှုကို ထိန်းချုပ်ဖို့၊ အခွန်တိုးကောက်ဖို့ ဆွေးနွေးကြပါတယ်။ မဲဆန္ဒနယ်တွေမှာ ပြည်သူတွေနဲ့ တွေ့ဆုံတိုင်း အသိပညာပေးပါတယ်။ ဒီလို သုံးစွဲကြတဲ့အတွက် ပြည်သူတွေအတွက် ဆုံးရှုံးမှုက နှစ်ခုဖြစ်ပါတယ်။ ငွေကြေးအရ ဆုံးရှုံးသလို လုပ်အားလည်း ဆုံးရှုံးပါတယ်။ ဒါကြောင့် သုံးစွဲမှု လျော့နည်းစေမယ့် လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားပါမယ်။

အဓိကကတော့ ကျွန်တော်တို့ နိုင်ငံက ဒီမိုကရေစီ ကူးပြောင်းစ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် လိုအပ်ချက်တွေ ရှိနေသေးတယ်။ ဒါပေမယ့် လိုအပ်ချက်တွေထဲက ရုန်းကန်ကြိုးစားကြရမှာဖြစ်ပါတယ်။ ကျန်းမာရေးအတွက်ကတော့ သုံးနေကျ ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုထိရောက်တယ်ဆိုတဲ့ စကားလို ကာကွယ်ရေးအတွက် အသိပညာပေးရမှာပါ။ အားကစားနဲ့ ပတ်သက်ပြီးတော့လည်း အားကစားသမားတွေကို မွေးထုတ်ပေးဖို့ လိုအပ်သလို သူတို့အတွက် ထိုက်တန်တဲ့ ထောက်ပံ့မှုလည်း ဆောင်ရွက်ပေးရမှာပါ။ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့လည်း ယဉ်ကျေးမှုအရ ကျွန်တော်တို့ နိုင်ငံမှာ တန်ဖိုးရှိတာတွေ အများကြီးရှိတဲ့အတွက် ဒါတွေကို ထိန်းသိမ်းရမှာပါ။ တစ်ဖက်ကလည်း ဒီယဉ်ကျေးမှုတွေကို နိုင်ငံတကာက သိရှိပြီး ခရီးသွားတွေ ဝင်ရောက်ဖို့၊ ဝင်ငွေရ ဖို့ကိုလည်း ဆောင်ရွက်ရမှာပါ။ ဒါတွေအတွက် ကျွန်တော်တို့ ကော်မတီကလည်း တစ်ဖက် တစ်လမ်းကနေ တတ်အားသမျှ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

> **“ကျန်းမာရေးအတွက်ကတော့ သုံးနေကျ ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုထိရောက်တယ်ဆိုတဲ့ စကားလို ကာကွယ်ရေးအတွက် အသိပညာပေးရမှာပါ။ အားကစားနဲ့ ပတ်သက်ပြီးတော့လည်း အားကစားသမားတွေကို မွေးထုတ်ပေးဖို့ လိုအပ်သလို သူတို့အတွက် ထိုက်တန်တဲ့ ထောက်ပံ့မှုလည်း ဆောင်ရွက်ပေးရမှာပါ။ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့လည်း ယဉ်ကျေးမှုအရ ကျွန်တော်တို့ နိုင်ငံမှာ တန်ဖိုးရှိတာတွေ အများကြီးရှိတဲ့အတွက် ဒါတွေကို ထိန်းသိမ်းရမှာပါ”**

# ကိုရိုနာဗိုင်းရပ်စ်(COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

(၁၈-၂-၂၀၂၀ ရက်နေ့၊ ည ၈:၁၅ နာရီ)

၁။ Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါသည် ယခုအချိန်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၂၆ နိုင်ငံတွင် ဖြစ်ပွားလျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၇-၂-၂၀၂၀ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ အချိန်ရရှိသော စာရင်းဇယားများအရ အောက်ပါအတိုင်းဖြစ်ပါသည်-

- တစ်ကမ္ဘာလုံးတွင်
  - ရောဂါအတည်ပြုလူနာ - ၇၁၄၂၉ ဦး
  - သေဆုံးသူ - ၁၇၇၅ ဦး
- တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် -
  - ရောဂါအတည်ပြုလူနာ - ၇၀၆၃၅ ဦး (ကမ္ဘာ့ဖြစ်ပွားမှု၏ ၉၉ ရာခိုင်နှုန်း)
  - သေဆုံးသူ - ၁၇၇၂ ဦး
- အခြားဖြစ်ပွားသည့်နိုင်ငံစုစုပေါင်း - ၂၅ နိုင်ငံ
  - ဓာတ်ခွဲအတည်ပြုလူနာ - ၇၉၄ ဦး
  - သေဆုံးသူ - ၃ ဦး (ဖိလစ်ပိုင်၊ ဂျပန်နှင့် ပြင်သစ်နိုင်ငံ)

**(မှတ်ချက်။ ရောဂါစတင်ဖြစ်ပွားခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ်တွင် ဓာတ်ခွဲအတည်ပြုလူနာများအပြင် ရောဂါလက္ခဏာများအရ အတည်ပြုလူနာများကိုပါ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပါသည်။)**

၂။ မြန်မာနိုင်ငံ၏ COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ အခြေအနေ

| | |
|---|---|
| မြန်မာနိုင်ငံတွင် ယနေ့ (၁၈-၂-၂၀၂၀)ရက်နေ့အထိ COVID -19 ရောဂါပိုးဓာတ်ခွဲ အတည်ပြုလူနာမရှိပါ။ | |
| စောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ အခြေအနေ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၈-၂-၂၀၂၀) ရက်နေ့အထိ | |
| စောင့်ကြည့်လူနာ | ၂၅ ဦး |
| သံသယလူနာ | ၂ ဦး |
| စုစုပေါင်း | ၂၇ ဦး |

**စောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၈-၂-၂၀၂၀) ရက်နေ့အထိ**

| | |
|---|---|
| ဓာတ်ခွဲစစ်ဆေးမှုအဖြေအရ ပိုးမတွေ့ရှိရသူ | ၂၈ ဦး (စောင့်ကြည့်လူနာ- ၂၆ ဦးနှင့် သံသယလူနာ- ၂ ဦး) |
| ထိုင်းနိုင်ငံရှိ ရည်ညွှန်းဓာတ်ခွဲခန်းမှ အဖြေစောင့်ဆိုင်းဆဲ | ၈ ဦး |
| ထိုင်းနိုင်ငံရှိရည်ညွှန်းဓာတ်ခွဲခန်းသို့ ဓာတ်ခွဲနမူနာပို့ဆောင်ဆဲ | ၁ ဦး |
| စုစုပေါင်း | ၃၇ ဦး |

စောင့်ကြည့်လူနာနှင့် သံသယလူနာ(၃၇) ဦးအနက်

- တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိသူ - (၃၅) ဦး
- တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးသွား ရာဇဝင်မရှိသူ - (၂) ဦး ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ဆေးရုံများတွင် ၁၈-၂-၂၀၂၀ ရက်နေ့ မွန်းလွဲ (၁၂:၀၀) နာရီအထိ စောင့်ကြည့်လူနာ စုစုပေါင်း (၉) ဦးအား ဆက်လက်စောင့်ကြည့်ကုသမှုပေးလျက်ရှိပြီး လူနာအားလုံး၏ လက်ရှိအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား-

(က) အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ဆိပ်ကမ်းများတွင်လည်းကောင်း၊

( ခ ) နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များအထူးသဖြင့် ယူနန်ပြည်နှင့် ထိစပ်သော မြို့နယ်များဖြစ်သည့် ကချင်ပြည်နယ်ရှိ ပန်ဝါ-ချီဖွေ၊ ဝိုင်းမော်၊ မိုးမောက်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်၊ နမ့်ခမ်းနှင့် လောက်ကိုင်စသည့်မြို့များတွင် လည်းကောင်း ဆောင်ရွက်လျက်ရှိရာ-

- Health Declaration Card များအား ဖြည့်သွင်းစေခြင်း၊
- ခရီးသွားများ တည်းခိုနေထိုင်မည့် ဟိုတယ်၊ အိမ် နေရပ်လိပ်စာများရယူကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာ နှီးနွှယ်ဌာနများ၊ ဟိုတယ်များ၊ တည်းခိုခန်းများနှင့် ပူးပေါင်းချိတ်ဆက်၍ သံသယလူနာများနှင့် အနီးကပ်ထိတွေ့သူများအား လိုက်လံစုံစမ်းထောက်လှမ်းကြည့်ရှုခြင်း (contact tracing) များ ပြုလုပ်ခြင်း၊

( ဂ ) ဆေးရုံအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Hospital Based Surveillance)လုပ်ငန်းကို လည်းကောင်း၊

(ဃ) ပြည်သူလူထုအခြေပြုရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း (Community Based Surveillance) လုပ်ငန်းများဖြင့်လည်းကောင်း၊

( င ) ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း၊

( စ ) အခြားနှီးနွှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၄။ ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများအနေဖြင့်-

(က) အထူးကြပ်မတ်ကုသဆောင်များ(Intensive Care Unit-ICU)၊ သီးခြားထားရှိကုသဆောင် (Isolation Ward)၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများပြင်ဆင်ထားရှိခြင်း၊

( ခ ) မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ကန်တော်နဒီဆေးရုံအား ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ (Epidemic Prone Diseases) ဖြစ်ပွားပါက လူနာသီးခြားထားရှိကုသရန်အတွက် ညွှန်းပို့ဆေးရုံ(Designated Hospital) အဖြစ်သတ်မှတ်ပြီး အထူးကြပ်မတ်ကုသဆောင် (Intensive Care Unit-ICU)နှင့် သီးခြားထားရှိကုသဆောင် (Isolation Ward) များအား ပြင်ဆင်ထားရှိခြင်း၊

( ဂ ) နယ်စပ်ဝင်ထွက်ပေါက်များအနီးရှိ ညွှန်းပို့ဆေးရုံများ(Designated Hospitals) အနေဖြင့် ခရိုင်ပြည်သူ့ဆေးရုံ (မူဆယ်မြို့)၊ ပြည်သူ့ဆေးရုံကြီး (လားရှိုးမြို့)၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ ပြည်သူ့ဆေးရုံကြီး (မြစ်ကြီးနားမြို့)၊ ပြည်သူ့ဆေးရုံကြီး (ကျိုင်းတုံမြို့)တို့အား သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံပိုင် သတင်းမီဒီယာများနှင့် ရေဒီယိုများတွင် ကျန်းမာရေးအသိပညာပေးချက်များနှင့် သတင်းများအား ဖော်ပြခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ ဦးဆောင်လမ်းညွှန်မှုဖြင့် လူစည်ကားသောနေရာများ အထူးသဖြင့် စာသင်ကျောင်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ ဘုရားများ၊ ရုပ်ရှင်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဘတ်စ်ကားဂိတ်များ၊ ဈေးများတွင် ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်၊ စတစ်ကာနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောမှုများနှင့် အသိပေးနှိုးဆော်ခြင်းတို့ကို အထူးကိစ္စရပ်အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၆။ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့တွင် -

(က) ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Active Surveillance) နှင့် သံသယလူနာများနှင့် အနီးကပ်ထိတွေ့သူများအား လိုက်လံစုံစမ်းထောက်လှမ်းကြည့်ရှုခြင်း(Contact tracing)

( ခ ) လိုအပ်ပါက အသွားအလာတားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း (Quarantine)လုပ်ငန်းများ ပြုလုပ်ခြင်း၊

( ဂ ) သံသယနှင့် စောင့်ကြည့်လူနာများအား သက်ဆိုင်ရာဆေးရုံကြီးများသို့ ညွှန်းပို့ဆောင်ရွက်ခြင်း(Referral)

(ဃ) ကျန်းမာရေးအသိပညာပေးခြင်း(Health Education)

( င ) နေ့စဉ်သတင်းပေးပို့ခြင်းနှင့် ထူးခြားဖြစ်စဉ်များအား ချက်ချင်းသတင်းပေးပို့ခြင်း(Daily and immediate reporting)

( စ ) သက်ဆိုင်ရာနှီးနွှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Coordination with relevant sectors)တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံအနေဖြင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ဆေးနှင့်ဆေးပစ္စည်းများလက်ခံရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အဖွဲ့အစည်းအမည် | Personal Protective Equipment (အစုံရေ) | N95 Mask (ခု) | Surgical Mask (ခု) | Hand Gel (ဘူး) | Non-Contact Thermometer (ခု) |
|---|---|---|---|---|---|---|
| ၁ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ၁၀၀ | ၅၀၀ | - | - | - |
| ၂ | မြန်မာနိုင်ငံကြက်ခြေနီအသင်း | ၁၅၀၀ | - | ၅၀၀၀ | - | - |
| ၃ | Sea Lion Company | ၂၀၀၀ | - | - | - | - |
| ၄ | Korea နိုင်ငံ (ဥက္ကာသီရိကုမ္ပဏီ) | ၁၀၀၀ | - | - | ၂၂၅ | - |
| ၅ | ဇီဇဝါကုမ္ပဏီ | - | - | - | - | ၄၅ |
| | စုစုပေါင်း | ၄၆၀၀ | ၅၀၀ | ၅၀၀၀ | ၂၂၅ | ၄၅ |

၈။ ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှု (Hospital Preparedness)အနေဖြင့် လိုအပ်သော အသက်ရှူ အားကူစက် (Ventilator)၊ စိုထိုင်းမှုထိန်းစက် (Humidifier)၊ သွေးတွင်းအောက်ဆီဂျင်တိုင်းတာစက် (Pulse Oxymetre)၊ နှလုံးနှိုးစက် (Defibrillator)နှင့် Electrocardiogram -ECG၊ အဖျားတိုင်းကိရိယာ (Non- Contact Thermometer)၊ ဆေးသွင်းကုသရာတွင် လိုအပ်သော Infusion Pump များ၊ ရောဂါကာကွယ်ရေးဝတ်စုံ (Personal Protective Equipment - PPE)၊ N95 Mask၊ Surgical Mask နှင့် Hand Gel စသည့်ဆေးပစ္စည်းများကိုလည်း လုံလောက်စွာ ရရှိနိုင်ရန်အတွက် ထပ်မံဖြည့်တင်း ဆောင်ရွက်လျက်ရှိပါသည်။

၉။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့များမှ ဦးဆောင်၍ ကျန်းမာရေးဌာနများနှင့် သက်ဆိုင်ရာနှီးနွှယ်ဌာနများ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID-19)ကာကွယ်ရေး ပညာပေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေး၊ ဈေးတာဝန်ခံရုံး၊ ဈေးသာယာရေးအဖွဲ့၊ စံပြလူမှုကူညီရေး ပရဟိတလူငယ်အသင်း(ရန်ကုန်)တို့ ပူးပေါင်းပြုလုပ်သည့် ကိုရိုနာဗိုင်းရပ်စ်(COVID-19) အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၇ နာရီက ဈေးသာယာရေး အဖွဲ့ရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ဈေးသူ၊ ဈေးသားများ၊ ရပ်ကွက်ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ် ရောဂါနှင့် ပတ်သက်ပြီး ရောဂါကူးစက်တတ်သည့် နည်းလမ်းများနှင့် ရောဂါကာကွယ်ရမည့်နည်းလမ်းများ အသိပညာပေးပြောကြားသည်။ ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ နံရံကပ်စာစောင်ပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဝေငှခြင်း၊ လက်ဆေးနည်းသရုပ်ပြသသည်။

**တင်စိုး(မြန်မာ့အလင်း)**

## တရုတ်နိုင်ငံမှ ကျိုင်းတုံမြို့နယ် ပါဆံကျကျေးရွာသို့ ပြန်လည်ရောက်ရှိလာသည့် အမျိုးသမီးနှစ်ဦးတွင် အပူချိန်မြင့်မားသည့် လက္ခဏာမတွေ့ရ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပါဆံကျကျေးရွာနေ ဒေါ်နာဂနှင့် ဒေါ်နာစိုမွေးတို့သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက တရုတ်နိုင်ငံ လန်ချန်းမြို့မှ ပြန်လည်ရောက်ရှိကြောင်းသိရှိရ၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က အဆိုပါကျေးရွာသို့ သွားရောက်စစ်ဆေးခဲ့သည်။

ဒေါ်နာဂနှင့် ဒေါ်နာစိုမွေးတို့သည် တရုတ်နိုင်ငံ လန်ချန်းမြို့သို့ ဇန်နဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်ထိ သွားရောက်လည်ပတ်ခဲ့ကာ ဖေဖော်ဝါရီ ၁၇ ရက်တွင် မိုင်းလားဒေသ၊ ဆီလူး-မိုင်းယန်း-ကျိုင်းတုံလမ်းကြောင်းအတိုင်း နေအိမ်သို့ ပြန်လည်ရောက်ရှိ၍ ၎င်းတို့နှစ်ဦးနှင့်အတူနေ မိသားစုဝင်များအား ကိုရိုနာဗိုင်းရပ်စ်ရောဂါအသက်ရှူလမ်းကြောင်းရောဂါလက္ခဏာ ကူးစက်ခံရခြင်း ရှိ/မရှိ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အပူချိန်ပုံမှန်အနေအထားတွင်ရှိကြောင်းနှင့် ၎င်းတို့နေအိမ်တွင် ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ကျန်းမာရေးကောင်းမွန်စွာဖြင့် အိမ်ပြန်သွားကြသည့် ဝူဟန်ပြန် ကျောင်းသား ကျောင်းသူလေးများ ပြောကြားခဲ့ကြသည့် အမှတ်တရစကားများ

မန္တလေး ဖေဖော်ဝါရီ ၁၈

ကိုရိုနာဗိုင်းရပ်စ် COVID-19 ကူးစက်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဝူဟန်မြို့မှ ပြန်လည်ခေါ်ယူ၍ မန္တလေးမြို့ ကန်တော်နဒီဆေးရုံတွင် ၁၄ ရက်ကြာ ရောဂါကူးစက်မှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုမှုခံယူခဲ့ကြသည့် မြန်မာကျောင်းသား ကျောင်းသူ ၅၉ ဦးနှင့် ၎င်းတို့အား ပြန်လည်ခေါ်ယူရာတွင် ဝူဟန်မြို့သို့ လိုက်ပါသွားခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းသုံးဦးတို့သည် ဖေဖော်ဝါရီ ၁၆ ရက်က ကျန်းမာရေးကောင်းမွန်စွာဖြင့် ၎င်းတို့နေထိုင်ရာ ဒေသအသီးသီးသို့ ပြန်သွားကြပြီဖြစ်သည်။

အဆိုပါ ကျောင်းသား ကျောင်းသူ ၅၉ ဦးတို့အား ဖေဖော်ဝါရီ ၂ ရက်တွင် ဝူဟန်မြို့မှ ပြန်လည်ခေါ်ယူ၍ မန္တလေးမြို့ ကန်တော်နဒီဆေးရုံတွင် သီးသန့်ထားရှိကာ ဗိုင်းရပ်စ်ရောဂါ ကူးစက်မှု ရှိ /မရှိ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုကို ၁၄ ရက်ကြာ ဆောင်ရွက်ပေးခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သည့် ဖေဖော်ဝါရီ ၁၅ ရက်အထိ သံသယဖြစ်ဖွယ်ရာ ရောဂါလက္ခဏာမတွေ့ရှိခဲ့သည့်အတွက် ဖေဖော်ဝါရီ ၁၆ ရက်တွင် ၎င်းတို့၏ နေအိမ်အသီးသီးသို့ ပြန်ခွင့်ပြုခဲ့ခြင်းဖြစ်ရာ ကျန်းမာစွာ အိမ်ပြန်ခွင့်ရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် တာဝန်ယူစောင့်ရှောက်ပေးသူများမှ ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုမှုခံယူသည့်ကာလအတွင်း ဆောင်ရွက်ပေးမှုများနှင့် ပတ်သက်၍ အမှတ်တရစကားများကို ယခုလို ပြောကြားခဲ့ကြသည်။


မမေသူသူအောင်


မအိအိရွှေ


မောင်စည်သူထွန်း


ဒေါက်တာသန်းသန်းမြင့်


ဦးစိုးမိုးနိုင်


ဒေါက်တာသန့်ဇင်မြတ်

**မမေသူသူအောင် (ပင်လုံတက္ကသိုလ်၊ ဘူမိဗေဒဌာန)**

ကျွန်မက ဝူဟန်မြို့က တက္ကသိုလ်မှာ Petroleum Oil and Gas အင်ဂျင်နီယာဘာသာရပ်နဲ့ ဒေါက်တာဘွဲ့ယူဖို့ သင်တန်းတက်နေတာပါ။ အခုလို ရောဂါမရှိဘဲ အိမ်ပြန်ခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ ဝူဟန်မြို့မှာ ဒီရောဂါစဖြစ်နေတယ်ဆိုတာ သိခဲ့ရပေမယ့် ဒီလောက်အထိ ကြီးကြီးမားမားဖြစ်လိမ့်မယ်လို့ မထင်ထားဘူး။ ကိုယ့်ဘဝအတွက် ထူးဆန်းတဲ့အဖြစ်အပျက်တစ်ခုဖြစ်ခဲ့သလို ခံစားရပြီး အမှန်တကယ်လည်း ကြောက်မိပါတယ်။ ကျွန်မတို့ ခံစားနေရတယ်ဆိုတာထက် သူတို့နိုင်ငံသားတွေ ရောဂါခံစားနေရတာကိုကြည့်ပြီး စိတ်လည်းမကောင်းဖြစ်မိပါတယ်။ အခက်အခဲတွေကတော့ စားသောက်ဖို့အတွက် စူပါမားကက်တွေ ပိတ်တာကို ကြုံခဲ့ရတယ်။ ဒါကြောင့် စိုးရိမ်မှုတွေရှိခဲ့ပါတယ်။ မြန်မာပြည်ကို ပြန်ခေါ်လို့ ရောက်လာတဲ့အချိန်မှာလည်း ဟိုမှာနေတုန်းက စီစဉ်ပေးထားသလို ဖြစ်လာပါမလားလို့ စိုးရိမ်စိတ်တွေရှိခဲ့ပေမယ့် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေရော၊ တာဝန်ရှိသူတွေကပါ ဝမ်းပန်းတသာနဲ့ ကြိုဆိုစီစဉ်ပေးကြတဲ့အတွက် စိတ်ထဲမှာ တကယ်အားရကျေနပ်မိပါတယ်။ ကန်တော်နဒီမှာနေခဲ့ရတဲ့ ၁၄ ရက်ကြာကာလမှာလည်း မြို့တော်ဝန်ကြီးက စားသောက်နေထိုင်ရေးကို လိုလေသေးမရှိ စီစဉ်ပေးတဲ့အတွက် အားလုံးအဆင်ပြေခဲ့ပါတယ်။

**မအိအိရွှေ (လက်ထောက်ကထိက၊ သတ္တဗေဒဌာန – ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)**

ကျွန်မက ဝူဟန်မြို့မှာ သတ္တဗေဒဘာသာရပ်နဲ့ Ph.D ဘွဲ့အတွက် သင်တန်းသွားတက်တာပါ။ ဝူဟန်မြို့မှာ ကျွန်မတို့နေထိုင်ရတဲ့အချိန်မှာ တာဝန်ရှိသူတွေက ရောဂါမကူးစက်အောင် ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့အတူ ကူညီထောက်ပံ့မှုတွေရှိခဲ့ပေမယ့် စိုးရိမ်ပူပန်မှုတွေနဲ့ ကြောက်လန့်နေခဲ့ရပြီး အခန်းထဲက မထွက်ဘဲ နေခဲ့ရတဲ့အတွက် စိတ်ကျဉ်းကျပ်မှုတွေ ဖြစ်မိပါတယ်။ အခု မြန်မာပြည်ကို ပြန်ရောက်လို့ ဒီကန်တော်နဒီဆေးရုံမှာ ၁၄ ရက်နေခဲ့ရတဲ့အချိန်မှာ ကျန်းမာရေးစစ်ဆေးမှုတွေသာမက စားသောက်နေထိုင်ရေးအတွက်ပါ လိုလေသေးမရှိအောင် ဂရုစိုက်စီစဉ်ပေးကြတဲ့အတွက် စိုးရိမ်ပူပန်မှုမရှိဘဲ အဆင်ပြေစွာနေထိုင်ခဲ့ရပါတယ်။ ဒီကာလမှာ ကျန်းမာရေးစစ်ဆေးမှုတွေအနေနဲ့ ကျွန်မတို့ကို နံနက် ၆ နာရီမှာ တစ်ကြိမ်၊ ညနေ ၆ နာရီမှာ တစ်ကြိမ် တစ်နေ့ကို နှစ်ကြိမ် အဖျားတိုင်းပြီး အပူချိန်ကိုစစ်ဆေးပေးပါတယ်။ အခုလို လိုအပ်ချက်အားလုံးကို ပြည့်စုံအောင်စီစဉ်ပြီး ကြည့်ရှုစောင့်ရှောက်ပေးကြတာကို ရင်ထဲက လှိုက်လှိုက်လှဲလှဲနဲ့ ပြောမပြတတ်အောင် ကျေးဇူးတင်မိပါတယ်။ ဒီနေ့မှာ ရောဂါကူးစက်မှုမရှိဘဲ ကျန်းမာစွာနဲ့ အိမ်ပြန်ရတော့မယ်ဆိုတဲ့အသိနဲ့ အလွန်ပျော်ရွှင်နေပါတယ်။ မပြန်ခင် ဘုရားတွေလိုက်ဖူးပြီး မြို့တော်ဝန်ကြီးစီစဉ်ပေးတဲ့ အဝေးပြေးကားနဲ့ပဲ ရန်ကုန်ကိုပြန်မှာပါ။

**မောင်စည်သူထွန်း (ရန်ကုန်မြို့)**

အိမ်ပြန်ရမယ်ဆိုတဲ့အသိနဲ့ ဝမ်းသာနေပါတယ်။ မြန်မာပြည်ကို ပြန်လည်ရောက်ရှိလာကြတဲ့ ၅၉ ယောက်စလုံး ဖျားနာခြင်းမရှိဘဲ အိမ်ပြန်ရမှာဖြစ်တဲ့အတွက် ပိုပြီးပျော်ရွှင်မိပါတယ်။ ဒီမှာနေထိုင်ရတဲ့အခြေအနေက အားလုံးအဆင်ပြေတဲ့အတွက် ကျေနပ်ပျော်ရွှင်မိပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း ဒီလိုမျိုး ကျွန်တော်တို့ကို ပြန်ခေါ်ပြီး ရောဂါစောင့်ကြပ်ကြည့်ရှုမှုတွေလုပ်တာက ပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေအထားနဲ့ဆိုရင် အကောင်းဆုံးအခြေအနေတစ်ခုကို စီစဉ်ပေးထားတာဖြစ်တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

**ဒေါက်တာသန်းသန်းမြင့် (တိုင်းဦးစီးမှူး – မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)**

ကလေးတွေကို ဒီမှာနေတဲ့ကာလအတွင်း ဖျားနာမှုမရှိအောင် ကျန်းမာရေးပိုင်းဆိုင်ရာအတွက် စောင့်ရှောက်မှုပေးရသလို နေထိုင်စားသောက်ရေး အဆင်ပြေစေဖို့အတွက်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးရပါတယ်။ ဒီနေ့မှာ သတ်မှတ်ရက်ပြည့်သွားလို့ သူတို့ရဲ့ နေရပ်အသီးသီးကို ပြန်ခွင့်ပြုလိုက်တာ ဖြစ်ပါတယ်။ ဒီကလေးတွေက ရန်ကုန်က အများဆုံးဖြစ်ပြီး မန္တလေး၊ မကွေးနဲ့ ကလေးမြို့နယ်တွေက ကျောင်းသား ကျောင်းသူတွေ ပါဝင်ပါတယ်။ ဒီမှာ နေရထိုင်ရတာ အဆင်ပြေပြီး ကျန်းမာရေးကောင်းမွန်စွာနဲ့ ပြန်သွားတဲ့အပေါ်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ရှိသူတွေအနေနဲ့ရော၊ မန္တလေးတိုင်းအနေနဲ့ပါ တစ်သက်လုံး အမှတ်တရများစွာနဲ့ ဂုဏ်ယူစွာရှိနေမယ်ဆိုတာ ပြောချင်ပါတယ်။

**ဦးစိုးမိုးနိုင် ( ကထိက၊ ရုက္ခဗေဒဌာန၊ ရတနာပုံတက္ကသိုလ် မန္တလေးမြို့)**

ဝူဟန်မှာနေခဲ့ရတဲ့ကာလမှာ မကြုံဖူးတဲ့ရောဂါတစ်ခုအတွက် စိတ်လှုပ်ရှားပြီး စိုးရိမ်မှုတွေ ရှိခဲ့တယ်။ ကျွန်တော်တို့ကျောင်းကဆရာတွေက အဆောင်အပြင်ဘက်ကိုမထွက်ဖို့ပြောပြီး ကျောင်းမှာပဲ စတိုးဆိုင်တွေဖွင့်ပေးသလို နှာခေါင်းစည်းတွေလည်း ဝေပေးထားတယ်။ သံရုံးက သံမှူးတွေကအစ အားလုံးကူညီပေးကြတဲ့အပြင် တစ်ယောက်နဲ့တစ်ယောက် အားပေးရင်း ဘာသာတရားနဲ့ ကျော်ဖြတ်ခဲ့ကြတယ်။ မြန်မာပြည်ကို ပြန်ရောက်တော့လည်း စောင့်ကြပ်ကြည့်ရှုတဲ့ကာလမှာ ခက်ခဲလိမ့်မယ်လို့ ထင်ခဲ့ပေမယ့် လိုလေသေးမရှိအောင် စောင့်ရှောက်ပေးကြတဲ့အတွက် အဆင်ပြေစွာ နေထိုင်ခဲ့ရပါတယ်။ ဒီနေ့မှာ သတ်မှတ်ကာလ လွန်မြောက်သွားလို့ ကိုယ့်မိဘဆီ ပြန်ရမယ်ဆိုတော့ တကယ်ကို လွတ်လပ်ပေါ့ပါးပြီး ပျော်နေကြတာပေါ့။ စောင့်ရှောက်ကူညီမှုတွေအတွက် အားလုံးကို သတိတရနဲ့ ကျေးဇူးတင်နေမှာပါ။

**ဒေါက်တာသန့်ဇင်မြတ် ( အထွေထွေရောဂါကုသမားတော်၊ မန္တလေး ခုတင် ၃၀၀ ဆေးရုံ)**

မြန်မာနိုင်ငံကနေ ဝူဟန်က ကျောင်းသားတွေကို သွားခေါ်တဲ့အချိန်က လိုက်ပါသွားတဲ့ ကျန်းမာရေးဝန်ထမ်းပါ။ သူတို့နဲ့ ထိတွေ့မှုရှိလို့ ကျောင်းသားတွေနဲ့အတူ ဒီကန်တော်နဒီဆေးရုံမှာပဲ ၁၄ ရက် ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုတွေ ခံယူခဲ့ပါတယ်။ ကျောင်းသားတွေကိုပြန်ခေါ်ဖို့ ဝူဟန်ကိုမသွားခင် လေ့ကျင့်သင်ကြားမှုတွေ ရန်ကုန်မှာလုပ်ခဲ့ရတယ်။ ကျောင်းသားတွေနဲ့ ထိတွေ့ရတော့မယ်ဆိုတဲ့အတွက် PPE ဝတ်စုံတွေ ဝတ်ဆင်ပုံနဲ့ နှာခေါင်းစည်းတပ်ဆင်ပုံတွေ မျက်မှန်၊ လက်အိတ်အသုံးပြုနည်းတွေကို သင်ခဲ့ရတယ်။ အတတ်နိုင်ဆုံး ကျောင်းသားတွေနဲ့ အနီးကပ်ထိတွေ့မှုမရှိအောင် ကူညီနိုင်ဖို့လည်း မသွားခင်ကတည်းက ကြိုတင်ပြင်ဆင်ခဲ့ရပါတယ်။ ကိုယ့်နိုင်ငံသားတွေကို ဒီလိုအခက်အခဲကနေ ပြန်ခေါ်ရတာ ဝမ်းသာရပါတယ်။ ကျောင်းသားတွေကလည်း ရောဂါဖြစ်တဲ့ဒေသမှာနေရတော့ ကြောက်ကြမှာပေါ့။ သူတို့ကို ခေါ်ဆောင်ပေးခဲ့ရတဲ့အခွင့်အရေး ရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။

မင်းထက်အောင် (မန်းကိုယ်ပွား)

# ကိုရိုနာဗိုင်းရပ်စ် (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

## ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီအထိ လူနာ ၉ ဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ မကွေးတိုင်းဒေသကြီး စကုမြို့နယ်တွင် နေထိုင်သော အသက် (၂၅ နှစ်) အရွယ် အမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မိန်တိန်မြို့မှ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်းလက္ခဏာများဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင် စကုမြို့နယ် ပြည်သူ့ဆေးရုံသို့ လာရောက်ပြသခဲ့ရာ မကွေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ကြောင်း၊ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကာ လူနာအား လတ်တလောစစ်ဆေးချက်များအရ အခြားပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာများ မတွေ့ရှိရကြောင်း။

ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီအချိန်အထိ လူနာ ၉ ဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်းနှင့် လူနာများ၏ ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့အလင်း

# ဖေ့စ်ဘုတ်ပေါ်မှ အမုန်းစကားများအတွက် ပိုမိုတင်းကျပ်သည့် စည်းမျဉ်းများချမှတ်သွားမည်ဟု အီးယူသတိပေး



အီးယူမှ အရာရှိတစ်ဦးဖြစ်သူ ဗီရာဂျိုရိုမာနှင့် ဇူကာဘတ်တို့ကို ဖေဖော်ဝါရီ ၁၇ ရက်က ဘရပ်ဆဲလ်မြို့တွင် အတူတွေ့ရစဉ်။

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၈**

ဒစ်ဂျစ်တယ်မူဝါဒပိုင်းဆိုင်ရာ အီးယူမှ ထိပ်တန်းအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၇ ရက်တွင် နည်းပညာကုမ္ပဏီကြီးကို သတိပေးမှုများ ပြုလုပ်ခဲ့သည်။

နည်းပညာကုမ္ပဏီကြီး အနေဖြင့် သတင်းအချက်အလက် အမှားများ၊ အမုန်းစကားများကို လုံလောက်သည့် အတိုင်းအတာအထိ ထိန်းချုပ်နိုင်ခြင်း မရှိပါက ဥရောပတွင် ပိုမိုတင်းကျပ်သည့် စည်းမျဉ်းများ၊ ပြစ်ဒဏ်များနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု သတိပေးခဲ့ခြင်းဖြစ်သည်။

ဖေ့စ်ဘုတ်ကုမ္ပဏီသူဌေးဖြစ်သူ မက်ခ်ဲ ဇူကာဘတ်နှင့် ဥရောပစက်မှုလုပ်ငန်း ကော်မရှင်နာ သီရီဘရီတွန်တို့ ဆွေးနွေးပြီးနောက် ယခုလို မှတ်ချက်ချပြောစကား ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဇူကာဘတ်သည် ဘရပ်ဆဲလ်မြို့တွင် ရောက်ရှိနေစဉ် အမုန်းစကားများ သယ်ဆောင်မှုအတွက် လူမှုကွန်ရက်ပလက်ဖောင်းကို အပြစ်ပေးမှုများ လွန်ကဲစွာ မပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

အကယ်၍ လူမှုကွန်ရက်ပလက်ဖောင်းအားလုံးသည် ဥရောပတွင် ချမှတ်ထားသည့် စည်းမျဉ်းများကို မလိုက်နာပါက တင်းကျပ်သည့် စည်းမျဉ်းများဖြင့် ကြားဝင်ဆောင်ရွက်ရမည်ဟု ဘရီတွန်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ဘရီတွန်သည် အီးယူ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ မူဝါဒကိုဦးဆောင်သူဖြစ်သည်။ ဥပဒေသစ်သည် နှစ်ကုန်ပိုင်းတွင် စတင်မည်ဖြစ်ပြီး နည်းပညာကုမ္ပဏီကြီးအပေါ် ပိုမိုတင်းကျပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဒစ်ဂျစ်တယ်ဝန်ဆောင်မှု ဥပဒေကို နှစ်ကုန်ပိုင်းတွင် စတင်သွားရန် ပြင်သစ် ဘဏ္ဍာရေးဝန်ကြီးဟောင်းက အဆိုပြုထားသည်။

ယင်းဥပဒေသည် ဖေ့ဘုတ်ကဲ့သို့ နည်းပညာ ကုမ္ပဏီကြီးအတွက် စစ်မှန်သည့် အကျိုးဆက်များကို သယ်ဆောင်လာမည်ဖြစ်သည်။

အစည်းအဝေးပွဲတွင် အင်စတာဂရမ်နှင့် Whatsapp တို့ကို ပိုင်ဆိုင်သည့် ကမ္ဘာ့အကြီးဆုံးဆိုရှယ်မီဒီယာကွန်ရက်ကိုလည်း လွတ်လပ်စွာပြောဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိဘဲ၊ အမုန်းစကားများနှင့် သတင်းမှားများ ဖြန့်ဝေမှုကို ပိုမိုထိန်းချုပ်သွားနိုင်ရေး အလေးပေးပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အီဒလစ်နှင့် အလက်ပိုမြို့တို့တွင် တိုက်ပွဲများဆက်လက် တိုက်ခိုက်သွားမည်ဟု ဆီးရီးယားသမ္မတပြော

**အလက်ပို ဖေဖော်ဝါရီ ၁၈**

ဆီးရီးယားအတိုက်အခံအုပ်စုများ အခိုင်အမာတပ်စွဲထားရာ နိုင်ငံအနောက်မြောက်ပိုင်းဒေသများသို့ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဟု ဆီးရီးယား သမ္မတ ဘတ်ရှာအယ်အာဆတ်က ပြောကြားခဲ့သည်။ ပြည်သူများ အတိဒုက္ခရောက်မှုအပေါ် စိုးရိမ်မှုများမြင့်တက်နေစဉ် ယခုလို ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အီဒလစ်နှင့် အလက်ပိုမြို့တို့ လွတ်မြောက်ရေးအတွက် တိုက်ပွဲများ ဆက်လက်ဆင်နွှဲသွားမည်ဟု အာဆတ်က ရုပ်မြင်သံကြားမိန့်ခွန်းမှတစ်ဆင့် ပြောကြားခဲ့သည်။ အီဒလစ်သည် ဆီးရီးယား အတိုက်အခံများ နောက်ဆုံးတပ်စွဲထားရာ နေရာဖြစ်ပြီး ရုရှားက ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယား အစိုးရတပ်များသည် ယင်းဒေသကို ပြန်လည် သိမ်းပိုက်နိုင်ရေး အပြင်းအထန် တိုက်ပွဲများ ဆင်နွှဲလျက်ရှိသည်။ အီဒလစ်တွင် ဆီးရီးယား အစိုးရတပ်များနှင့် တူရကီတပ်တို့ကြား တိုက်ပွဲများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဒေသရှိ အခြေအနေမှာ ပိုမိုဆိုးရွားလာပြီး ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ လူပေါင်း ၉၀၀၀၀၀မှာ နေရပ်စွန့်ခွာထွက်ပြေးရသည်ဟု ကုလသမဂ္ဂက ပြောသည်။

နေရပ်စွန့်ခွာထွက်ပြေးရသည့် လူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြကြောင်း ကုလသမဂ္ဂက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## နည်းပညာကုမ္ပဏီများကို တင်းကျပ်စွာ ထိန်းချုပ်မည့် ဥပဒေကို ဂျပန်အစိုးရ အတည်ပြု

**တိုကျို ဖေဖော်ဝါရီ ၁၈**

နည်းပညာကုမ္ပဏီကြီးများအနေဖြင့် ၎င်းတို့၏ ဖောက်သည်များနှင့် လုပ်ငန်းအရ ငွေကြေးလွှဲပြောင်းမှုများတွင် ပိုမိုပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် စည်းကမ်းပိုမိုတင်းကျပ်မည့် ဥပဒေတစ်ရပ်ကို ဂျပန်အစိုးရက အတည်ပြုလိုက်ကြောင်း သိရသည်။

ဂူဂဲလ်၊ အမေဇုန်၊ ဖေ့စ်ဘုတ်၊ အက်ပဲနှင့် ဂါဖာဟု ခေါ်တွင်ကြသည့် နည်းပညာကုမ္ပဏီများ ဒစ်ဂျစ်တယ်ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် စိုးမိုးခြယ်လှယ်လာချိန်တွင် ဂျပန်အစိုးရက အဆိုပါဥပဒေကို အတည်ပြုလိုက်ခြင်းဖြစ်သည်။

ပြည်သူများ၏ လူနေမှုဘဝအပေါ် သက်ရောက်မှုရှိနေသည့် အကြီးစားအွန်လိုင်းဝန်ဆောင်မှု အော်ပရေတာများကို ကန့်သတ်ထိန်းချုပ်နိုင်ရေးအတွက် အဆိုပါဥပဒေကို ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖော်ပြပါ ကုမ္ပဏီများအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများမှ မိတ်ဖက်များအပေါ် မျှမျှတတပြုမူဆက်ဆံစေရေး ခိုင်မာသေချာစေရန် အဆိုပါကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ကန်ထရိုက်ချုပ်ဆိုထားမှုများကို ထုတ်ဖော်ပြောကြားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ အကယ်၍ ကန်ထရိုက်ချုပ်ဆိုမှု အပြောင်းအလဲရှိခဲ့ပါက ယင်းအပြောင်းအလဲကို အသိပေးအကြောင်းကြားရမည်ဖြစ်သည်။ အကယ်၍ ကုမ္ပဏီတစ်ခုခုက ဈေးကွက်လွှမ်းမိုးမှု ဥပဒေကို ချိုးဖောက်ကြောင်း သံသယရှိခဲ့ပါက မျှတသည့် ကုန်သွယ်ရေးကော်မရှင်သို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## 5G ကွန်ရက်နှင့် ဒရုန်းနည်းပညာအတွက် အထောက်အကူပြုမည့် ဥပဒေကြမ်း ဂျပန်အစိုးရအဖွဲ့ အတည်ပြု

**တိုကျို ဖေဖော်ဝါရီ ၁၈**

5G ကွန်ရက်နှင့် ဒရုန်းများအတွက် ပြည်တွင်းကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် အထောက်အကူပြုမည့် ဥပဒေကြမ်းကို ဂျပန်အစိုးရအဖွဲ့က အတည်ပြုခဲ့ကြောင်းသိရသည်။ 5G ဝန်ဆောင်မှုပေးမည့် အစီအစဉ်ကို ဂျပန်နိုင်ငံတွင် ယခုနှစ် နွေဦး ဖေဖော်ဝါရီမှစတင်မည်ဟု သတ်မှတ်ထားသည်။

ဖေဖော်ဝါရီ ၁၈ ရက်က ပြုလုပ်သည့် အစည်းအဝေးအပြီးတွင် ယခုလို အတည်ပြုချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဗီဒီယိုဖြန့်ဖြူးခြင်း၊ မောင်းသူမဲ့ကားမောင်းနှင်ခြင်း၊ စက်ရုံသုံး စက်ရုပ်များထိန်းချုပ်ရာတွင် လျင်မြန်သည့် နည်းပညာဖြင့် ဒစ်ဂျစ်တယ်ကွန်ရက်ဖြင့် အသုံးပြုသွားနိုင်ရန် မျှော်မှန်းထားသည်။ 5G ကွန်ရက် အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများသည် အခွန် ၁၅ ရာခိုင်နှုန်းသက်သာခွင့်ရမည်ဖြစ်သည်။

ထို့အပြင် လုံခြုံရေးအရ ချိုးဖောက်မှုမရှိကြောင်း အစိုးရ၏ အသိအမှတ်ပြုခံရပါက ယင်းသို့ အခွင့်အရေးရရှိမည်ဖြစ်သည်။

အချက်အလက်များ ပေါက်ကြားခြင်း မရှိစေရေး လိုအပ်သည့် လုံခြုံရေးအစီအမံများထားရှိရန် အစိုးရက ကုမ္ပဏီများအပေါ် ညွှန်ကြားမှုများ ချမှတ်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် ဂျပန်ကုမ္ပဏီများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် အစိုးရကရည်ရွယ်ထားသည်။

အဆိုပါဥပဒေကြမ်းသည် ဂျပန်နိုင်ငံမှ ဒရုန်းထုတ်လုပ်မှုကိုလည်း အထောက်အကူပြုသွားမည် ဖြစ်သည်။ တရုတ်ကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာ ဒရုန်းဈေးကွက် ၇၀ ရာခိုင်နှုန်းကို လွှမ်းမိုးထားနိုင်သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်မှ ဆေးဝါးတင်ပို့ကုန်များအပေါ် တရုတ်အခွန်လျှော့ချမည်

**ပေကျင်း ဖေဖော်ဝါရီ ၁၈**

တရုတ်နိုင်ငံအတွင်း၌ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရေး အကြိတ်အနယ် ရင်ဆိုင်ကြိုးပမ်း နေရချိန်တွင် အမေရိကန်မှ ဆေးဝါးနှင့် ဆေးပစ္စည်းတင်ပို့ကုန်များအပေါ် တရုတ်နိုင်ငံက အခွန်လျှော့ကောက်မည်ဖြစ်ကြောင်း တရုတ်အစိုးရက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားလိုက်သည်။

အခွန်လျှော့ချမှုသည် လာမည့် မတ် ၂ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ တိုးချဲ့ဆေးရုံများတွင် အခြေခံ ဆေးဝါးပစ္စည်းကိရိယာများ မလုံလောက်မှု ဖြစ်ပေါ်နေသည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာများကို ကုသမှုများဆောင်ရွက်ပေးနေသည့် ဆရာဝန်များနှင့် သူနာပြုများအနေဖြင့် ဆေးကုသမှုဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရချိန်တွင် ဆေးဝါးတင်ပို့ကုန်များအပေါ် အခွန်လျှော့ချရေး လုပ်ဆောင်လာခြင်းဖြစ်သည်။



အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ထားသည့် ဆေးဝန်ထမ်းနှစ်ဦးကို တွေ့ရစဉ်။

တရုတ်ပြည်မကြီး၌ လက်ရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၇၂၀၀၀ ကျော်ရှိပြီး ဗိုင်းရပ်စ်ကြောင့် အသက်ဆုံးရှုံးရသူ ၁၈၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

အခွန်လျှော့ချပေးမည့် ဆေးဝါးတင်ပို့ကုန်များတွင် သွေးသွင်းကိရိယာ၊ သွေးဖိအားတိုင်း ကိရိယာများနှင့် လူနာကို စောင့်ကြည့်စစ်ဆေးသည့် ဆေးပစ္စည်းများပါဝင်ကြောင်း အခွန်တိုးကောက်ခံမှုဆိုင်ရာ နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်ထားသည့် စာရင်းအရ သိရသည်။

**အေအက်ဖ်ပီ**

# ရာသီဥတုဖောက်ပြန်မှုကြောင့် ငတ်မွတ်ခြင်းဘေးနှင့် ခြိမ်းခြောက်ခံနေရတဲ့ အာဖရိကတောင်ပိုင်းဒေသ

◇◇◇◇◇◇ ဖြိုးစန္ဒီဇွေး ◇◇◇◇◇◇

လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်တုန်းက အဲလစ်ပိုရှာဟာ သူ့ရဲ့နေအိမ်ထဲကနေ ညသန်းခေါင်ယံမှာ ကမန်းကတန်း ထွက်ပြေးခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေကြီးမှုကြောင့်ပါ။ ရေစီးနဲ့အတူ သူနေထိုင်တဲ့ အိမ်ကလေးရေထဲကို မျောပါမသွားစဉ် အိမ်ထဲကနေ ကမန်းကတန်းထွက်ပြေးခဲ့ရပါတယ်။

## အဆိုးရွားဆုံးမုန်တိုင်း

ဆိုင်ကလုန်းမုန်တိုင်း Idai ကြောင့် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့ရတာပါ။ အာဖရိကကို ဝင်ရောက်ခဲ့တဲ့ အဆိုးရွားဆုံးမုန်တိုင်းတွေထဲက တစ်ခုပါပဲ။ အဲဒီမုန်တိုင်းဟာ ဇင်ဘာဘွေ နိုင်ငံအရှေ့ပိုင်း ဘူဟီရာကျေးရွာကို ဝင်မွှေသွားခဲ့ပါတယ်။ လက်ရှိ ဘူဟီရာကျေးရွာရဲ့ အခြေအနေကတော့အရင်တုန်းကနဲ့ မတူတော့ပါဘူး။ ဒါပေမယ့် ဘေးဒုက္ခတွေကလည်း အရင်အတိုင်းရှိနေဆဲပါပဲ။

အခုအခါမှာလည်း နှစ်ပေါင်း ၃၅ နှစ်တာကာလအတွင်း အဆိုးရွားဆုံး မိုးခေါင်မှုကြောင့် ပြောင်းခင်းတွေဟာ ခြောက်သယောင်းနေပါတယ်။ မိုးနည်းနည်းလေး ရွာသွန်းခဲ့ရင်တောင် ပြောင်းခင်းပိုင်ရှင်တွေအတွက် ကျေးဇူးတင်စရာ ဖြစ်ခဲ့ မှာပါ။ ပြောင်းခင်းတွေကလည်း ခြောက်သွေ့နေပြီး ရိတ်သိမ်းတဲ့အခါ ဘာမှကိုရမှာ မဟုတ်ဘူးလို့ အဲလစ် ပိုရှာက ပြောပါတယ်။ အာဖရိကတောင်ပိုင်း တစ်လွှားမှာတော့ စိုက်ခင်းတွေကိုကြည့်ရင် ဒီမြင်ကွင်းတွေချည်းပါပဲ။

## ငတ်မွတ်ခေါင်းပါးမည့်ဘေး

မိုးခေါင်မှုကြာရှည်ခြင်းကြောင့် လူအများအပြား ငတ်မွတ်ခေါင်းပါးမယ့်ဘေးအဖြစ် ခြိမ်းခြောက်နေပါတယ်။ ဒီအကြောင်းအရာတွေရဲ့ ဇာစ်မြစ်ကတော့ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့်ပါပဲ။

ဘူဟီရာ အပါအဝင် အခြားသောခရိုင်တွေမှာ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုတွေဖြစ်ပေါ်မယ်ဆိုတာ သိပ္ပံ ပညာရှင်တွေ ခန့်မှန်းခဲ့တဲ့အတိုင်းပါပဲ။ ၂၀၁၉ ခုနှစ် မတ်လအတွင်း မှာတော့ ဇင်ဘာဘွေနိုင်ငံအရှေ့ပိုင်းကို မုန်တိုင်း Idai ဝင်မွှေသွားခဲ့ခြင်းကြောင့် ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အိမ်နီးချင်း တိုင်းပြည်တွေဖြစ်တဲ့ မာလာဝီနဲ့ မိုဇမ်ဘစ်တို့မှာလည်း ထိခိုက်ပျက်စီးမှုတွေကြုံတွေ့ခဲ့ရပါတယ်။ လူပေါင်း ထောင်နဲ့ချီပြီး သေဆုံးခဲ့ရသလို လူသန်းပေါင်းများစွာရဲ့ ဘဝဟာလည်း ထိခိုက်ခဲ့ရပါတယ်။

အာဖရိကတောင်ပိုင်းမှာရှိတဲ့ လူပေါင်း ၄၅ သန်းကတော့ ငတ်မွတ်ခေါင်းပါးမှုဆိုတဲ့ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်နေရပြီလို့ ကုလသမဂ္ဂက ပြောပါတယ်။ အခုလို ငတ်မွတ်မှုပြဿနာကို အရင်တုန်းက တစ်ခါမှကြုံတွေ့ခဲ့ရဖူးခြင်းမရှိသလို ဒီထက်လည်း အခြေအနေပိုပြီး ဆိုးရွားလာနိုင်တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အာဖရိကတောင်ပိုင်းဆိုင်ရာဒေသတွင်း ညွှန်ကြားရေးမှူး လိုလာကတ်စ်ထရိုက ပြောပါတယ်။



ပြောင်းအိတ်များဖြန့်ဝေရာတွင် အကူအညီပေးနေကြသည့် စေတနာ့ဝန်ထမ်းများကို တွေ့ရစဉ်။

## နောက်ထပ်ပြဿနာတစ်ခု

လွန်ခဲ့တဲ့ငါးနှစ်တာကာလအတွင်းမှာ အာဖရိက တိုက်တောင်ပိုင်းဒေသ တစ်ကြောမှာ ပျမ်းမျှအားဖြင့် အပူချိန်ဟာ နှစ်ဆဖြစ်လာပါတယ်။ အဲဒီအခြေအနေ ကြောင့် မိုးမရွာတဲ့ အဖြစ်ကို ရောက်လာခဲ့တာပါပဲ။

မိုးခေါင်မှုဒဏ်ကို လယ်သမားတွေ၊ မွေးမြူရေးသမားတွေ၊ ဟိုတယ်လုပ်ငန်းပိုင်ရှင်တွေ၊ ကျောင်းဆရာတွေ အားလုံး ထိခိုက်ခံစားရပါတယ်။ နဂိုကမှ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတဲ့ ဇင်ဘာဘွေနိုင်ငံအတွက် မိုးခေါင်မှု ဖြစ်လာတာဟာ နောက် ထပ်ပြဿနာတစ်ခု ထပ်တိုးလာတာပါပဲ။ ဇင်ဘာဘွေနိုင်ငံမှာ ငွေကြေးဖောင်းပွမှု၊ ရေနံ၊ ဆေးဝါး၊ သောက်သုံးရေနဲ့ လျှပ်စစ်ပြတ်တောက်မှု အစရှိတဲ့ ပြဿနာတွေနဲ့ လုံးချာလည်လိုက်နေပါတယ်။

## စိမ့်မြေတွေခန်းခြောက်

မျက်စိရှေ့မှာမြင်နေရတဲ့ လူတိုင်းကတော့ အစားအသောက် ဖူလုံမှုမရှိခြင်းဆိုတဲ့ အခက်အခဲနဲ့ ရင်ဆိုင်နေရတယ်လို့ အသက် ၆၈နှစ်အရွယ် ဂျန်ဆွန် နက်စ်ရှာဗာက ပြောပါတယ်။ မိုးရွာဖို့ ရှေးရိုးအစဉ်အလာပွဲတွေလုပ်ကြတယ်။ ဒါပေမယ့် ဘာမှထူးမလာဘူး။ စိမ့်မြေတွေဟာလည်း ခြောက်သွေ့လာတယ်။

တစ်နှစ်ပတ်လုံး စီးဆင်းတဲ့ စမ်းချောင်းတွေဟာလည်း ခန်းခြောက်လာပြီလို့ သူကဆက်ပြောပါတယ်။ ဇင်ဘာဘွေနိုင်ငံရဲ့ လူဦးရေ ၁၅သန်းမှာ ၆၀ ရာခိုင်နှုန်းကတော့ လက်ရှိမှာ အစားအသောက် ဖူလုံမှု မရှိဘူးလို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကပြောပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခန့်က မုန်တိုင်း Idai မဝင်ရောက်မီတုန်းကလည်း ဘူဟီရာဟာ မိုးခေါင်မှုနဲ့ ရင်ဆိုင်နေရတာပါပဲ။ အခုနှစ် မှာတော့ ပိုပြီးတော့တောင် ဆိုးလာပါတယ်။

## သီးနှံ ၇၀ ရာခိုင်နှုန်းဆုံးရှုံးရ

ရာနဲ့ချီတဲ့လူတွေဟာ အင်န်ဂျီအိုအဖွဲ့တွေ၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပေးဝေမယ့် အစားအသောက်အတွက် စိတ်ရှည်စွာ စောင့်ဆိုင်းယူကြရပါတယ်။ လွန်ခဲ့တဲ့နှစ်တုန်းကလည်း မိုးခေါင်မှုကြောင့် သီးနှံ ၇၀ ရာခိုင်နှုန်းခန့်ကို ဆုံးရှုံးခဲ့ရပါတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ မိုးရာသီဟာ နောက်ကျမှ ကျရောက်ပြီးအချိန်ကလည်း ခဏတာလေးပါပဲ။ ဒါကြောင့်လည်း ရှေးရိုးအစဉ်အလာအတိုင်း စိုက်ပျိုးနည်းစနစ်ကို ထိခိုက်စေခဲ့ပါတယ်။

## ဆာလောင်မှုကြောင့်ကျောင်းပျက်ရ

ကျောင်းဆရာတစ်ဦးဖြစ်တဲ့ တက်ဒီဆိုင်ဝဘ်ဘာကတော့ သူ့အတန်းက ကလေးတွေအကြောင်းကို ဒီလိုပဲ ပြောပြခဲ့ပါတယ်။ တစ်နေ့မှာတော့ သူ့အခန်းထဲက ကလေး ၁၅ ယောက်ဟာ ကျောင်းမလာနိုင်ပါဘူး။ ကျောင်းပျက်ရတဲ့အကြောင်းရင်းကတော့ ဆာလောင်မှုကြောင့် ဖြစ်ပါတယ်။ နောက်တစ်တန်းမှာတော့ ကျောင်းသားပေါင်း ၃၀ တောင် ကျောင်းမလာနိုင်ပါဘူး။

တစ်ခါတလေမှာဆိုရင် ဘာမှမစားဘဲ ကျောင်းတက်ရသူတွေတောင် ရှိပါတယ်လို့ နောက်ထပ် ဆရာမတစ်ဦးဖြစ်တဲ့ ထရိုင်းနက်စ် ကေယူနီက ပြောပါတယ်။ ကေယူနီမှာတော့ ကလေးတစ်ဦးရှိပြီး သူဟာ ပြီးခဲ့တဲ့နှစ်စက်တင်ဘာလကစလို့ လစာမရဘဲ အလုပ် လုပ်နေရပါတယ်။ အဲဒီနောက်တစ်နေ့ကို တစ်နပ်သာစား နိုင်ပါတော့တယ်။

ဇင်ဘာဘွေနိုင်ငံမှာရှိတဲ့ လူပေါင်း ၂ ဒသမ ၃ သန်းအတွက် အစားအစာလုံလောက်ဖို့ ရန်ပုံငွေအသည်းအသန် လိုအပ်နေပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကလည်း လိုအပ်တဲ့ရန်ပုံငွေအတွက် သုံးပုံပုံ တစ်ပုံသာ ကောက်ခံရရှိပါသေးတယ်။

## လျစ်လျူရှုကြ

သူခိုးတွေကလည်း ထောက်ပံ့ရေးအစားအသောက်တွေကို ခိုးယူကြပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ကုလသမဂ္ဂ အေဂျင်စီနဲ့ ဇင်ဘာဘွေအစိုးရတို့ ပူးပေါင်းပြီး မိုးရေချိန်တိုင်းတဲ့ပစ္စည်း ၁၆၅ ခုကို မိုးခေါင် ရေရှားမှုခံစားရတဲ့ ခရိုင်တွေမှာ ဖြန့်ဝေမှုတွေပြုလုပ်ခဲ့ ပါတယ်။ ရွာသားတွေအနေနဲ့ ရာသီဥတုအခြေအနေကို တွက်ချက်နိုင်ပြီး စိုက်ပျိုးဖို့အချိန်ကောင်းကိုလည်း တွက်ချက်နိုင်ပါတယ်။

တကယ်လို့များ မိုးရာသီကာလတိုမယ်ဆိုရင် မြန်မြန် အပင်ပေါက်မယ့်အစေ့ကို ရွေးချယ်ရမှာပဲ ဖြစ်ပါတယ်။ ဒီနည်းပညာကိုသာ စောစောကသိခဲ့မယ်ဆိုရင် ဒီအချိန် လောက်ဆိုရင် အသင့်အတင့်ချမ်းသာနေပြီး ကလေးတွေကိုလည်း ကျောင်းထားနိုင်ခဲ့မှာပဲလို့ အသက် ၅၈ နှစ် အရွယ် ဟတ်ပါကာက ပြောပါတယ်။ သူကတော့ မိုးရွာ ပြီးလျှင်ပြီးချင်းပဲ သူ့ရဲ့အိမ်နီးနားချင်းတွေကို မိုးရေချိန်အကြောင်းအသိပေးခဲ့ပါတယ်။

ဝမ်းနည်းဖို့ကောင်းတာက တချို့သော လယ်သမားတွေဟာ သူ့ရဲ့စကားကို နားမထောင်ကြဘဲ လျစ်လျူရှုကြတာပါပဲ။ ရရှိလာတဲ့ သတင်းအချက်အလက်အတိုင်း အသုံးချဖို့ကို လယ်သမား တွေက တွန့်ဆုတ်နေကြတယ်လို့ သူက ဆက်ပြောပါတယ်။

## အတိတ်ကရုန်းမထွက်နိုင်

သူတို့ဟာ ရှေးရိုး နည်းလမ်းတွေမှာပဲ နစ်မြုပ်နေပြီး အတိတ်ကနေ ရုန်းမထွက်နိုင်ကြဘူးလို့ သူကဆက်ပြောပါတယ်။ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍမှာတင် ထိခိုက်တာမဟုတ်ပါဘူး။

ဇင်ဘာဘွေနိုင်ငံနဲ့ ဇမ်ဘီယာ နိုင်ငံတို့အတွက် အဓိကလျှပ်စစ်ထုတ်ပေးနေတဲ့ ဆည်မှာလည်း မိုးခေါင်မှုကြောင့်အပြည့်အဝ မလည်ပတ်နိုင်ပါဘူး။ ၂၀၂၀ ပြည့်နှစ်မှာတော့ ၂၅ ရာခိုင်နှုန်းသာ ထုတ်လုပ်ပေးနိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

မိုးခေါင်မှုကြောင့် မွေးမြူရေးလုပ်ငန်းတွေမှာလည်း ထိခိုက်ရပြန်ပါတယ်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့် အာဖရိက တောင်ပိုင်းဒေသရဲ့ ငတ်မွတ်ခေါင်းပါးမှုကို ပိုမိုဆိုးရွားလာစေတာကတော့ အမှန်ပါပဲ။ ။

**ကိုးကား-အေအက်ဖ်ပီ**

**"အာဖရိကတောင်ပိုင်းမှာရှိတဲ့ လူပေါင်း ၄၅ သန်းကတော့ ငတ်မွတ်ခေါင်းပါးမှုဆိုတဲ့ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်နေရပြီလို့ ကုလသမဂ္ဂက ပြောပါတယ်။ အခုလို ငတ်မွတ်မှုပြဿနာကို အရင်တုန်းကတစ်ခါမှ ကြုံတွေ့ခဲ့ရဖူးခြင်းမရှိသလို ဒီထက်လည်း အခြေအနေပိုပြီး ဆိုးရွားလာနိုင်တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အာဖရိကတောင်ပိုင်းဆိုင်ရာဒေသတွင်း ညွှန်ကြားရေးမှူး လိုလာကတ်စ်ထရိုက ပြောပါတယ်"**

## နိုင်ငံတကာသတင်းတိုထွာ

### တူရကီနိုင်ငံအနောက်မြောက်ပိုင်းတွင် အိုင်အက်စ်တို့နှင့် ဆက်နွှယ်သည့် ဆီးရီးယားလေးဦးကို ဖမ်းဆီး

အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၈

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ဘူဆာစီရင်စုတွင် အိုင်အက်စ်တို့နှင့် ဆက်နွှယ်မှုရှိသည်ဟု သံသယရှိသော ဆီးရီးယား လေးဦးကို တူရကီရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု အနာဒိုလူ သတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။ ဖေဖော်ဝါရီ ၁၈ ရက်အစောပိုင်းကလည်း အဆိုပါဒေသတွင် နောက်ထပ် လူသုံးဦးကိုလည်း အိုင်အက်စ် အုပ်စုနှင့် ဆက်နွှယ်မှုရှိသည်ဟု သံသယရှိသည့်အတွက် ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူများထဲတွင် အကြမ်းဖက်အုပ်စုအတွက် ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ခဲ့သူလည်းပါဝင်သည်။ အလူတာကီအယ်ရှာမီသည် ဆီးရီးယားတွင် အိုင်အက်စ်တို့ စစ်ဆင်ရေးဆင်နွှဲစဉ်အချိန်က ကွပ်မျက်သူအဖြစ် လုပ်ဆောင်ခဲ့သူလည်းဖြစ်သည်။ ၎င်းသည် သဘာဝဓာတ်ငွေ့ ကုမ္ပဏီတွင်အလုပ်လုပ်ကိုင်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ဆင်ဟွာ

### ခရီးသွားလာခွင့်ပိတ်ပင်ထားမှုကို ဖယ်ရှားပေးရန် နယူးဇီလန်ကို တရုတ်သံအမတ်ကြီးတောင်းဆို

ဝယ်လင်တန် ဖေဖော်ဝါရီ ၁၈

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေချိန်အတွင်း တရုတ်နိုင်ငံအပေါ် ချမှတ်ထားသည့် ခရီးသွားလာခွင့်ပိတ်ပင်မှုသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ထိခိုက်မှုဖြစ်လာစေသည့်အတွက် ခရီးသွားလာခွင့်ပိတ်ပင်မှုကို ဖယ်ရှားပေးရန် နယူးဇီလန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝူကျီက ဖေဖော်ဝါရီ ၁၈ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

သံအမတ်ကြီး ဝူကျီက ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ညွှန်ကြားချက်များကို လေးစားလိုက်နာသင့်ကြောင်း တရုတ်သံရုံး၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ နိုင်ငံတကာ ခရီးသွားလာမှုနှင့် ကုန်သွယ်ရေးဆောင်ရွက်မှုတို့တွင် မလိုလားအပ်သည့် အနှောင့်အယှက်အဆီးအတားများဖြစ်လာစေသည့် ဆောင်ရွက်ချက်များလုပ်ဆောင်ရန် အကြောင်းမရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ပြောကြားခဲ့ကြောင်း သံအမတ်ကြီးက ကိုးကားပြောဆိုခဲ့သည်။ ဆင်ဟွာ

# မြေဆီလွှာဓာတ်ခွဲခန်း(ပခုက္ကူ)ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**ပခုက္ကူ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မြေဆီလွှာဓာတ်ခွဲခန်း (ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်က ပခုက္ကူမြို့ အမှတ်(၁၁) ရပ်ကွက်ရှိ ဝါကြိတ်စက်ရုံဝင်းအတွင်း၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ဓာတ်ခွဲခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလင်းမြတ်က မြေဆီလွှာဓာတ်ခွဲခန်း (ပခုက္ကူ) ဖွင့်လှစ်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်းတို့က မြေဆီလွှာ ဓာတ်ခွဲခန်း (ပခုက္ကူ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက မြေဆီလွှာဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ မြေဆီလွှာဓာတ်ခွဲခန်းကို မကွေးမြို့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်အတွင်းရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေ၊ ရေနှင့် ဓာတ်မြေဩဇာများကို ဓာတ်ခွဲစမ်းသပ်ပေးနိုင်ရန် ယခု မြေဆီလွှာဓာတ်ခွဲခန်း(ပခုက္ကူ)ကို ထပ်မံဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျေးလက်နေ ဒေသခံပြည်သူများ တွေ့ဆုံ

**ပဲခူး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ပဲခူးမြို့နယ် စစ်ပင်ဆိပ်ကျေးရွာမှ ဒေသခံပြည်သူများအား အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူများကြား ဖြစ်ပေါ်လျက်ရှိသော အခက်အခဲ၊ ပြဿနာများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကိုရိုနာဗိုင်းရပ်စ်အကြောင်းနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ အမြန်လမ်းမကြီး ဥပဒေနှင့် လမ်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ သိကောင်းစရာများကို ဒေသခံပြည်သူများအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြသည်။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ကျေးရွာနေပြည်သူများ တွေ့ဆုံဆွေးနွေးစဉ်

ထို့နောက်တွေ့ဆုံပွဲသို့လာရောက်ကြသည့် ဘောနတ်ကြီး ကျေးရွာ၊ သူဌေးကုန်းကျေးရွာ၊ စစ်ပင်ဆိပ်ကျေးရွာ၊ လှော်ကားကျေးရွာနှင့် လက်ပံခုန်းကျေးရွာတို့မှ ပြည်သူများက ကျေးရွာအလိုက် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ ကျေးလက်မီးလင်းရေး လိုအပ်ချက်များ၊ လမ်း/တံတား လိုအပ်ချက်များနှင့် အိမ်ထောင်စု သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်များ ပြုလုပ်ပေးရန်၊ မြေယာ နစ်နာကြေး ရရှိရန်နှင့် ပုံစံ(၇)များ အသစ်ထုတ်ပေးရန် စသည့် ကိစ္စရပ်များကို တင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

**တင်စိုး(ပဲခူး)**

# ရှမ်းပြည်နယ် ကိုရိုနာဗိုင်းရပ်စ် COVID-19 စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီစည်းဝေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်အဆင့် ကိုရိုနာဗိုင်းရပ်စ် (COVID–19) စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီ (Surveillance and Response Team–SRT)၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(တောင်ကြီး)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာချစ်တင်၊ ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (လားရှိုး)မှ ပြည်နယ်ဦးစီးမှူး ဒေါက်တာ တင်မောင်ညွန့်နှင့် ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ကျိုင်းတုံ)မှ ပြည်နယ်ဦးစီးမှူး ဒေါက်တာမြင့်ကျော်တို့က ပြည်နယ်အတွင်း (COVID–19) သံသယလူနာ တွေ့ရှိရမှု အခြေအနေ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေစသည်တို့ကို တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်နယ် လူမှုရေးဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**



# မိုးကောင်းမြို့ ရွှေသာလျောင်းဘုရားကြီး နှစ်(၁၅၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**မိုးကောင်း ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့ ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီး နှစ်(၁၅၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်သံဃနာယကဒုတိယဥက္ကဋ္ဌ သောင်ဦးဆရာတော်၊ ပြည်နယ် ဘဏ္ဍာအခွန် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ)ဦးဒိပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ မိုးကောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် ရွှေသာလျောင်းဘုရားဂေါပကဥက္ကဋ္ဌ ဦးလှထွန်းတို့က ဗုဒ္ဓပူဇနီယပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ဆရာတော်များအား သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီးကို ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်ရေး ရည်ရွယ်လျက် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၃၀ က စတင်တည်ထားခဲ့ရာ ယခုနှစ်သည် နှစ် ၁၅၀ ပြည့်မြောက်ခြင်းဖြစ်ကြောင်း သိရသည်။ နှစ်(၁၅၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်တွင် ပင့်သံဃာအပါး ၅၀ တို့အား အရုဏ်ဆွမ်းကပ်ခြင်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဝတ်အသင်းသူ အသင်းသားများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဆွမ်းတော်ကြီးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူများက မြို့တွင်းသို့ လှည့်လည်ပင့်ဆောင်ခြင်းများ ပြုလုပ်ခဲ့သည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၃ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားစွာ ကျင်းပမည်ဖြစ်ပြီး ပွဲဈေးနှင့် ရုံဖွင့်ရုံပိတ် ဇာတ်များလည်း ပါဝင်ကာ လူသစ်တန်းနှင့် လက်ရွေးစင် ပိုက်ကျော်ခြင်းပြိုင်ပွဲကိုလည်း နေ့စဉ်ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# မုဒုံမြို့ လူငယ်ရိပ်သာစာကြည့်တိုက် အုတ်မြစ်ချပွဲကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၁၈**

မုဒုံမြို့ မြို့မ(၁)ရပ်ကွက် ဘုရင့်နောင်လမ်း၌ လူငယ်ရိပ်သာစာကြည့်တိုက် တည်ဆောက်ရန် အုတ်မြစ်ချပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများ တက်ရောက်ကာ အုတ်မြစ်များ ချပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်များ အသိပညာတိုးပွားလာစေရန် ရည်ရွယ်ပြီး လူငယ်ရိပ်သာစာကြည့်တိုက် တည်ဆောက်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ကြသည့် အကျိုးဆောင်နှင့် ရပ်ကွက်သူ ရပ်ကွက်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး စာကြည့်တိုက်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၆၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည်။ ထို့နောက် တစ်ဦးချင်း အလှူရှင်များကလည်း စာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်ကြရာ ငွေကျပ် ၄၇၈ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

ယခုဆောက်လုပ်မည့် လူငယ့်ရိပ်သာစာကြည့်တိုက် အဆောက်အအုံသည် အလျား ၁၇ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၃၅ ပေရှိမည့် အာရ်စီအမျိုးအစား သုံးထပ်စာကြည့်တိုက်ဖြစ်ကြောင်း၊ ယခင်စာကြည့်တိုက်အဟောင်းမှာ ၁၉၆၂ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့သည့် ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းစာချုပ် ချုပ်ဆို

**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာစေရေး အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ထိုင်းနိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် SL International Construction လီမိတက်တို့ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ဘားအံမြို့ရှိ သီရိဘားအံဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ် စီမံကိန်း ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး SL International Construction မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းမင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်း သံအမတ်ကြီးတို့က အမှာစကားပြောကြားသည်။ ထို့နောက် SL International Construction မှ မန်နေဂျင်းဒါရိုက်တာနှင့် ထိုင်းနိုင်ငံ Centara International Management ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ကရင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝများ တိုးမြင့်လာခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာခြင်း၊ အဆင့်မြင့် ဟိုတယ်လုပ်ငန်း စီမံခန့်ခွဲမှုဝန်ဆောင်မှု စနစ်များ ဖြစ်ထွန်းလာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇော**

## အာဆီယံအပေါင်းသုံး အရေးပေါ် အရန်ဆန်ရိက္ခာကောင်စီ၏ (၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုဂံ ဖေဖော်ဝါရီ ၁၈**
အာဆီယံအပေါင်းသုံး အရေးပေါ် အရန်ဆန်ရိက္ခာ (ASEAN Plus Three Emergency Rice Reserve-APTERR) ကောင်စီ၏ (၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ Heritage Bagan Hotel ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးကျော်မင်းဦးနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းတို့က အမှာစကား ပြောကြားသည်။

အာဆီယံနိုင်ငံများအတွင်း အာဆီယံအရေးပေါ် ဆန်အရန်ရိက္ခာကို ၂၀၁၄ ခုနှစ် မတ်လမှ စတင်၍ အရှေ့အာရှအရေးပေါ် ဆန်အရန်ရိက္ခာအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ရှေ့ပြေးစီမံကိန်းအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လမှစ၍ တရုတ်၊ ဂျပန်နှင့် ကိုရီးယားသုံးနိုင်ငံ ထပ်မံတိုးချဲ့လျက် အာဆီယံအရေးပေါ် ဆန်အရန်ရိက္ခာ အစီအစဉ်မှ အရှေ့အာရှအရေးပေါ် ဆန်အရန်ရိက္ခာ အစီအစဉ်အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး အာဆီယံအပေါင်းသုံးနိုင်ငံများတွင် ဆန်အရန်ရိက္ခာ စုဆောင်းထားရှိခြင်းဖြင့် နိုင်ငံတစ်နိုင်ငံချင်းအလိုက် သာမက အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့်အပြင် ညီညွတ်ပေါင်းစည်းရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ကာ ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သော အာဆီယံအပေါင်းသုံးနိုင်ငံများ၏ (၁၂) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးဆုံးဖြတ်ချက်နှင့် ၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွင်း ဘရူနိုင်းဒါရုဆလင်နိုင်ငံ၌ ကျင်းပခဲ့သော နဝမအကြိမ်မြောက်အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးများနှင့် အပေါင်းသုံးနိုင်ငံတို့၏ အစည်းအဝေးမှ သဘောတူထောက်ခံချက်တို့အရ အရှေ့အာရှအရေးပေါ်ဆန်အရန်ရိက္ခာမှ အာဆီယံအပေါင်းသုံးနိုင်ငံ အရေးပေါ်ဆန်အရန်ရိက္ခာ APTERR အဖြစ် ပြောင်းလဲဆောင်ရွက်ရန် သဘောတူညီမှုအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့အပြင် အဖွဲ့ဝင်နိုင်ငံများ၌ အရေးပေါ် အခြေအနေများအရ လိုအပ်လာပါက APTERR အရေးပေါ် သတ်မှတ်ချက်အဆင့် ၁ အနေဖြင့် သတ်မှတ်ဆန်အား စီးပွားရေးနည်းလမ်းဖြင့် ဖြန့်ဝေခြင်း အစီအစဉ်ကိုလည်းကောင်း၊ အရေးပေါ် သတ်မှတ်ချက်အဆင့် ၂ အနေဖြင့် သတ်မှတ်ဆန်အား ကာလရှည်ချေးငွေ / အကူအညီဖြင့် ဖြန့်ဝေခြင်းအစီအစဉ်ကိုလည်းကောင်း၊ အရေးပေါ်သတ်မှတ်ချက်အဆင့် ၃ အနေဖြင့် သိုလှောင်ဆန်အား အကူအညီဖြင့် ဖြန့်ဝေခြင်း အစီအစဉ်ကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် APTERR ကောင်စီ၏ (၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် APTERR ၏ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များအား သုံးသပ်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သိန်း

## သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၁၈**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ နှင့် မြို့နယ်ရပ်/ကျေး ကော်မရှင်ဖွဲ့စည်းပုံများ၊ ၂၀၂၀ တွင် ကျင်းပမည့် ရွေးကောက်ပွဲကို လွတ်လပ်ရမည်၊ မျှတရမည်၊ အများယုံကြည်လက်ခံမှု ရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲ ရလဒ်တစ်ထပ်တည်း ကျရမည်၊ ဘက်မလိုက်ရ စသည့် စံ (၅)ချက်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုင်းမင်းလွင်က အခြေခံမဲဆန္ဒရှင်စာရင်းများ ကောက်ယူမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်တို့၏ ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြသည်။

သီပေါမြို့နယ်အနေဖြင့် ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ရပ်ကွက် ၁၁ ရပ်ကွက်တို့တွင် အသက် (၁၈)နှစ်နှင့် အထက် ၁၄၀၀၀၀ ကျော်၊ (၁၀) နှစ်အောက် ၅၂၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၁၀၇ ရုံ ဖွင့်လှစ်နိုင်ရန် သတ်မှတ်လျာထားကြောင်း သိရသည်။

စိုင်း(သီပေါ)

## မြန်မာ - ဂျပန် အနုပညာရှင်များ ပူးပေါင်းတင်ဆက်သည့် ဂန္ထဝင်ဂီတဆည်းဆာ ဖျော်ဖြေပွဲ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် "Myanmar National Symphony Orchestra Concerts 2020" ဖျော်ဖြေပွဲများကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ Novotel Hotel ၌ ညနေ ၆ နာရီမှ ည ၉ နာရီအထိ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် နေပြည်တော် MICC-II ၌ ညနေ ၆ နာရီမှ ည ၉ နာရီအထိ လည်းကောင်း ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ အဆိုပါထူးခြားသည့် ဂန္ထဝင်ဂီတဆည်းဆာဖျော်ဖြေပွဲများကို မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Tel.09-5006552, 067-06779086, 01-527122 Ex.308၊ ဂျပန်သံရုံး Tel. 01-549664-48 နှင့် info.cul@yn.mofa.go.jo များသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲဝင်ရန် လူရွေးချယ်ပွဲပြုလုပ်မည်

**မန္တလေး ဖေဖော်ဝါရီ ၁၈**
ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅) နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရန် မန်းတိုင်းပဏာမ ဖူဆယ်လက်ရွေးစင်ဘောလုံး(B)အသင်းအတွက် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် မဟာအောင်မြေမြို့နယ် ၅၅လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားရှိ လပ်ကီးဟုန်း ဖူဆယ်ဘောလုံးကွင်း၌ လူရွေးချယ်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ လာရောက်ရွေးချယ်ခံကြမည့် ဖူဆယ်ဘောလုံးသမားတို့သည် မိမိအိမ်ထောင်စုဇယားမူရင်း၊ မှတ်ပုံတင်မူရင်းတို့နှင့်အတူ တစ်ပါတည်း လာရောက်ရွေးချယ်နိုင်ပါကြောင်း သိရသည်။

တင်မောင်

## ခေတ်ပေါ်နှင့် ဂန္ထဝင် ရန်ပုံငွေ ဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**
မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကြီး၏ အသင်းဝင် မသန်စွမ်းသူ ၁၂၀၇၈ ဦးအား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ မသန်စွမ်းသုံးအထောက်အကူပစ္စည်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး၊ မြေမြှုပ်မိုင်းနှင့် စစ်ဘေးစစ်ဒဏ်သင့်သူများ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ခေတ်ပေါ်နှင့် ဂန္ထဝင်ရန်ပုံငွေ ဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၂၂ ရက် စနေနေ့ ည ၇ နာရီ မှ စတင်၍ ရန်ကုန်ပြည်လမ်း International Business Center-IBC ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် ပါဝင်သီဆို ဖျော်ဖြေပေးကြမည့် တေးဂီတအနုပညာရှင်များအားလည်း ဟာမိုနီတေးသံသွင်း၌ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက် နံနက် ၉ နာရီ မှ ညနေ ၅ နာရီ အထိ နှစ်ရက်ဆက် သီချင်းတိုက်ပေးမည်ဟု ဖိတ်ခေါ်ထားသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

## ထားဝယ်မြို့ သီတဂူအာရောဂျဒါန ဆေးရုံတော်တွင် အထွေထွေရောဂါများ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်

**ထားဝယ် ဖေဖော်ဝါရီ ၁၈**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သီတဂူအာရောဂျဒါန ဆေးရုံတော်တွင် (၁၇)ကြိမ်မြောက် ကျန်းမာရေးအလှူတော်ကို သီတဂူဆရာတော်ကြီး၏ အစီအစဉ်ဖြင့် အထွေထွေရောဂါဝေဒနာရှင်များအား ဖေဖော်ဝါရီ ၂၀ရက်မှ ၂၅ ရက်အထိ စမ်းသပ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ စမ်းသပ်ခွဲစိတ်ကုသပေးမည့် အထွေထွေရောဂါများမှာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါများ၊ နှလုံး၊ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်ရောဂါများ၊ လည်ပင်းကြီးရောဂါ၊ မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်ရှိ အကျိတ်အဖုအလုံးများ ခွဲစိတ်ပေးမည်ဖြစ်ပြီး အူကျရောဂါ၊ မုတ်ရောဂါ၊ လိပ်ခေါင်းရောဂါ၊ အူအတက်ရောဂါ၊ မီးယပ်သားဖွားရောဂါများနှင့် အမျိုးသမီးရောဂါများကို အမေရိကန်အထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်ပေးမည်ဖြစ်ကြောင်း၊ ကလေးရောဂါများ၊ စိတ်ရောဂါသည်များ၊ အမျိုးသမီးကင်ဆာရောဂါများကိုလည်း ကုပေးမည်ဖြစ်သည်။

ကုသိုလ်ရှင်များက လိုအပ်သောဆေးဝါးနှင့် ဝေယျာဝစ္စအတွက် အလှူငွေများကို သီတဂူဆေးရုံတော်နှင့် ထားဝယ် KBZ ဘဏ်စာရင်းအမှတ်-၀၄၇၁၂၂၀၀၀၆၄၆၂ သို့ ထည့်သွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၁၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၆၅ | ကျပ် | ၈၅၀/၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၂၀/၈၇၅ | ကျပ် | ၈၆၅/၈၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၇၇၀ | ကျပ် | ၇၈၅/၈၀၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၀ | ကျပ် | ၉၀၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၄၆ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၈ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၇၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၇ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၆ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၂၂၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၄၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၂၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၃၉၈၅ | ၄၆၈၆၈၀၀၀ |
| MTSH | ၄၀၀၀ | ၃၉၅၀ | ၂၃၅၅ | ၉၃၀၄၇၅၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၂၅၀၀ | ၂၃ | ၅၂၂၅၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၃၄ | ၉၈၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## သရုပ်ဆောင် ဇာဏ်ခီ ဒူးဒဏ်ရာကြောင့် အနုပညာအလုပ် လေးလခန့် နားရမည်ဖြစ်ပြီး အကယ်ဒမီ ဆုချီးမြှင့်ပွဲသို့လည်း တက်ရောက်နိုင်ရန် မသေချာ



ဥပါယ်တံမျဉ် ရုပ်ရှင်ဇာတ်ကားဖြင့် မြန်မာ့ရုပ်ရှင်လောကထဲကို ဝင်ရောက်လာခဲ့ပြီး မုဒြာခေါ်သံနှင့် ထာဝရနှောင်ကြိုး စုစုပေါင်း ဇာတ်ကား သုံးကားတည်းဖြင့် ပရိသတ်များ၏ အားပေးမှုများကို အချိန်တိုအတွင်း ရရှိထားသူ သရုပ်ဆောင် ဇာဏ်ခီအနေဖြင့် ဒူးဒဏ်ရာကြောင့် မတ်လမှစတင်ပြီး အနုပညာအလုပ်များကို ခဏတာ ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

ဇာဏ်ခီ၏ဇနီးဖြစ်သူ ခရစ်စတီးနားခီက "သူ့ရဲ့ ဒူးဒဏ်ရာက ဖြစ်နေတာကြာပြီ၊ ဆရာဝန်နဲ့ ရက်ချိန်းမရသေးတာကြောင့် စောင့်နေတာပါ၊ ဆရာဝန်ကလည်း ခွဲမယ်ခွဲမယ်နဲ့ ရက်ကို ချိန်နေတာကြောင့် အခုလို ကြာသွားခဲ့တာပေ့ါနော်၊ အခုတော့ မတ်လထဲ ခွဲဖြစ်မယ်လို့ ပြောတယ်၊ အစ်မကတော့ သူ့ကို အက်ရှင်ဆန်ဆန်တွေ ရိုက်ဖို့ မတိုက်တွန်းဘူး၊ စိုးရိမ်လို့ပါ၊ သူ့ဒူးကဒဏ်ရာက ကောင်းလာရင်တောင် အနားယူရမယ်၊ သိပ်ပြီး ပင်ပင်ပန်းပန်းတွေ ရိုက်လို့ အဆင်မပြေဘူးပေ့ါနော်၊ အနည်းဆုံးတော့ လေးလလောက် နားရမယ်၊ ဒါပေမယ့် နားနေတဲ့အချိန်မှာ ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ပတ်သက်တာလေးတွေကိုတော့ သူနဲ့အတူတူ တိုင်ပင်ပြီး လုပ်ဖို့ ပြင်ဆင်ထားတယ်၊ ပြီးတော့ သူ့ရဲ့ ဒုတိယမြောက် တစ်ကိုယ်တော် သီချင်းခွေကလည်း ရှိသေးတယ်လေ၊ အဲဒီအတွက်လည်း သီချင်းတွေ သေချာပြင်ဆင်ရမယ်ဆိုတော့ မတ်လထဲမှာ ပွဲတွေ တက်ဖြစ်မှာ မဟုတ်လောက်ပါဘူး"ဟု ပြောသည်။

မတ်လအတွင်း ကျင်းပမည့် ၂၀၁၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ခရစ်စတီးနားခီ ရိုက်ကူး၍ ဇာဏ်ခီ သရုပ်ဆောင်ထားသော ထာဝရနှောင်ကြိုး (Now & Ever)ရုပ်ရှင်ဇာတ်ကားသည် ပရိသတ်များ ခန့်မှန်းနေကြသည့် စာရင်းထဲတွင် ပါဝင်လျက်ရှိသည်။

"အကယ်ဒမီဆုကိုတော့ မမျှော်မှန်းရဲပါဘူး၊ ပရိသတ်တွေ မျှော်မှန်းပေးတာကိုပဲ ကျေးဇူးတင်ပါတယ်၊ အခုဆို Now & Ever ဇာတ်ကားကို ရုံတင်ပြသခွင့်ဆက်တိုက်ရနေတာကိုပဲ ဝမ်းသာရပါတယ်၊ ရှေ့မှာတုန်းက ရိုက်ခဲ့တဲ့ နှစ်ကားဆို အခုလောက် ရုံတင်ရက်မရခဲ့ပါဘူး၊ အဲဒီတုန်းက ဇာတ်ကားတွေက များနေတာမို့လည်း ပါမှာပေ့ါနော်၊ အခုတော့ ရုံတင်ရက်ပြည့်ပြီးတာတောင်ဆက်ပြီး ပြသပေးနေတဲ့အတွက် မင်္ဂလာ ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်၊ နောက် ထပ်ဆက်ပြီး ကိုယ့်ရဲ့ အနုပညာကို ပရိသတ်တွေကို ထပ်ပြနိုင်ဖို့ အင်အားရစေပါတယ်၊ ပြီးတော့ ပြည်ပမှာလည်း ပြသနိုင်ခဲ့တယ်၊ စင်ကာပူ ရုပ်ရှင်ဈေးကွက်ကလည်း စိတ်ဝင်စားမှုတွေ ရှိလာတယ်လို့ သိရတယ်၊ ဒါတွေအတွက် အများကြီးဝမ်းသာရပါတယ်၊ နောက်ဆို ပြည်ပ ရုပ်ရှင်ဈေးကွက်မှာ ကိုယ့်နိုင်ငံအတွက် တစ်ထောင့် တစ်နေရာ ရလာမယ်လို့ မြင်ပါတယ်"ဟုလည်း ခရစ်စတီးနားခီက ဆက်လက်ပြောကြားသည်။

ကိုလင်း

## အွန်လိုင်းမှ ဗီဒီယိုရိုက်ကူး၍ ယှဉ်ပြိုင်ရမည့် "ရွှေမိုက်ခဲ" သီချင်းဆိုပြိုင်ပွဲ ကျင်းပမည်

ဆက်သွယ်ရေးအော်ပရေတာ MPT နှင့် တေးသံသာ Music App တို့ ပူးပေါင်း၍ အွန်လိုင်းမှတစ်ဆင့် သီဆိုယှဉ်ပြိုင်ရမည့် သီချင်းဆိုပြိုင်ပွဲတစ်ခု ဖြစ်သည့် ရွှေမိုက်ခဲ သီချင်းဆိုပြိုင်ပွဲကို စတင်ကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲသို့ တကူးတက သွားရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသော သီချင်းဆို ဝါသနာပါသူများအတွက် ရည်ရွယ်လျက် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ယှဉ်ပြိုင်လိုသူများသည် သီချင်းများကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ပေးပို့ယှဉ်ပြိုင်နိုင်ကာ မတ် ၂၈ ရက်တွင် ဖိုင်နယ်ပွဲကို ကျင်းပသွားမည်ဟု သိရသည်။

"ဒီပွဲကို ပြုလုပ်ရတဲ့ အဓိကအကြောင်းကတော့ နယ်ကလူအချို့မှာ အရည်အချင်းရှိပြီး နယ်ကနေ စရိတ်မြောက်မြားစွာ ကုန်ကျမှာကြောင့် လာပြိုင်ဖို့ အခွင့်အရေးကို လက်လွှတ်လိုက်ရတာတွေ ရှိပါတယ်။ အဲလို မပြိုင်လိုက်ရတဲ့သူတွေအတွက် ဒီပွဲကတကယ်ကို အခွင့်အရေးကောင်းတွေရမယ့် ပွဲပါ၊ ပြိုင်မယ့်သူတွေဟာ အွန်လိုင်းကနေ ဗီဒီယိုရိုက်ကူးပြီး ပေးပို့ယှဉ်ပြိုင်ရမှာပါ၊ သီချင်းတွေကတော့ လူကြိုက်အများဆုံး သီချင်းအပုဒ် ၄၀ ထဲက မိမိကြိုက်နှစ်သက်ရာ သီချင်းတစ်ပုဒ်ကို ရွေးချယ် သီဆိုပြီး ကိုယ့်ဖေ့စ်ဘုတ်အကောင့်ကနေ #shwemickhae #taythantharMpt လို့ tag တွဲပြီး public နဲ့ တင်ရမှာပါ၊ ပြီးရင် ပြိုင်ပွဲဝင်တွေအနေနဲ့ တင်ထားတဲ့ Post ရဲ့ Link နဲ့ အသေးစိတ်အချက်အလက်များ ဖြစ်တဲ့ ပြိုင်ပွဲဝင်အမည်၊ ဖုန်းနံပါတ်တွေကို ကျွန်တော်တို့ရဲ့ Facebook Messenger ဖြစ်တဲ့ (m.me/shwemickhae)သို့ ပေးပို့ရမှာပါ"ဟု ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည် ။




ပြိုင်ပွဲဖြစ်မြောက်ရေးအဖွဲ့နှင့် ဒိုင်အဖွဲ့ဝင်များ

အဆိုပါပြိုင်ပွဲတွင် ဒိုင်အဖြစ် မြင့်မိုးအောင်၊ လီယိုနာဒ် မောင်မောင်လွင်၊ တေးရေး ဝေကြီး၊ ရေဗက္ကာဝင်းနှင့် ဂျူဝယ်တို့က အကဲဖြတ်ပေးသွားမည်ဖြစ်ပြီး ပထမဆု ကျပ်သိန်း ၇၀၊ ဒုတိယဆု ကျပ်သိန်း ၃၀ နှင့် နှစ်သိမ့်ဆုများစွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များ၏အကောင့်တွင် တင်ထားသော Facebook post မှ Like အရေအတွက်ကို အခြေခံပြီး ဒုတိယအဆင့် ဆန်ခါတင်အတွက် ၁၀ ဦးကို စိစစ်ရွေးချယ်မည်ဖြစ်ကြောင်း၊ ထို့နောက် ထို ၁၀ ဦးထဲမှ လေးဦးကို ဒိုင်များက ထပ်မံရွေးချယ်ကာ နောက်ဆုံးအဆင့်အဖြစ် ထိုလေးဦးထဲမှ ပထမနှင့် ဒုတိယရရှိသူများအား ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် အသက် ၁၈ နှစ် ပြည့်ပြီးသူများဖြစ်ရန်လိုအပ်ကြောင်း သိရသည်။ **ကိုလင်း**

## ပြိုးမြတ်အောင်၏ ဒုတိယအခွေဖြစ်သည့် "ကိုယ်ပိုင်ကံကြမ္မာ" စီးရီး ထွက်ရှိမည်

Myanmar Idol Season(3)၏ Winner တစ်ဦးဖြစ်သူ ဖြိုးမြတ်အောင် အနေဖြင့် ပြိုင်ပွဲအပြီးတွင် ပထမဆုံး တစ်ကိုယ်တော်အခွေဖြစ်သည့် "ဒုတိယဘုရားသခင်"တေးစီးရီးကို ထွက်ရှိခဲ့ပြီးနောက် ယခုအခါ ဒုတိယမြောက် တေးစီးရီးဖြစ်သည့် " ကိုယ်ပိုင်ကံကြမ္မာ" တေးစီးရီးကို The Sun တေးထုတ်လုပ်ရေးမှတစ်ဆင့် ယခုလ ၂၀ ရက်တွင် စတင်ဖြန့်ချိသွားတော့မည်ဟု သိရသည်။

"ကျွန်တော်နဲ့ တေးရေး Nano Peace တို့က ၂၀၁၆ ခုနှစ်ကတည်းက တေးသီချင်းတွေ ဖန်တီးနေတာပါ၊ သီချင်းတွေကတော့ အစုံပါပါတယ်၊ ဘဝနဲ့ သက်ဆိုင်တဲ့ အကြောင်းလေးတွေကိုလည်း ထည့်ထားပါတယ် ၊ သီချင်းရွေးချယ်မှု အပိုင်းဆိုလည်း တေးရေးက သေချာပြောပြပါတယ်၊ ကျွန်တော်ကတော့ အချစ်သီချင်းတွေထက် ဘဝနဲ့သက်ဆိုင်တဲ့ သီချင်းတွေကို ပိုကြိုက်တယ်၊ အခု အခွေလေးမှာ ကျွန်တော်နဲ့ သက်ဆိုင်တဲ့ သီချင်းတွေ အများကြီးပါပါတယ်၊ ပြန်ပေးဆိုတဲ့ သီချင်းလေးက ကျွန်တော်နဲ့ ထပ်တူကျတဲ့ သီချင်းလေးပါ၊ နောက် မိသားစု ဆိုတဲ့ သီချင်းလေးလည်း ဒီအတိုင်းပါပဲ၊ ငြိမ်းချမ်းခွင့်ကိုပေး၊ ဘယ်သူပြောပြော စတဲ့ သီချင်းတွေကလည်း ကျွန်တော်အကြိုက်ဆုံးထဲက သီချင်းလေးတွေပါ၊ ဘယ်သူပြောပြော သီချင်းလေးဆိုရင် ကျွန်တော့်ကို ဝိုင်းတိုက်ခိုက်ကြတာတွေ၊ အဖိအနှိပ်တွေကြားထဲက ရုန်းထွက်ခဲ့ရတဲ့ အကြောင်းတွေကို ထည့်ထားပါတယ်"ဟု ဖြိုးမြတ်အောင်က ပြောသည်။

အဆိုပါ သီချင်းခွေတွင် သီချင်း ၁၃ ပုဒ် ပါဝင်ပြီး တေးရေးဆရာ Nano Peace၊ သွန်းပူ ၊ အောင်ရာ၊ တွမ်တွမ်၊ ပိုင်ထူး၊ ခုပ်ပီး၊ ဘွိုင်ခမ်းနှင့် ဖြိုးမြတ်အောင်တို့က ရေးသားထားကြကာ သီချင်းအမျိုးအစားအနေဖြင့် ရော့ခ်ဂီတ အမျိုးအစားစုံလင်စွာ ထည့်သွင်းထားကြောင်းနှင့် သီချင်းအကြောင်းအရာများတွင်လည်း အချစ်၊ အလွမ်း ၊ ဒဿန၊ ဘဝအကြောင်းစသည်ဖြင့် မျိုးစုံပါဝင်ကြောင်း သိရသည်။



ကိုလင်း

## ငဲငယ်လေး၏ ဒုတိယတေးစီးရီး ယခုလအတွင်း ထွက်မည်

၂၀၁၇ ခုနှစ်က "အိပ်မက်နဲ့ စိတ်ဓာတ်"ဟု အမည်ပေးထားသည့် ပထမဆုံး တစ်ကိုယ်တော်စီးရီးကို ထုတ်ဝေခဲ့သော ချစ်စမ်းမောင် (IC)၏ သမီးငယ်ဖြစ်သူ ငဲငယ်လေး၏ ဒုတိယမြောက် တစ်ကိုယ်တော်အခွေဖြစ်သည့် "Twenty"ဟု အမည်ပေးထားသော စီးရီးသစ်ကို ယခုလ ၂၄ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

အခွေအတွက် ဖခင်ဖြစ်သူ ချစ်စမ်းမောင်၏ ပံ့ပိုးကူညီမှုနှင့် ပတ်သက်၍ ငဲငယ်လေးက "သမီးအနေနဲ့ ဒီအခွေကို ကိုယ်တိုင်ပဲ ကြိုးစားခဲ့တာပါ၊ အဖေက သူ့အလုပ်နဲ့သူ ရှုပ်နေတာများတော့ သမီးရဲ့ ပထမအခွေလေးကတည်းက အခွေရိုက်တာကအစ၊ သီချင်းရွေးတာအဆုံး ကိုယ်တိုင်ကြိုးစားခဲ့ရတာပေ့ါနော်၊ ဒါပေမယ့် အဖေက သီချင်းတွေ ဘယ်လိုပုံစံ ဖန်တီးရတယ်ဆိုတာကို ငယ်ငယ်ကတည်းက သင်ပြပေးနေတော့ သီချင်းတွေနဲ့ သိပ်မစိမ်းပါဘူး၊ ဒီအခွေလုပ်တာမှာ အဖေနဲ့ ခဏခဏ စကားများရတယ်၊ စိတ်လည်းကောက်ခဲ့ရတယ်၊ အဖေက သီချင်းတွေဆိုတာကို မကြိုက်ရင် ပြန်ဆိုခိုင်းတာလေးတွေပေ့ါနော်၊ ဒါပေမယ့် အဖေ့ကို ကျေးဇူးတင်ပါတယ်၊ အဖေ သေချာပံ့ပိုးပေးလို့လည်း အခုလို လုပ်နိုင်တာပါ"ဟု ပြောသည်။



အခွေတွင်ပါဝင်မည့် သီချင်းများနှင့် ပတ်သက်၍လည်း "ဒီအခွေမှာ ပျော်ပျော်နေသေခဲဆိုတဲ့ သီချင်းလေးကို လူငယ်တွေရဲ့ ဘဝပုံရိပ်လေးတွေပေါ်အောင် တေးရေးဆရာ ဦးစံပီးက ရေးပေးထားပါတယ်၊ ဆရာ ဦးရွှေဂျော်ဂျော်က သမီးအတွက် ရည်ရွယ်ပြီး သမီး ခြောက်နှစ်လောက်ကတည်းက ရေးထားပေးတဲ့ သီချင်းလေးလည်း ပါပါတယ်၊ ကလေးတွေဘက်ကအမြင်နဲ့ သက်ဆိုင်တဲ့ I Love You ဆိုတဲ့ သီချင်းလေးပါ၊ မိဘတွေ ညီအစ်ကို မောင်နှမတွေက အလုပ်ရှုပ်နေတော့ ကိုယ့်ကို ဂရုမစိုက်နိုင်ကြတဲ့အကြောင်းလေးပေ့ါနော်၊ အဲဒီသီချင်းလေးက လွန်ခဲ့တဲ့ ၁၄ နှစ်က ရေးထားတဲ့ သီချင်းလေးဖြစ်ပြီး ဆရာက ပေးထားတာလည်း ကြာပါပြီ၊ အခုမှ ပြန်ထည့်ပြီး ငယ်ငယ်ကဖြတ်သန်းမှုလေးတွေကို ပြန်သတိရစေဖို့ ဆိုခဲ့တာပါ"ဟု ငဲငယ်လေးက ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးရေး စံပီး၊ ရွှေဂျော်ဂျော်နှင့် ငဲငယ်လေးတို့ ကိုယ်တိုင်ရေးသားထားသော ကိုယ်ပိုင်သံစဉ် တေးသီချင်း စုစုပေါင်း ၁၄ ပုဒ် ပါဝင်ပြီး တေးသီချင်းအမျိုးအစားများမှာ Rock နှင့် Metal အမျိုးအစားများဖြစ်ကြောင်း၊ အခွေသစ်အတွက် ပရိုမိုးရှင်းပွဲကိုလည်း ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် တရုတ်နိုင်ငံအတွင်း စာနယ်ဇင်းရှင်းလင်းပွဲရွှေ့ဆိုင်း

ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်ဖြစ်တဲ့ No Time To Die ရုပ်ရှင်ရဲ့ တရုတ်နိုင်ငံအတွင်း စာနယ်ဇင်းရှင်းလင်းပွဲကို ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကြောင့် အချိန်ရွှေ့ဆိုင်းလိုက်တယ်လို့ သိရပါတယ်။

ဗိုင်းရပ်စ်ပြန့်ပွားမှု မဖြစ်ရေးနဲ့ ရောဂါထိန်းချုပ်နိုင်ရေးအတွက် စာနယ်ဇင်းရှင်းလင်းပွဲလုပ်မယ့်အချိန်ကို ရွှေ့ဆိုင်းလိုက်တာပါ။ No Time To Die ရုပ်ရှင်ကားကတော့ ဂျိမ်းစ်ဘွန်းမင်းသားဒန်နီရယ် ခရိတ်ချ်ရဲ့ဂျိမ်းစ်ဘွန်းအဖြစ် နောက်ဆုံးပါဝင်သရုပ်ဆောင်တဲ့ ရုပ်ရှင်ကားလည်း ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာတော့ ဖမ်းဆီးခံထားရတဲ့ သိပ္ပံပညာရှင်ကို ဂျိမ်းစ်ဘွန်းက ကယ်တင်ရမယ့်အကြောင်း ရိုက်ထားတာပါ။ ဒီဇာတ်ကားကို ဗြိတိန်မှာတော့ ဧပြီ ၂ ရက်မှာ ပြသမှာဖြစ်ပြီး အမေရိကန်မှာတော့ ဧပြီ ၁၀ ရက်မှာ ပြသမှာပဲ ဖြစ်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံရဲ့ ဖျော်ဖြေရေးလုပ်ငန်းကို ထိခိုက်နစ်နာစေပါတယ်။ ရုပ်ရှင်ရုံပေါင်း ၇၀၀၀၀ ကိုလည်း ပိတ်ထားရပါတယ်။ ဒါ့အပြင် ရှန်ဟိုင်းမှာရှိတဲ့ ဒစ္စနေးလန်းကိုလည်း သွားရောက်လည်ပတ်လို့ မရပါဘူး။ ရုပ်ရှင်ရုံတွေ ပိတ်ထားတဲ့အတွက် No Time To Die ရုပ်ရှင် မိတ်ဆက်ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ရတာပဲဖြစ်တယ်လို့ သည်တိုင်းမ်စ်မှာ ဖော်ပြထားပါတယ်။ ရုပ်ရှင်အဖွဲ့သားတွေကတော့ ရုပ်ရှင်ရုံတွေ ပြန်လည်ဖွင့်လှစ်ဖို့ မျှော်လင့်ထားပေမယ့် လက်တွေ့မှာတော့ မလွယ်သေးပါဘူး။ **စခရင်ရန့်ဒေါ့ကွန်း**




ဂျိမ်းစ်ဘွန်းဇာတ်ကားပိုစတာကို တွေ့ရစဉ်။

### အဆိုတော်တေလာဆွစ်ဖ်ရဲ့ဖခင်နှင့် ဖောက်ထွင်းသူခိုးတို့ လုံးထွေးသတ်ပုတ်မှုဖြစ်ပွား

တေလာဆွစ်ဖ်ရဲ့ဖခင် ပိုင်ဆိုင်ထားတဲ့ ဖလော်ရီဒါရှိ အမေရိကန်ဒေါ်လာ လေးသန်းတန် မိုးပျံတိုက်ခန်းအတွင်းကို ဖောက်ထွင်းသူခိုး ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ အသက် ၆၇ နှစ်အရွယ် စကော့ဆွစ်ဖ်ဟာ ဇန်နဝါရီ ၁၇ ရက် ည ၁၀ နာရီမှာ ဗီနှိုင်းပဲလေ့တာဝါမှာရှိတဲ့ သူ့ရဲ့တိုက်ခန်းကို ပြန်လာခဲ့ပါတယ်။

အိမ်ထဲရောက်တဲ့အခါမှာတော့ ဖောက်ထွင်းဝင်ရောက်ဖို့ ကြိုးစားနေတဲ့ အသက် ၃၀ ဝန်းကျင်အရွယ် တားရန့်စ်ဟူးဗာကို တွေ့ခဲ့ပါတယ်။ ဟူးဗာကတော့ အရေးပေါ်ထွက်ပေါက် လှေကားကို အသုံးပြုပြီး ၁၃ ထပ်ကို တက်ခဲ့ပါတယ်။ အဲဒီနောက် စကော့ဆွစ်ဖ်ရဲ့ တိုက်ခန်းအတွင်းကို ဝင်ရောက်နေခဲ့တယ်လို့ ဒေသထုတ် သတင်းစာတစ်စောင်ဖြစ်တဲ့ တမ်ပါဘေတိုင်းမ်စ်မှာ ဖော်ပြထားပါတယ်။

ဟူးဗာဟာ ထွက်မပြေးမီ စကော့ဆွစ်ဖ်နဲ့ လုံးထွေးသတ်ပုတ်ခဲ့ကြပါတယ်။ အဲဒီအချိန်တုန်းက တေလာဆွစ်ဖ်ကတော့ ဖခင်ဖြစ်သူနဲ့အတူ ရှိမနေခဲ့ပါဘူး။ ဟူးဗာဟာ ရဲတွေကို တိမ်းရှောင်ဖို့ ကြိုးပမ်းခဲ့ပေမယ့် ဖေဖော်ဝါရီ ၁၂ ရက်မှာတော့ အဖမ်းခံခဲ့ရပါတယ်။ ဟူးဗာဟာ အရင်တုန်းကလည်း ဖောက်ထွင်းမှု၊ ပြန်ပေးဆွဲမှုတွေနဲ့ အဖမ်းခံခဲ့ရဖူးတယ်လို့ သိရပါတယ်။ အခုအခါမှာတော့သူ့ကို ဖောက်ထွင်းမှုနဲ့ တရားစွဲဆိုထားပါပြီ။ **ဒေးလီးမေးလ်**



တေလာဆွစ်ဖ်နှင့် ဖခင်ဖြစ်သူ စကော့ဆွစ်ဖ်



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီး၏ မိန့်ကြားချက်အရ (ပေါ်ဆန်း) ဆန်တင်း ၁၀၀၀ ကို ၁၄-၁၁-၂၀၁၉ နှင့် ၁၆-၂-၂၀၂၀ ရက်တို့တွင် သီတဂူ ကျောင်းတိုက် (မြောက်ဒဂုံ) အကျိုးဆောင်အဖွဲ့က လာရောက်လှူဒါန်းရာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းက လက်ခံယူနေစဉ်။ (၀၀၇)

### မိုးစပါးပျက်စီးမှုများအတွက် ထောက်ပံ့ငွေပေးအပ်

**ကျိုက်မရော ဖေဖော်ဝါရီ ၁၈**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သော မိုးစပါးစိုက်ကေများအတွက် ပထမအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးလှတင်မောင်က မိုးစပါးပျက်စီးကေများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပထမအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ ကျန်ရှိနေသော ပျက်စီးကေများအတွက်လည်း ဒုတိယအကြိမ် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မိုးစပါးတစ်ကေလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ပျက်စီးကေပေါင်း ၅၀၀၀ အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀ ကို ကျေးရွာ ၃၄ ရွာမှ တောင်သူ ၁၅၇၁ ဦးထံသို့ ပေးအပ်ခဲ့သည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

### ကသာမြို့နယ်၌ လယ်ယာမြေကေ ၅၀၀ ကို အကျိုးပြုမည့် ကုန်ထုတ်လမ်းသစ် ဖောက်လုပ်ပေးလျက်ရှိ

**ကသာ ဖေဖော်ဝါရီ ၁၈** – စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မက်လင်ချောင်ကျေးရွာရှိ လယ်ယာမြေကေ ၅၀၀ ကို အကျိုးပြုမည့် ကုန်ထုတ်လမ်းတစ်လမ်းကို ကသာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးနေကြောင်း သိရသည်။ အရှည် ၂ မိုင် ၂ ဖာလုံရှိသော အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၉ သန်းဖြင့် ဟန်သစ်ထွန်းကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မြင့်သန်းနှင့်တာဝန်ရှိသူများက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးစေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါး (၂) မျိုးသည် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | FTK | အဆစ်အမျက်၊ ထုံကျဉ်၊ အကိုက်အခဲ သောက်ဆေး | ဆေးမှုန့်/ထုပ် | FTK တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့ | Paracetamol ၊ Mefenamic acid ၊ Diclofenac |
| ၂။ | တိုက်ကြက် | အဆစ်ရောင် ရောဂါ သောက်ဆေး | ဆေးမှုန့်/ထုပ် | စိန်တံဆိပ်တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး၊ အမှတ် (၂၂၂)၊ ရွှေဝါထွန်း လမ်း၊ (၂)ရပ်ကွက်၊ ဘိုကလေးမြို့၊ | Paracetamol ၊ Diclofenac |

Paracetamol သည် အကိုက်အခဲပျောက်ဆေး အုပ်စုဝင်ဆေးတစ်မျိုးဖြစ်ပါသည်။ ဘေးထွက်ဆိုးကျိုးအနေဖြင့် အသည်းလုပ်ဆောင်ချက်မမှန်သူများ၊ အသည်းရောဂါရှိသူများ၊ ရေရှည်သုံးစွဲသူများ၊ ပမာဏများစွာ သောက်သုံးသူများတွင် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။

Mefenamic acid သည် စတီးရွိုက်မဟုတ်သော အကိုက်အခဲပျောက်ဆေး NSAID (Non–Steroidal Anti–inflammatory Drug) အုပ်စုဝင်ဖြစ်ပြီး သာမန်နာကျင်ခြင်းများတွင် သုံးစွဲနိုင်သောဆေးဖြစ်ပါသည်။ အဖြစ်များသော ဘေးထွက်ဆိုးကျိုးအနေဖြင့် ဗိုက်နာခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းတွင် အနာဖြစ်ခြင်း၊ ပျို့အန်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ ဖြစ်စေနိုင်ပါသည်။ ရေရှည်သုံးစွဲပါက နှလုံးနှင့်သွေးကြောဆိုင်ရာ လုပ်ငန်းဆောင်တာများတွင် ထိခိုက်စေခြင်းနှင့် ကျောက်ကပ်ကို ထိခိုက်စေခြင်းတို့ ဖြစ်စေနိုင်ပါသည်။

Diclofenac သည် စတီးရွိုက်မဟုတ်သော အကိုက်အခဲပျောက်ဆေး (NSAIDs) အုပ်စုဝင်ဖြစ်ပြီး ဆရာဝန်ညွှန်ကြားချက်ဖြင့် သုံးစွဲရသောဆေးဖြစ်ပါသည်။ ဘေးထွက်ဆိုးကျိုးများအနေဖြင့် ခံတွင်းမတည့်ခြင်း၊ ခေါင်းမူးခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ရင်ပူခြင်း၊ မျက်စိအမြင်ဝါးခြင်း၊ ဗိုက်နာခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း သွေးကြောပေါက်ခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်း၊ အသားဝါခြင်း၊ သွေးကြောတွင်းသွေးခဲခြင်းနှင့် ကျောက်ကပ်ပျက်စီးခြင်း စသည်တို့ဖြစ်စေနိုင်ပါသည်။

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**







Paracetamol၊ Mefenamic acid၊ Diclofenac ရောနှောသည့် ဆေးထုပ်နမူနာ







Paracetamol၊ Diclofenac ရောနှောသည့် ဆေးထုပ်နမူနာ

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) အဆိုပြုအစီအစဉ်ကို မြီရှင်များထံပေးပို့လျှင် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(၁) အစီအစဉ်၏ ဖြစ်နိုင်ခြေနှင့် ပုဒ်မ ၄၁ ပါ ရည်ရွယ်ချက်များ ပြည့်မီနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြခြင်း၊

(၂) အဆိုပြုထားသည့် အစီအစဉ်သည် ကုမ္ပဏီနှင့်တွဲဖက်လုပ်ကိုင်သူ သို့မဟုတ် အာမခံ အကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြခြင်း၊

(၃) အစီအစဉ်ကို အတည်ပြုခဲ့လျှင် မြီရှင်များက ပြန်လည်ရရှိနိုင်သည့်အနေအထားကို စုံစမ်းတင်ပြခြင်းနှင့်

(၄) အစီအစဉ်ကို အတည်ပြုခြင်းဖြင့် မြီရှင်များ ပြန်လည်ရရှိနိုင်မှုနှင့် အစီအစဉ်ကို အတည်မပြုသဖြင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုပြုလုပ်ခြင်းတို့ကြောင့် မြီရှင်များ ပြန်လည်ရရှိနိုင်မှုတို့ကို နှိုင်းယှဉ်တင်ပြခြင်း၊

(၅) အထက်ဖော်ပြပါ ကိစ္စရပ်တစ်ခုချင်းစီအပေါ် ၎င်း၏ အမြင်နှင့် ထင်မြင်ချက်များ၊ ထိုသို့ထင်မြင်ယူဆရသည့် အကြောင်းအရင်းများ၊ မြီရှင်များက ဆုံးဖြတ်ချက် ချမှတ်နိုင်ရန်အတွက် သိရှိသမျှ အရေးကြီးအချက်အလက်များနှင့် ထိုအစီအစဉ်အတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံသင့် မသင့် စသည့်အချက်များ ဖော်ပြပါရှိသည့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခြင်း။

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ တာဝန်များ**

၅၂။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် -

(က) မြီရှင်များအားလုံး၏ အကျိုးကို ရှေးရှုဆောင်ရွက်ရမည်၊

(ခ) တတ်နိုင်သမျှ လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီအေးဂျင့်အဖြစ် ဆောင်ရွက်ခြင်း**

၅၃။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရန် အလို့ငှာ ဆောင်ရွက်ခြင်းသည် ကုမ္ပဏီအေးဂျင့်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ လုပ်ပိုင်ခွင့်များ**

၅၄။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည်-

(၁) ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီပိုင်ပစ္စည်းများနှင့် ကုမ္ပဏီလုပ်ငန်း ကိစ္စရပ်များကို ကြီးကြပ်ပြီး ကုမ္ပဏီကို ဆက်လက်လည်ပတ်စေခြင်း၊

(၂) လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၃) ကုမ္ပဏီဒါရိုက်တာများကို ထုတ်ပယ်ခြင်း သို့မဟုတ် ခန့်အပ်ခြင်း၊

(၄) ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် မရှိခဲ့ပါက ကုမ္ပဏီဒါရိုက်တာများ ဆောင်ရွက်နိုင်သည့် သို့မဟုတ် ကျင့်သုံးနိုင်သည့် မည်သည့်လုပ်ပိုင်ခွင့်ကိုမဆို ကျင့်သုံးခြင်း သို့မဟုတ် မည်သည့်လုပ်ငန်းဆောင်တာကိုမဆို ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မ ၅၉၊ ၆၀ နှင့် ၆၁တို့ပါ ပြဋ္ဌာန်းချက်များတွင် ခွင့်ပြုထားသည်မှအပ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအပေါင်အနှံရှိသော ပိုင်ဆိုင်မှုများကို ပုဒ်မခွဲ (က) အရ စီမံခွင့်မရှိစေရ။

(ဂ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီမြီရှင်များ အစည်းအဝေးကို ကျင်းပနိုင်သည်။

(ဃ) ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ် မစတင်မီကပင် ချုပ်ခဲ့သော စာချုပ်တစ်ရပ်ကို ငြင်းပယ်ခြင်းဖြင့် ဤအပိုင်းပါ ပြန်လည်ထူထောင်ရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် အထောက်အကူဖြစ်စေမည်ဆိုပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် နို့တစ်စာပေး၍ စာချုပ်ကို ငြင်းပယ်နိုင်သည်။ ထိုသို့ ငြင်းပယ်မည်ဆိုပါက ယင်းစာချုပ်သည် တရားဝင်ရပ်စဲသွားသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ယင်းသို့ရပ်စဲခြင်းကြောင့် တစ်ဖက်မှ ချုပ်ဆိုသူနစ်နာမှုဖြစ်စေခဲ့ပါက နစ်နာမှုများအတွက် တောင်းခံပိုင်ခွင့်ရှိသည်။

(င) ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်များသည် အာမခံအကျိုးခံစားခွင့်များအပေါ် ထိခိုက်ခြင်း မရှိစေရ။

**ကယ်ဆယ်ခြင်းအဆင့်အတွင်း**

**ကုမ္ပဏီအား အကာအကွယ်ပေးထားမှုများ**

**ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီအတွက် အကျိုးဆက်များ**

၅၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မ ၁၇၂၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အရ ကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များကို ကယ်ဆယ်ခြင်းအဆင့်တွင်လည်း အသုံးပြုနိုင်သည်၊

(ခ) ကုမ္ပဏီကသုံးစွဲနေသော သို့မဟုတ် ကုမ္ပဏီ၏ လက်ဝယ်တွင်ရှိသော ပစ္စည်းကို တစ်ဦးဦးက ပိုင်ဆိုင်လျှင်ဖြစ်စေ၊ တစ်ဦးဦးထံမှ ငှားရမ်းထားလျှင်ဖြစ်စေ ကယ်ဆယ်ခြင်းအဆင့်တွင် တရားရုံး၏ အမိန့်အရ မဟုတ်လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ စာဖြင့်ရေးသား သဘောတူညီချက်အရ မဟုတ်လျှင် ထိုသူထံ လွှဲပြောင်းပေးအပ်ခြင်း မပြုရ၊

(ဂ) ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ ခွင့်ပြုချက်ဖြင့် မှတစ်ပါး ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်အားလုံးသည် ရပ်စဲသွားသည်။

**ကုမ္ပဏီကို ကာကွယ်ခြင်း**

၅၆။ ကယ်ဆယ်ခြင်းအဆင့်တွင် အာမခံထားရှိသော ပိုင်ဆိုင်မှုများအား အတည်ပြုခြင်း၊ ဆက်လက် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ စာဖြင့်ရေးသားသဘောတူညီချက် သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက် မှတစ်ပါး ဆောင်ရွက်ခြင်း မပြုရ။

**အာမခံသူများကို အကာအကွယ်ပေးခြင်း**

၅၇။ ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီ၏ကြွေးမြီများ သို့မဟုတ် တာဝန်များနှင့်စပ်လျဉ်း၍ အာမခံသူများကို တရားရုံး၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဥပဒေကြောင်းအရ အရေးယူခြင်း သို့မဟုတ် အရေးယူထားသည်ကို ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

**တရားရုံးက ခွင့်ပြုချက်ပေးခြင်း**

၅၈။ ဤအခန်းအရ ခွင့်ပြုချက်များပေးရာတွင် တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်များ မထားဘဲဖြစ်စေ ခွင့်ပြုချက်ပေးနိုင်သည်။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့် ပစ္စည်း**

၅၉။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့် ပစ္စည်းကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်း စီမံခန့်ခွဲနိုင်သည်-

(၁) ကုမ္ပဏီ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုနည်းလမ်း၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ စာဖြင့်ရေးသား သဘောတူညီချက်ယူသည့် နည်းလမ်း၊

(၃) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် နည်းလမ်း။

(ခ) ထိုသို့ဆောင်ရွက်ရာတွင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးစီးပွားကို လုံလောက်စွာ ကာကွယ်မှုရှိသည်ဟု တရားရုံးက ယုံကြည်မှသာလျှင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်များ အလို့ငှာ အကြောင်းကြားစာ သို့မဟုတ် တောင်းခံစာထုတ်နိုင်သည့်အချက် သို့မဟုတ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်မှ ပုံသေကြွေးမြီတာဝန်အဖြစ် ပြောင်းလဲသည့်အချက်ဖြစ်သည်ဆိုရုံမျှဖြင့် ကုမ္ပဏီ၏ပုံမှန် လုပ်ငန်းဆောင်ရွက်ရာတွင် ရောင်းချခြင်းကို တားဆီးခြင်း မရှိစေရ။

(ဃ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအကျိုးခံစားခွင့်ရှိသော ကုမ္ပဏီပစ္စည်းကို ရောင်းချရာတွင်ဖြစ်စေ၊ စီမံခန့်ခွဲသူတစ်ယောက်မှ ၎င်း၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို ကျင့်သုံးရာ၌ ဖြစ်စေ၊ ကျိုးကြောင်းဆီလျော်စွာ အသုံးပြုရမည်။

**ပုံသေကြွေးမြီ တာဝန်ရှိသည့်ပစ္စည်း**

၆၀။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပုံသေကြွေးမြီတာဝန်ရှိသည့် ပစ္စည်းကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်း စီမံခန့်ခွဲနိုင်သည်-

(၁) အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ စာဖြင့်ရေးသား သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(၂) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာ ခွင့်ပြုနိုင်သည် -

(၁) အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးကို လုံလောက်စွာ ကာကွယ်သော အစီအစဉ်များ ရှိခြင်း၊

(၂) အမိန့်ကိုချမှတ်ခြင်းဖြင့် ပုဒ်မ ၄၁ ပါ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အထောက်အကူပြုနိုင်ခြင်း။

**အခြားကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များကို အကာအကွယ်ပေးခြင်း**

၆၁။ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၀ တို့တွင် ခွင့်ပြုထားသည်မှအပ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်ကို ထိခိုက်စေနိုင်ပါက စီမံခန့်ခွဲခြင်း မပြုရ။

**အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ တာဝန်ရှိမှု**

၆၂။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) ပါ အခြေအနေများ၌ ပုဂ္ဂိုလ်ရေးအရ တာဝန်များရှိစေရမည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီမှ ချေးယူခဲ့သော ငွေများ၊ အသုံးပြုခဲ့သော ဝန်ဆောင်မှုများ၊ ဝယ်ယူခဲ့သော ကုန်စည်များ သို့မဟုတ် ငှားရမ်းခဲ့သော ပစ္စည်းများ၊ လက်ဝယ်ရယူထားသော သို့မဟုတ် သုံးစွဲနေသော သို့မဟုတ် အငှားယူထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ ငှားရမ်းထားသည့် ပစ္စည်းများအတွက် ကျခံပေးချေရမည့်ငွေများကို ပြန်လည်ထူထောင်ရေးမန်နေဂျာက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျခံရန် သဘောတူညီခဲ့လျှင် ယင်းကြွေးမြီများနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိသည်။

(ဂ) အကယ်၍ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပစ္စည်းအား ကုမ္ပဏီမှ ဆက်လက် အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းအတွက် စာချုပ်အရ ပေးရန်ရှိသော ငှားရမ်းခ သို့မဟုတ် အခြားပေးဆောင်ရန်ရှိသော အခကြေးငွေတို့အတွက် အောက်ပါကိစ္စများ၌ ကယ်ဆယ်ခြင်းအဆင့်အတွက်သာ တာဝန်ရှိစေရမည်-

(၁) ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် ခန့်အပ်ခြင်း မပြုမီ အခြားသူတစ်စုံတစ်ဦးက ပိုင်ဆိုင်သော သို့မဟုတ် အငှားယူထားသော ပစ္စည်းတစ်ရပ်ကို ထိုသူနှင့် ချုပ်ဆိုသော ပဋိညာဉ်တစ်ရပ်အရ ကုမ္ပဏီက သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်းပြုသည့် ကိစ္စ၊

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးနောက် ကုမ္ပဏီသည် ထိုပစ္စည်းကို ဆက်လက်သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်းပြုသည့် ကိစ္စ။

(ဃ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအား ခန့်ထားပြီးနောက် အလုပ်လုပ်ကိုင်ရက် ခုနစ်ရက်အတွင်း ပစ္စည်းနှင့် စပ်လျဉ်းသည့် ၎င်း၏ အခွင့်အရေးများကို ကျင့်သုံးတော့မည် မဟုတ်ကြောင်း၊ ပစ္စည်းပိုင်ရှင် သို့မဟုတ် အငှားချထားသူထံသို့ အကြောင်းကြားစာကို ပေးပို့ခဲ့သည့်အပြင် ထိုသို့ အကြောင်းကြားစာပေးပို့ပြီးနောက်တွင်လည်း ကုမ္ပဏီသည် အမှန်တကယ်ပင် ထိုပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ကျင့်သုံးခြင်း မပြုလျှင် အထက်ပါ ပုဒ်မခွဲ (ဂ) အရ တင်ရှိသော တာဝန်မှ ကင်းလွတ်ခွင့်ရရှိစေရမည်။

(င) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုန်စည်ပေးသွင်းသူနှင့် ဤပုဒ်မနှင့် သက်ဆိုင်သော အခြားသူတို့အား ဤပုဒ်မပါ အကျိုးသက်ရောက်မှုများကို အကြောင်းကြားရမည်။

(စ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းကို ခန့်အပ်ထားသည့် ကုမ္ပဏီ၏ ပိုင်ဆိုင်မှု အနက်မှ အောက်ပါတို့ကို ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်-

(၁) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေးမန်နေဂျာအပေါ် တာဝန်ဖြစ်ပေါ်စေသည့် ကုမ္ပဏီ၏ ကြွေးမြီများ၊

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏ တာဝန်များကို ပေါ့ဆမှုမရှိဘဲ ရိုးဖြောင့်စွာ ထမ်းဆောင်စဉ် ဖြစ်ပွားခဲ့သော တာဝန်ရှိမှုများနှင့် ကုန်ကျစရိတ်များ၊

(၃) ဤဥပဒေအရ သတ်မှတ်ထားသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အခကြေးငွေ။

(ဆ) ပုဒ်မခွဲ (စ) တွင် ပြဋ္ဌာန်းထားသော ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ တောင်းခံပိုင်ခွင့်သည် ကုမ္ပဏီတွင် တင်ရှိနေသော အာမခံအကျိုးခံစားခွင့်မရှိသည့် ကြွေးမြီများထက် ဦးစားပေးရမည့်အပြင် ၎င်း၏ ပြန်လည်တောင်းပိုင်ခွင့်အတွက် ကုမ္ပဏီ၏ ပစ္စည်းများအပေါ်တွင်လည်း အာမခံ အကျိုးခံစားခွင့် ရှိစေရမည်။

(ဇ) အောက်ပါ ဦးစားပေးအစီအစဉ်များ၏ နောက်တွင် ပုဒ်မခွဲ (ဆ) ပါ ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အာမခံအကျိုးခံစားခွင့်ကို ထည့်သွင်းရမည်-

(၁) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်စဉ်အချိန်ကတည်းရှိနေသော အာမခံ အကျိုးခံစားခွင့်ရ မြီရှင်၏ ပုံသေကြွေးမြီတာဝန်၊

(၂) အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ဥပဒေနှင့်အညီ ခန့်ထားသည့် ပစ္စည်းထိန်း၏ အကျိုးခံစားခွင့်များ သို့ရာတွင် ထိုပစ္စည်းထိန်းခန့်အပ်ခြင်းမပြုမီ ပြန်လည်ထူထောင်ရေးမန်နေဂျာက ကျခံခဲ့ရသော ပြန်လည်ထူထောင်ရေးဆိုင်ရာ တောင်းခံပိုင်ခွင့်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း**

၆၃။ (က) ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီသည် အောက်ပါတို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ၊

(၂) ကုမ္ပဏီ၏ဝက်ဘ်ဆိုက်များ။ *စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

( ခ ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့် ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုလိုသည်။

( ဂ ) ကုမ္ပဏီအရာရှိသို့မဟုတ်ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ဤပုဒ်မပါ ဆောင်ရွက်ရန် အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုလျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာမှ ခွဲဝေပေးခြင်း**

၆၄။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် –

(က) အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အာမခံပစ္စည်းအား ထုခွဲရောင်းချရရှိသောငွေကို ၎င်းမြီရှင်ထံသို့ ပုဒ်မ ၂၀၅ နှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ခွဲဝေပေးနိုင်သည်၊

( ခ ) ပုဒ်မ ၁၉၆ ပါ ဦးစားပေးအစဉ်အတိုင်း ခွဲဝေပေးနိုင်သည်။

**ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်**

၆၅။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးနောက်ကုမ္ပဏီကိစ္စများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံသို့ အကြောင်းကြားစာ ရေးသားပေးပို့နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) နှင့်စပ်လျဉ်း၍ နည်းဥပဒေများတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်–

(၁) စာဖြင့်ရေးသားသော အကြောင်းကြားစာ၏ ပုံစံ၊

(၂) ဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင် ပါရှိရမည့် အချက်များ။

( ဂ ) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြန်လည်ထူထောင်ရေး မန်နေဂျာထံသို့ တင်ပြရန်တာဝန်ရှိသူသည် စာဖြင့်ရေးသားပေးပို့သည့် အကြောင်းကြားစာကို ရရှိသည့်နေ့မှ ၇ ရက်အတွင်း ထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) မည်သူမဆို ဤပုဒ်မပါ တာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ် ငါးသိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**မြီရှင်များကော်မတီ ဖွဲ့စည်းခြင်း**

၆၆။ (က) မြီရှင်များသည် သင့်သည် ထင်မြင်လျှင် မည်သည့်မြီရှင်များအစည်းအဝေးတွင်မဆို ပြန်လည် ထူထောင်ရေးမန်နေဂျာနှင့် တိုင်ပင်ရန်အတွက် မြီရှင်များကော်မတီကို ဖွဲ့စည်းနိုင်သည်။

( ခ ) ကော်မတီအတွက်ဖြစ်စေ၊ ကော်မတီနှင့် ဆက်စပ်၍ဖြစ်စေ နည်းဥပဒေများတွင် မြီရှင်များ ကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီအစည်းအဝေးကျင်းပခြင်း၊ လုပ်ထုံးလုပ်နည်း၊ မဲပေးခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ သတ်မှတ်နိုင်သည့်အပြင် ကော်မတီ၏ နောက်ထပ် လုပ်ငန်းတာဝန်များကိုလည်း ထည့်သွင်းသတ်မှတ်နိုင်သည်။

**မြီရှင်များက စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း**

၆၇။ (က) ကယ်ဆယ်ခြင်းအဆင့် ဆောင်ရွက်နေစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်နှင့် ကြွေးမြီဆပ်ရန် တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

( ခ ) ဤပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ–

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေ နှင့်အညီ စစ်ဆေးခြင်း၊

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

**တရားရုံးသို့ လျှောက်ထားခြင်း**

၆၈။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက် ရယူရန် လျှောက်ထားနိုင်သည်။

( ခ ) ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစုရှယ်ယာဝင် တစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကယ်ဆယ်ခြင်းအဆင့်မှ ပေါ်ထွက်လာသည့် ပြဿနာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် မိမိက တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့်အမိန့် ချမှတ်နိုင်သည်။

**မြီရှင်များ အစည်းအဝေး**

၆၉။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လျှင် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည် –

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေကို မြီရှင်များသို့ အစီရင်ခံ တင်ပြရန်အတွက် ၎င်းအား ခန့်အပ်ပြီး ရက်ပေါင်း ၃၀ အတွင်း အစည်းအဝေးခေါ်ယူရန်နှင့် ယင်းအစီအစဉ်အား ရေးဆွဲအတည်ပြုရန် ရှိ မရှိ ဆုံးဖြတ်ရန် ဖြစ်ခြင်း၊

(၂) ပုဒ်မခွဲ (က) ပါ အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မဲခွဲ အတည်ပြုနိုင်ခဲ့ခြင်းမရှိပါက ပုဒ်မ ၇၁ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ခုကို အတည်ပြုလိုခြင်း ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်ခြင်း၊

(၃) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းအထက် မြီရှင်များက တောင်းဆိုခြင်း သို့မဟုတ် စုစုပေါင်းကြွေးမြီ၏ တစ်ဆယ်ရာခိုင်နှုန်းအထက် ပိုင်ဆိုင်သည့် မြီရှင်များက တောင်းဆိုခြင်း။

( ခ ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်ဟု ထင်မြင်လျှင် မြီရှင်များ အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

( ဂ ) အစည်းအဝေးကို နည်းဥပဒေများနှင့်အညီ ကျင်းပရမည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာအား ပြောင်းလဲခန့်အပ်ခြင်း**

၇၀။ (က) ပုဒ်မ ၁၈၁ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုး ခန့်ထားခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ သို့ရာတွင် မြီရှင်များအစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာကို အစားထိုးခန့်ထားခဲ့ခြင်းဖြစ်လျှင် ၎င်းအား ခန့်အပ်ခဲ့သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ သဘောတူညီချက် ရရှိရန် လိုသည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ပြီးကြောင်း မှတ်ပုံတင်အရာရှိထံ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

**ပြန်လည်ထူထောင်ရေး အဆိုပြုအစီအစဉ်ကို တင်သွင်းရန် အချိန်**

၇၁။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအား ခန့်အပ်ပြီးသည့်နေ့မှ ၃ လ အတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရေးဆွဲအတည်ပြုရန် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

( ခ ) ပြန်လည်ထူထောင်ရေးအဆိုပြုအစီအစဉ်ကို မြီရှင်များက ဆုံးဖြတ်နိုင်ရန်အတွက် ပုဒ်မ ၆၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ ကျင်းပသည့် မြီရှင်များ အစည်းအဝေးတွင် တင်ပြနိုင်သည်။

( ဂ ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ဆုံးဖြတ်နိုင်ရန်အတွက် မည်သည့် မြီရှင်များ အစည်းအဝေးမဆို ရွှေ့ဆိုင်းနိုင်သည်။ သို့သော် ထိုရွှေ့ဆိုင်းသော ရက်သည် ပြန်လည်ထူထောင်ရေးမန်နေဂျာအား စတင်ခန့်ပြီးသည့်နေ့မှ ၄ လထက် ကျော်လွန်ခြင်းမရှိစေရ။

(ဃ) ပုဒ်မ ၄၁ ပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်ရန် အထောက်အကူဖြစ်မည်ဟု တရားရုံးက ယုံကြည်ပါက ပုဒ်မခွဲ (က) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလများနှင့်စပ်လျဉ်း၍ ထူးခြားသည့်အခြေအနေရှိပါက သက်တမ်းတိုးသည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

( င ) ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့်အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီအစဉ်နှင့်အညီ ဆောင်ရွက်ရန် နည်းလမ်းနှင့် မြီရှင်များ ဆုံးဖြတ်နိုင်ရန် အချက်များကို တတ်နိုင်သမျှ ဆောလျင်စွာ ရှာဖွေရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်အား ရေးဆွဲခြင်းနှင့် ပါဝင်ရမည့် အချက်များ**

၇၂။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးက ရေးဆွဲနိုင်သည်။

( ခ ) ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်–

(၁) အစီအစဉ်ကို ကြီးကြပ်မည့်သူ၊

(၂) ဒါရိုက်တာများနှင့် အစီအစဉ်ကြီးကြပ်သူတို့၏ အခန်းကဏ္ဍနှင့် တာဝန်များ၊

(၃) မြီရှင်များ၏ တောင်းဆိုမှုကို ကျေအေးညှိနှိုင်းထားသည့် အတိုင်းအတာနှင့် သဘောသဘာဝ၊ ပစ္စည်းအမျိုးအမည်နှင့် ပေးချေမည့် နည်းလမ်း၊

(၄) မြီစားအပေါ် အရေးယူဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်း သဘောသဘာဝနှင့် ယင်းအတွက် ခွင့်ပြုကာလ၊

(၅) ကုမ္ပဏီအား ကြွေးမြီလျှော့ပေါ့ပေးမည့် အတိုင်းအတာ၊

(၆) အစုဝင်များ၏ အစုရှယ်ယာကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း အတိုင်းအတာ၊

(၇) အစီအစဉ်၏ တစ်စိတ်တစ်ပိုင်း အသက်ဝင်စေရန်နှင့် ဆက်လက်လည်ပတ်နေစေရန်အတွက် စည်းကမ်းချက်များ (ရှိလျှင်)၊

(၈) အစီအစဉ်ရပ်စဲသည့် အခြေအနေများနှင့် အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည် ဖော်ပြီးပါက ကုမ္ပဏီအား ဒါရိုက်တာများ၏ အုပ်ချုပ်မှုအောက်တွင် ပြန်လည်ထားရှိမည့် ဖော်ပြချက် သို့မဟုတ် ကုမ္ပဏီအား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်မည့် ဖော်ပြချက်၊

(၉) ပြန်လည်ထူထောင်ရေးအစီအစဉ်အား လိုက်နာရမည့် မြီရှင်များအကြား ခွဲဝေပေးမည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်၊

(၁၀) အစီအစဉ်အရ ခွင့်ပြုပေးနိုင်သည့် တောင်းဆိုမှုများတွင် ထိုတောင်းဆိုခွင့် ပေါ်ပေါက်သည့်နေ့ရက် သို့မဟုတ် ယင်းမတိုင်မီ နေ့ရက် (ထိုရက်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့် နေ့ရက်ထက် နောက်မကျစေရ)၊

(၁၁) အစီအစဉ်အရ အကျိုးထိခိုက်စေမည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ အာမခံပစ္စည်းအပေါ် တောင်းဆိုမှုနှင့် ၎င်းတို့၏ အာမခံပစ္စည်းပမာဏ၊

(၁၂) နည်းဥပဒေများတွင် ဖော်ပြထားသည့် အခြားကိစ္စရပ်များ။

( ဂ ) အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် မြီရှင်များမှ ပြန်လည်ရရှိနိုင်မည့် ငွေကြေးပမာဏသည် အစီအစဉ်ကို ဆောင်ရွက်ခြင်းမရှိပါက မြီရှင်များမှ ပြန်လည်ရရှိနိုင်ဖွယ်ရှိသည့် ငွေကြေး ပမာဏနှင့် အနည်းဆုံးညီမျှမှုရှိသည့် ပမာဏဖြစ်ရမည်။

(ဃ) တောင်းခံပိုင်မှုများ၏ ဦးစားပေးအစဉ်သည် အစီအစဉ်ကို ဆောင်ရွက်ခြင်း မရှိပါက ရှိနေမည့် ဦးစားပေးအစဉ်အတိုင်းဖြစ်ရမည်။ သို့ရာတွင် မတူညီသော ကြွေးမြီဦးစားပေး အစဉ်ကြောင့် များစွာ အကျိုးထိခိုက်နိုင်ဖွယ်ရှိသည့် မြီရှင်အတန်းအစားတို့သည် အစီအစဉ် မဲခွဲခြင်းတွင် ပါဝင်မဲပေးပြီး ထိုမဲခွဲရာတွင် မြီရှင်အရေအတွက်အားဖြင့် လည်းကောင်း၊ ကြွေးမြီတန်ဖိုးအားဖြင့်လည်းကောင်း အများစုမဲပေးလျက် သဘောတူညီလျှင် ထိုဦးစားပေး အစဉ်အတိုင်းဖြစ်ရန် မလိုအပ်စေရ။

( င ) နည်းဥပဒေများတွင် ဖော်ပြထားသော အကြောင်းကြားစာပူးတွဲလျက် ပြန်လည်ထူထောင်ရေး အစီအစဉ်၏ မိတ္တူတစ်စောင် သို့မဟုတ် အဓိကအချက်များ ပါဝင်သည့် အကျဉ်းချုပ်ဖော်ပြထားချက်အား ပုဒ်မ ၇၁ အရ ခေါ်ယူကျင်းပမည့် မြီရှင်များ အစည်းအဝေး မတိုင်မီ မြီရှင်အားလုံးထံ ပေးပို့ရမည်။

( စ ) အကြောင်းကြားစာနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် အကျဉ်းချုပ် ဖော်ပြချက်အား မြီရှင်များထံပေးပို့ရာတွင် ယင်းနှင့်အတူ ပုဒ်မ ၅၁ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အစီရင်ခံစာလည်း ပါဝင်ရမည်။

(ဆ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးတစ်ယောက်က စာဖြင့်ရေးသား တောင်းခံပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီရင်ခံစာမိတ္တူကို ပေးပို့ရမည်။

**အခန်း(၄)**

**ပြန်လည်ထူထောင်ရေးအစီအစဉ်**

**ပြန်လည်ထူထောင်ရေးအစီအစဉ်မည်သည့်အချိန်တွင် အတည်ဖြစ်ခြင်း**

၇၃။ (က) မြီရှင်များထံ ကြိုတင်ပေးပို့ထားသည့် အဆိုပြုအစီအစဉ်ကို နည်းလမ်းတကျ ခေါ်ယူ ကျင်းပသည့် မြီရှင်များ အစည်းအဝေးတွင် မြီရှင်အများစုက သဘောတူလျှင် ယင်းအစီအစဉ်သည် အတည်ဖြစ်စေရမည်။

( ခ ) အစီအစဉ်ကို တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အဆိုပြုသူများ၏ သဘောတူညီချက်အရ မြီရှင်များအစည်းအဝေးတွင် ပြင်ဆင်နိုင်ပြီး ယင်းပြင်ဆင်ချက်ကို အဆိုပါ အစည်းအဝေးတွင် ပင် မဲပေးဆုံးဖြတ်နိုင်သည်။

( ဂ ) ဤအခန်းပါ ပြဋ္ဌာန်းချက်အလို့ငှာ လိုအပ်သည့် မဲအများစုဆိုရာတွင် အောက်ပါအချက်များ ပါဝင်စေရမည်–

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီ ပိုင်ဆိုင်သူမြီရှင်များက မဲပေးခြင်း၊

(၂) အစည်းအဝေးတွင် မဲပေးသူ မြီရှင်စုစုပေါင်း အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက် ထက်ပိုသော မြီရှင်များက မဲပေးခြင်း။

(ဃ) မဲခွဲဆုံးဖြတ်ရာတွင် လက်မြှောက်၍ မဲခွဲနိုင်သည်။ သို့ရာတွင် တက်ရောက်လာသည့် မြီရှင်တစ်ဦးဦးက နည်းလမ်းတကျ မဲခွဲဆုံးဖြတ်ရန် တောင်းဆိုပါက လုံလောက်သည့် မဲအများစု ရရှိခြင်းရှိ မရှိ ဆုံးဖြတ်ရန်အတွက် ထိုမဲများကို ရေတွက် မှတ်တမ်းတင်ရမည်။

*ဆက်လက်ဖော်ပြပါမည်*

# မြို့နယ်အချို့၌ မီးလောင်မှုဖြစ်ပွားကာ နေအိမ်အဆောက်အအုံများ ဆုံးရှုံးပြီး လူနှစ်ဦးသေဆုံး

### လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တောင်ပလောင်ကျေးရွာနေ ဒေါ်ချဲမိ(၆၀နှစ်) ၏ နေအိမ်၌ ဖေဖော်ဝါရီ ၁၆ ရက် ည ၉ နာရီ ၅၅ မိနစ်က မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့ရာ နေအိမ်တစ်လုံးဆုံးရှုံးခဲ့ပြီး ည ၁၁ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဒေါ်ချဲမိနှင့် ၎င်း၏ မြေးဖြစ်သူ မနန်းပိုက်ခလိန်း(၇နှစ်) တို့မှာ မီးလောင်သေ ဆုံးခဲ့ကြောင်း သိရ၍ ပိုင်ကျုံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

### မလှိုင်

မလှိုင်မြို့နယ် မကျီးကန်ကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၀၂/၀) ဘေးရှိ ပိုင်ရှင် ဒေါ်ခင်ဝင်းရွှေ၏ ဈေးဆိုင်တွင် ဖေဖော်ဝါရီ ၁၇ ရက် ည ၁၀ နာရီခွဲက မီးလောင်မှုဖြစ်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင် ဦးဆောင်၍ နယ်မြေ(၁) မီးသတ်စခန်းနှင့် သီးကုန်းအမြန်လမ်းနယ်မြေ မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဈေးဆိုင်ခန်းတစ်ခန်း ဆုံးရှုံးခဲ့သဖြင့် မလှိုင်မြို့မရဲစခန်းမှ အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဝါးရုံဆိပ်ရပ်ကွက်၌ ဖေဖော်ဝါရီ ၁၇ ရက် ည ၁၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဝါးရုံဆိပ်ရပ်ကွက် ရန်အောင်ပိုင်းတွင် ဦးဌေးအောင်၏ နေအိမ်၌ မီးလောင်မှုဖြစ်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ကြီးကြပ်မှုဖြင့် အုပ်ချုပ်မှုယာဉ် လေးစီး၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၁၀၀ ကျော်နှင့် ရပ်ကွက်ပြည်သူများက စုပေါင်းငြိမ်းသတ်ခဲ့ကြရာ ည ၁၁ နာရီခွဲခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၁၁ နာရီ ၃၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်ရခြင်းအကြောင်းမှာ နေအိမ်ရှိ မီးအားမြှင့်စက် အပူလွန်ကဲရာမှ စတင်လောင်ခြင်းဖြစ်ပြီး အနီးရှိ လူနေအိမ်ငါးလုံး ကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် အိမ်ပိုင်ရှင် ဦးဌေးအောင်အား စက်ဆန်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**



ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ အလုပ်ရုံတစ်ခုနှင့် ဂိုဒေါင်တစ်လုံး မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ကြစဉ်။

### ဟိုင်းကြီးကျွန်း

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက် ပမ္မဝတီလမ်း(ဒေသအခေါ်) စံပြရပ်ကွက် ကမ်းနားလမ်းတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၃ နာရီခွဲက ရေနွေးအိုးတည်ထားသော မီးဖိုကတစ်ဆင့် ငါး၊ ပုစွန် အရောင်းအဝယ်ပြုလုပ်သည့် ဦးသက်လွင်ပိုင်ဆိုင်သော အလုပ်ရုံတစ်ခုနှင့် ဂိုဒေါင်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆသူ စောထူးပလေး ဆိုသူအား ဟိုင်းကြီးကျွန်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ဒိုက်ဦးမြို့နယ် မအူတန်းကျေးရွာ၌ အထောက်အထားမဲ့ ဝင်ရောက်လာသူသုံးဦး ဖမ်းဆီးရမိ

**ဒိုက်ဦး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဆင်တဲကွင်းစိုက်ခင်းတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၅ နာရီ ၁၅မိနစ်က ဦးသောင်းဌေး(၄၃နှစ်) ၏ တဲသို့ မသင်္ကာဖွယ် လူ သုံးဦး ရောက်ရှိလာသဖြင့် အေးမင်းသက်(၂၆နှစ်)က အေးသုခနယ်မြေ ရဲစခန်းသို့ သွားရောက်အကြောင်းကြားခဲ့သည်။

အဆိုပါနေရာသို့ နယ်မြေစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မင်းပြားမြို့နယ် အောင်ဒိုင်ကျေးရွာနေ မာမတ်နော်ဆိန်း(၁၉ နှစ်)၊ စစ်တွေမြို့နယ် ဘောဒူဖကျေးရွာနေသူများဖြစ်သည့် မာမတ်ရော်ရှိ (၁၉ နှစ်)နှင့် မာမွတ်ဇူဘိုင် (၂၂ နှစ်) တို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့သုံးဦးအား ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

၎င်းတို့ သုံးဦးသည် လွန်ခဲ့သော နှစ်လကျော်ခန့်က အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ အမျိုးသား ၂၂ ဦးနှင့်အတူ စစ်တွေမြို့မှ မလေးရှားနိုင်ငံသို့ ထွက်ခွာရန်အတွက် ဒေါ်ခင်လှ(စိစစ်ဆဲ) ဆိုသူ အမျိုးသမီးတစ်ဦးက ဖုန်းဖြင့်ဆက်သွယ်ခဲ့သဖြင့် သွားရောက်တွေ့ဆုံခဲ့ကြောင်း၊ ဒေါ်ခင်လှက ပိုက်ဆံတောင်းခံခဲ့ရာ ၎င်းတို့သုံးဦးတွင် ပိုက်ဆံမပါ၍ ထားခဲ့ခြင်းကြောင့် ခြေကျင်ခရီးဆက်လက်ထွက်ခွာရာ ယခုကဲ့သို့ အဖမ်းခံရခြင်း ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဌာနမှူး ဦးသိန်းဝင်းတို့က အသေးစိတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) ကူးစက်ခံရသည် သို့မဟုတ် ကူးစက်ခံရသည့်သူကို တွေ့ရှိသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပြီး ကုသမှုခံယူပါ။ ခရီးသွားရာဇဝင်ကို ကျန်းမာရေးစောင့်ရှောက်သူထံ ပြောပြရပါမည်။ သတင်းပို့ရန် ဖုန်းနံပါတ် (Hotline) 067–3420802**

## မှုခင်းအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ညောင်ဝိုင်းကျေးရွာ စံကျောင်းအတွင်းရှိ ဓမ္မာရုံ၌ ယနေ့ မွန်းလွဲပိုင်းက တော်ကူးရဲကင်းစခန်းမှူး ဒုရဲအုပ်တင်ဦးနှင့် သားဖွားဆရာမ ဒေါ်သန်းသန်းဆင့်တို့က ကျေးရွာနေပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် တီဘီ၊ ငှက်ဖျား၊ အနာကြီးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



ဒီပဲယင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ထွန်းနှင့် သစ်ရာအိုက်ရဲကင်းစခန်းမှူး ဒုရဲအုပ်မင်းမောင်မောင်တို့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ဒီပဲယင်းမြို့နယ် ဆည်လည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀ လှူဒါန်းခဲ့ပြီး မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။ ရဲပြန်ကြား

## ညအပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၂-၂၀၂၀(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၁၁:၁၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၁:၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် “ငပေါ” စည်သူ(ပလပ်ကျွတ်)၊ စံရတီမိုးမြင့်၊ ခင်စိုးပိုင်၊ ဒါရိုက်တာ- နန္ဒကျော်၊ (ရိုက်ချက်ပြင်းပြင်း)

**ညပိုင်း**

၁၆:၃၅ - People Talk “လေထုအန္တရာယ် ကြိုတင်ကာကွယ်”
၁၇:၀၅ - “အောက်ချင်းငှက်တေးသံ” (အပိုင်း-၃)
၁၇:၂၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် “နှင်းဆီရဲတိုက်” အောင်ရဲလင်း၊ ကောင်းပြည့်၊ ရဲအောင်၊ မို့မို့မြင့်အောင်၊ ရွှေမှုန်ရတီ (ဒါရိုက်တာ- နေပိုင်)
၁၇:၃၅ - MRTV Travelogue “သဘာဝရဲ့ အလှတရားများဆီသို့” (အပိုင်း-၈)
၁၈:၂၀ - ပြည်သူ့နီတိစကားဝိုင်း “ပဟေဠိပြိုင်ပွဲ”(အပိုင်း-၄) ဆရာထင်လင်းဦး၊ မင်းခိုက်စိုးစန်၊ အမေ့အိမ် (ရန်ကုန်တိုင်း)မှ ကျောင်းသား/သူများ ပညာ့ပန်းတိုင်(နေပြည်တော်)မှ ကျောင်းသား/သူများ)
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “နှလုံးသား ခေါ်ဆောင်ရာ” (အပိုင်း-၇)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၀ - ပြည်သူ့အကျိုးပြုမှတ်တိုင်များ “ရန်ကုန်မြို့တော်တစ်ခွင်” (Yangon Building Permit System YBPS)
- မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုရုပ်ရှင် “လျှို့ဝှက်သောနှင်း” ညွှန့်ဝင်း၊ လွင်မိုး၊ လူမင်း၊ စိုးမြတ်နန္ဒာ ၊ ဒါရိုက်တာ- စင်ရော်မောင်မောင်

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | အောင်မြင်ခြင်းဆိုတာနှင့် မြန်မာ့တိုင်းရင်းသားပုံပြင်များ | ဇာနီအောင်(ရမ္မာဝတီ) | ရှိုင်းရှိုင်းစာပေ | ၁၁၀၀ |
| ၂။ | ကေရာဇ်မင်းကြီးပြန်အလာ | ဝင်းဝင်းဏီ(တန့်ဆည်) | မျိုးဆက်သစ် | ၂၀၀၀ |
| ၃။ | အောင်ဆန်းသူရိယဘွဲ့တံဆိပ်ရ ပုဂ္ဂိုလ်များ | နေစိုးထက် | မျိုးမြန်မာ | ၂၀၀၀ |
| ၄။ | အကြွေပန်းပေမယ့် ရွှေနန်းတော့ထိုက်ချင်တယ် | မောင်စိန်ဝင်း(ပုတီးကုန်း) | စိတ်ကူးသစ် | ၄၅၀၀ |
| ၅။ | လွမ်းလောက်လို့လား | မောင်စိန်ဝင်း(ပုတီးကုန်း) | စိတ်ကူးသစ် | ၄၅၀၀ |
| ၆။ | တက္ကသိုလ်ကျောင်းသားများဖတ်ရန် | သူရပိုင်စိုး | ကိုလတ်စာပေ | ၂၅၀၀ |
| ၇။ | လေးကြောင်းမျဉ်းကဗျာများ | ကလောင်စုံ | နှစ်ကာလများ | ၂၀၀၀ |
| ၈။ | စလုံးရေစ | ထူးဆွေအောင် | ငါတို့စာပေ | ၃၀၀၀ |
| ၉။ | ကိုယ်ဟာလိပ်ပြာတစ်ကောင်ဖြစ်တယ် | မောင်ကိုကို(အမရပူရ) | လင်းသစ်ရောင်စဉ် | ၂၀၀၀ |
| ၁၀။ | လေလိုလွင့်ကဗျာများ | ကိုရွှေ | နှစ်ကာလများ | ၂၀၀၀ |
| ၁၁။ | စိတ်ရောင်စုံအတွေးများ | လင်းထိပ်သျှင် | ပန်းဆွေမွန် | ၃၀၀၀ |
| ၁၂။ | ချစ်တဲ့အကြောင်းတွေရေးထားတယ် | ကလောင်စုံ | Inya Book Club | ၂၃၀၀ |
| ၁၃။ | လရောင်ထဲကလရောင် | လရောင် | စိတ်ကမ်းသာ | ၂၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မကွေးတိုင်းဒေသကြီး မြေတူးစက် ဘက်ဟိုး ၅ တန်နှင့်အထက် Excuvator(၁)စီးဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာသုံးစွဲခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ အသုံးပြုရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် မြေတူးစက်ဘက်ဟိုး ၅ တန်နှင့်အထက် Excuvator(၁)စီးဝယ်ယူသွားမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၀-၂-၂၀၂၀(ကြာသပတေးနေ့)

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၀-၃-၂၀၂၀(သောကြာနေ့)

(ဂ) **တင်ဒါလျှောက်လွှာရောင်းချ/ တင်သွင်းရမည့်နေရာ** - စိမ်း/စို ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး မကွေးတိုင်းဒေသကြီး

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို(၁)စုံလျှင်(၁၀၀၀၀ိ/-)(ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၀၂၆၄၀၁၊၀၆၃-၂၀၂၃၅၆၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ရက်ပေါင်း(၆၀)ကျော်ကုန်ပစ္စည်းများအား ကုန်ပိုင်ရှင်များ အမြန်ဆုံးထုတ်ယူပါရန် အသိပေးအကြောင်းကြားခြင်း

၂၀၁၉ခုနှစ် နိုဝင်ဘာလ(၁)ရက်မှ (၃၀)ရက်အထိ Air Cargo Terminal (YACL)သို့ ရောက်ရှိနေသောကုန်ပစ္စည်းများ အား(၂၉-၂-၂၀၂၀) ရက် နောက်ဆုံးထားထုတ်ယူရန်နှင့်လာရောက်ထုတ်ယူခြင်းမရှိပါက ရက်(၆၀)ကျော် ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ **Air Cargo Terminal**

**Yangon Aerodrome Co.,Ltd**

## ရောင်းချရန်ကြော်ငြာစာ (တရားမကျင့်ထုံးဥပဒအမိန့်-၂၁၊ နည်းဥပဒေ-၆၆) ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တရားရုံးတော် ၂၀၁၈ ခုနှစ် ဇာရီမှုအမှတ်-၁၁

ဒေါ်ကြည်ကြည်အေး နှင့် ဒေါ်တင်တင်လှ

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၁၄/၂၀၁၅ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၆ ရက် နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ သရဖီ(၁)လမ်း၊ မြေကွက်အမှတ် ၆၁၄/ခ၊ အလျား(၂၀)ပေxအနံ(၆၀)ပေ အကျယ်ရှိ ဂရန်မြေအမျိုးအစားမြေကွက်တစ်ကွက်။

**ကြမ်းခင်းဈေးကျပ်သိန်း (၁၆၀)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

## အထူးဝမ်းနည်းကြေကွဲခြင်း

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ကြေးတိုင်၊ စီမံကိန်းနှင့်သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ကြေးတိုင်ဦးစီးဌာန(အောက်မြန်မာပြည်)၊ ရန်ကုန်မြို့မှ ညွှန်ကြားရေးမှူး ဦးသိန်းကျော်တို့သည် ၁၆-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) တွင် ရုတ်တရက်ကွယ်လွန်သွားခြင်းအား မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆန်းဝင်း(ညွှန်ကြားရေးမှူး)နှင့်ဇနီး ဒေါ်ခင်အုံးမြင့်
ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ကြီးမြို့
ရှမ်းပြည်နယ်/ခရိုင်/မြို့နယ်/မြို့ရုံးဝန်ထမ်းများအားလုံး

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဘုန်းမြင့်

### တပ်မတော်(ရေ)(ငြိမ်း)

### D.S.A(7)

သူငယ်ချင်းတို့တတွေနဲ့ ရုတ်တရက်ခွဲခွာသွားပေမဲ့၊ အစဉ်အမြဲ စိတ်ထဲမှာ ရှိနေကြမှာပါ။ မိသားစုကြေကွဲဝမ်းနည်းရသလို ဒို့တတွေလည်း ထပ်တူပါ။

အပတ်စဉ်(၇)သူငယ်ချင်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ငြိမ်းအောင်

### အသက်(၅၄)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ကြေးတိုင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်သည် ၁၆-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၂)၊ (၂၀၁၈ ဇီးပင်ကြီး)မှ
သင်တန်းသား၊သင်တန်းသူများ

## ဦးသိန်းဇော်(ခ)Fredrick Kyaing

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ (၄၈)လမ်း၊ (၄၈ ကွန်ဒို)၊ အမှတ်(၈၈/၉၆)၊၈(ဘီ)နေ (ဦးတင်ဦးကြိုင်-ဒေါ်ခင်စိုး)တို့၏သား၊ [Dr ဦးသာလှ-ဒေါ်လှကြည်(ခ)ဒေါ်မူမူ]တို့၏သားသမက်၊ ဒေါ်သိင်္ဂီနွယ်၏ ချစ်လှစွာသော ခင်ပွန်း၊ Capt ဦးတင်စိုးကြိုင်(ခ)Reginald Kyaing- Drဒေါ်ခင်ဥမ္မာလတ်တို့၏ညီ၊ ဦးမြင့်ထူး(ခ)Ronald Kyaing (B.A Philosophy, RASU)၊Drသိန်းထွဋ်(ခ)Kenneth Kyaing -ဒေါ်နီလာအောင်၊ [ဦးတင်ထွေး(ခ)Rodney Kyaing]-ဒေါ်ကြူကြူတို့၏ အစ်ကို၊ မောင်သိန်းထိုက်အောင်-မခင်နန်းထိုက်(Model)၊ မောင်ထွန်းမြင့်မြတ်(Second Mate F.G)မောင်ထက်အောင်လှိုင်(UIT)တို့၏ ချစ်လှစွာသော ဖခင်၊ မောင်အာကာဘုန်းမြတ်၊ မောင်မြင့်မိုရ်အောင်တို့၏ အဘိုးသည် ၁၈-၂-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၂:၂၉နာရီတွင် Grand Hantha International Hospital ကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၂၀ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၂၆၀၇၅ Honda Scoopy 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မောင် ၉/မရတ(နိုင်)၀၃၅၄၈၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၄၇၄၆၇ Honda Click 125 MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးစန္ဒာထိုက် ၉/မရတ(နိုင်) ၀၄၄၂၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/58036 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းလှိုင် ၉/ခမစ(နိုင်)၀၁၇၉၃၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၈၀၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၀၇/ခ)၊ အနော်မာ(၇)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်မမကြီး) ၁၂/ဥကတ(နိုင်)၀၆၂၆၇၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မမကြီး ၁၂/ဥကတ(နိုင်)၀၆၂၆၇၁ သည် ခင်ပွန်း ဦးလွင် (ကွယ်လွန်)ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၈၈၇၄/၁၄(၁၅-၁၂-၁၄)ဖြင့်ရရှိခဲ့ပြီး၊ ဒေါ်မမကြီးသည် ၁၃-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ဥမ္မာလွင် ၁၂/ဥကတ(နိုင်)၀၆၇၁၉၅ မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ၁၂/၁၁၈၀/၁၉ (၁၀-၁၂-၁၉)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ဒေါ်မမကြီး အမည်ပေါက်ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

# (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဘုံသဘောတူညီချက် (၈) ချက်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

(၈) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA–S EAO) ၏ နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးအပြီးတွင် အချက် (၈)ချက်ကို ဘုံသဘောတူစုစည်းချက်အဖြစ်ရရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – ၂၁ ရာစု ပင်လုံ စတုတ္ထအစည်းအဝေးအား သတ်မှတ်ထားသည့် အချိန်ကာလ (၂၀၂၀ ခုနှစ် ပထမလေးလပတ်) အတွင်း ကျင်းပပြုလုပ်နိုင်ရေးကို ဦးတည်သည့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်မှုများကို အသေးစိတ် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း ယနေ့ ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❁



# (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားအား ချင်းပြည်နယ် ထန်တလန်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊MITV၊ Channel–9၊ တိုင်းရင်းသား၊ Up to Date၊ Mizzima၊ DVB၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊Myanmar State Counsellor Office Facebook Page၊ NRPC Facebook Page၊ Ministry of Information Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page၊ Skynet DTH Facebook Page တို့တွင် ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာကြက်တောင်မယ် သက်ထားသူဇာ ယူဂန္ဒာနိုင်ငံ၌ ချန်ပီယံကာကွယ်ပွဲ ကစားမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ယူဂန္ဒာနိုင်ငံ၌ ကျင်းပမည့် International Series ပြိုင်ပွဲဖြစ်သော Uganda International 2020 ပြိုင်ပွဲတွင် ချန်ပီယံကာကွယ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သက်ထားသူဇာသည် ယင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်သောကြောင့် ဆီဒင် ၁ သတ်မှတ်ခံထားရပြီး ပထမအဆင့်တွင် မော်လ်ဒိုက်ကစားသမား ရာဇာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ သက်ထားသူဇာသည် ယခုလအတွင်း ၂၀၁၉ ခုနှစ်က ရရှိခဲ့သည့် ချန်ပီယံဆုများအတွက် ချန်ပီယံကာကွယ်ပွဲများ ဆက်တိုက်ကစားမည်ဖြစ်ပြီး ယူဂန္ဒာပြိုင်ပွဲအပြီးတွင် ကင်ညာနိုင်ငံ၌ ပြိုင်ပွဲထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။ အိုလံပစ်ဝင်ခွင့်အတွက် နောက်ဆုံးသတ်မှတ်ထားသည့်ရက် နီးကပ်လာသောကြောင့် သက်ထားသူဇာသည် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယူဂန္ဒာနှင့် ကင်ညာနိုင်ငံအပြီးတွင် ဥရောပခြောက်နိုင်ငံ၌ ပြိုင်ပွဲများ ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ – စိုးညွန့်**

# တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာများ ဖော်ပြသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဘာသာရပ်များကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ မြန်မာ့အလင်းသတင်းစာတွင် အောက်ပါအတိုင်း ဖော်ပြပေးသွားမည်ဖြစ်သည်–

| စဉ် | ဘာသာရပ် | ဖော်ပြမည့်ရက် |
|---|---|---|
| ၁ | မြန်မာစာ | ၂၀–၂–၂၀၂၀ |
| ၂ | အင်္ဂလိပ်စာ | ၂၁–၂–၂၀၂၀ |
| ၃ | သင်္ချာ | ၂၂–၂–၂၀၂၀ |
| ၄ | စိတ်ကြိုက်မြန်မာစာ | ၂၃–၂–၂၀၂၀ |
| ၅ | ဓာတုဗေဒ | ၂၄–၂–၂၀၂၀ |
| ၆ | ရူပဗေဒ | ၂၅–၂–၂၀၂၀ |
| ၇ | ဘောဂဗေဒ | ၂၆–၂–၂၀၂၀ |
| ၈ | ပထဝီဝင် | ၂၇–၂–၂၀၂၀ |
| ၉ | သမိုင်း | ၂၈–၂–၂၀၂၀ |
| ၁၀ | ဇီဝဗေဒ | ၂၉–၂–၂၀၂၀ |



မြန်မာ့အလင်း

# ယနေ့ရန်ကုန် Yangon Today

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့



# နေချင့်စဖွယ်မြို့ကြီးဖြစ်ဖို့ ပထမ အဓိကခြေလှမ်း

သိမ်းစိုး

**ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် လူဦးရေ အထူထပ်ဆုံးဖြစ်သလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစသည့် ဘက်ပေါင်းစုံမှ အရေးပါဆုံးမြို့ ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ၏အဓိကစီးပွားရေးမြို့တော်ဖြစ်သည့်အပြင် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ခြင်းကြောင့် စက်မှုဇုန်များစွာရှိနေပြီး သီလဝါစီးပွားရေး (ပင်လယ်ထွက်ပေါက်ဇုန်)နှင့် နိုင်ငံတကာမှ စက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် အေဂျင်စီများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများရှိနေပြီး ပြည်တွင်းလုပ်သား ရွှေ့ပြောင်းနေထိုင်မှု အများဆုံးရှိသည့်အတွက် မကြာမီ မီဂါအဆင့်ရှိသော မြို့ကြီးတစ်မြို့ဖြစ်လာတော့မည်ဖြစ်သည်။**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ၏ စီမံခန့်ခွဲမှုလက်အောက်တွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် (YBS)၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် အဝေးပြေးသယ်ယူပို့ဆောင်ရေး (Highway Bus)၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး (Water Bus)၊ ကုန်တင်နှင့် ကုန်စည်ပို့ဆောင်ရေး(Truck)၊ စီးလုံးငှားသယ်ယူပို့ဆောင်ရေး(City Taxi)၊ ကျောင်းသားသယ်ယူပို့ဆောင်ရေး (School Bus) ဆိုသည့် အခန်းကဏ္ဍများကို ကြီးကြပ်ကွပ်ကဲရသည့် အဖွဲ့ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၌ လူဦးရေနှစ်သန်းကျော်သည် YBS ကို အဓိကအသုံးပြုသွားလာနေရသည်ဖြစ်၍ လူနေမှုအဆင့်အတန်းနှင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်မြို့နေပြည်သူများအတွက် "အရေးပါဆုံး" ဖြစ်သည့် ခရီးသည်တင် ဘတ်စ်ကားစနစ်မှ YBS စနစ်သို့ ပြောင်းလဲဖော်ဆောင်ခဲ့ပြီး မော်တော်ယာဉ်ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့ ''မထသ'' မှ ဘတ်စ်ကားများ စီမံအုပ်ချုပ်မှုကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင် အဖွဲ့(YRTA) သို့ ပြောင်းလဲခဲ့သည်။ ယခင် တစ်ဦးချင်းယာဉ်ပိုင်ဆိုင်မှုစနစ်မှ ကုမ္ပဏီပိုင်ဆိုင်မှုအစားထိုးဆောင်ရွက်သည်မှာ ၂၀၂၀ ပြည့်နှစ်တွင် (၃)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ထိုသို့ ရန်ကုန်မြို့နေ အများပြည်သူဝန်ဆောင်မှု ခရီးသည်တင်ယာဉ်လိုင်း YBS စနစ်သို့ ပြုပြင်ပြောင်းလဲရာတွင် YRTA အနေဖြင့် အချိန်များစွာ၊ အခက်အခဲပေါင်းများစွာဖြင့် ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့် ပြည်သူ့ဝန်ဆောင်မှုကို အကောင်းဆုံးပေးနိုင်ရန်အတွက် Intelligent Transportation System (ITS) အဆင့်မြင့် နည်းပညာများကို အခြားနိုင်ငံများနှင့် ချိတ်ဆက်၍ ခရီးသည်တင်ယာဉ်များတွင် တပ်ဆင်ဆောင်ရွက်ခြင်း၊ ခရီးသည်တင် ယာဉ်လိုင်းများအား စောင့်ကြည့်ထိန်းချုပ်ရေးစင်တာမှတစ်ဆင့် ယာဉ်မောင်းနှင်သူများ၊ ဂိတ်လိုင်းများကို စောင့်ကြည့်အကဲဖြတ်သည့် နည်းစနစ်များကို လေ့လာကွပ်ကဲနိုင်ခဲ့သည်။

အချပ်ပို (ခ) သို့

## ရန်ကုန်မြို့၏ အနီးဆုံးအပန်းဖြေရာ

# ဆယ်အိမ်တန်းကမ်းခြေသာ

သန်းထိုက်



ဓာတ်ပုံ - သစ္စာ

**ရန်ကုန်မြို့ပန်းဆိုးတန်းဆိပ်ကမ်းမှာ နံနက်ခင်းအလင်းရောင်သန်းသည်နှင့် ခရီးသွားတို့ဖြင့် စည်ကားလျက်ရှိသည်။ မြစ်ပြင်တွင် ချယ်ရီကူးတို့သင်္ဘောကြီးနှစ်စင်းမှာ ပျံ့ဝဲနေသော စင်ရော်မောင်နှံပမာ ခရီးသွားများကို ပို့ဆောင်ပေးလျက်ရှိသည်။ ရန်ကုန်ဆိပ်ကမ်းသို့ပို့ဆောင်နေသော ကူးတို့ရေယာဉ်နှစ်စင်းမှာလည်း အေးစိမ့်နေသောနံနက်ခင်းတွင် လူးလာခေါက်ပြန်ဖြင့် ရန်ကုန်မြစ်ပြင်၌ ပြေးဆွဲလျက်ရှိသည်။**

ရန်ကုန်မြို့နေပြည်သူများရုံးပိတ်ရက်နှင့် ရက်ရှည်ပိတ်ရက်များတွင် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကမ်းခြေနှင့် ကပ်လျက်ရှိသော ဆယ်အိမ်တန်းကမ်းခြေသို့ ရန်ကုန်ဆိပ်ကမ်းမှဇက်ဖြင့်ကူး၍ ဒလမြို့နယ်ရှိ နာရီစင်အဝိုင်းပတ်လမ်းမှ ဝါးဘလောက်သောက်စံပြကျေးရွာလမ်းဆုံကိုဖြတ်သန်း၍ ဆယ်အိမ်တန်းကမ်းခြေသို့မော်တော်ယာဉ်များဖြင့် သွားရောက်လည်ပတ်လေ့ရှိသည်။ ထို့အပြင် လှိုင်သာယာမြို့နယ်ပန်းလှိုင်တံတားကိုဖြတ်၍ ဘုရားငုတ်တိုလမ်းဆုံမှ ကော့မှူးမြို့လယ် တံတားအဆင်းဘယ်ဘက်လမ်းအတိုင်း ဝါးဘလောက်သောက်စံပြကျေးရွာလမ်းဆုံကို ဖြတ်သန်းကာထိုမှ ဆယ်အိမ်တန်းကမ်းခြေသို့ သွားရောက်အပန်းဖြေလည်ပတ်သူများလည်းရှိသည်။

ကော့မှူးမှ ဝါးဘလောက်သောက်စံပြကျေးရွာလမ်းပိုင်းမှာ ကတ္တရာလမ်းဖြစ်ပြီး ၁၄ ပေ ကျယ်ကာ ယာဉ်များသွားလာရေးအဆင်ပြေလျက်ရှိသည်။ ချဲ့ရန်လိုအပ်သောနေရာများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာအချို့မှာ လျှပ်စစ်မီးရရှိနေပြီ ဖြစ်သည်။

ဝါးဘလောက်သောက်လမ်းဆုံတွင် လက်ခုပ်ကုန်းကမ်းခြေသို့ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကိုတွေ့မြင်ရပြီး ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းထားကာ ဆယ်အိမ်တန်းကမ်းခြေသို့ လာရောက် လည် ပတ်သော ယာဉ် များ ဖြတ် သန်း သွားလာ ကြ လျက် ရှိသည်။ ဒေသခံအများစုမှာ ဆိုင်ကယ်ဖြင့်သွားလာကြလျက်ရှိရာ ကားလမ်းနေရာအချို့မှာ ယာဉ်သွားလမ်းကျဉ်းသော်လည်း ရာသီချိန်ခါမရွေး သွားလာနိုင်မှုကြောင့် ကျေးလက်ဒေသသွားလာရေးအတွက် အဆင်ပြေစေလျက်ရှိသည်။

**ရန်ကုန်မြို့နေ ပြည်သူများ လာရောက် အပန်းဖြေရုံသာမက နိုင်ငံခြားသား ခရီးသွားများလည်း နေ့ချင်းပြန်အဖြစ် စက်ဘီးစီး၍ လာရောက်လည်ပတ် လေ့ရှိ။**

လက်ခုပ်ကုန်းကမ်းခြေဟိုတယ်ဧရိယာရှေ့တွင် ၁၂ ပေကျယ်သော ကွန်ကရစ်ကားလမ်းရှိပြီး ထိုကားလမ်းမှာ ဆယ်အိမ်တန်းကမ်းခြေသို့သွားရာလမ်း ဖြစ်သည်။ ရန်ကုန်မြို့နေပြည်သူများလာရောက်အပန်းဖြေရုံသာမက နိုင်ငံခြားသားခရီးသွားများလည်း နေ့ချင်းပြန်အဖြစ် စက်ဘီးစီး၍ လာရောက်လည်ပတ်လေ့ရှိသည်။ လက်ခုပ်ကုန်းဟိုတယ်မှဆယ်အိမ်တန်းကမ်းခြေသို့ ၁ မိုင် ၆ ဖာလုံကျော်သာ ဝေးကွာသောကြောင့် တိုက်နယ်ဆေးရုံသို့ရာသီမရွေး မြန်ဆန်လွယ်ကူစွာကုသနိုင်သဖြင့် ကျေးလက် ဒေသ၏ လူထုကျန်းမာရေးအတွက် အားရဖွယ်ပင် ဖြစ်သည်။

အချပ်ပို (ဂ) သို့



*နေချင့်စဖွယ်မြို့ကြီးဖြစ်ဖို့ ပထမ အဓိက ခြေလှမ်း . . . မှ*

ဘတ်စ်ကားစနစ် ပြောင်းလဲမှုများမှာ အစောပိုင်းကာလများတွင် အခက်အခဲများ ရှိခဲ့သော်လည်း အချိန်ကာလတစ်ခုရောက် သည့်အခါ အဆင်ပြေချောမွေ့လာခဲ့ပြီဟု ဆိုနိုင်ပါသည်။

**ထိန်းသိမ်းကွပ်ကဲရန် ခက်ခဲခြင်း**

ဘတ်စ်ကားစနစ် တစ်ဦးချင်းပိုင်ဆိုင်မှု စီးပွားရေးလုပ်ငန်းမှာ သာမန်စီးပွားရေး လုပ်သကဲ့သို့ ပိုင်ရှင်မှ အမြတ်ရရှိရေးကို ဦးစားပေးခြင်းဖြစ်၍ အများပြည်သူကို ဝန်ဆောင်မှုပေးရသည်ဟု မမြင်ဘဲ တစ်နေ့ ထက်တစ်နေ့ ဝင်ငွေပိုမိုရရှိရေးကိုသာ အဓိကထားကြသည်။ ထို့ကြောင့် အရင်းအနှီး သက်သာရန်အတွက် အသုံးပြုပြီးသား ယာဉ်အို၊ ယာဉ်ဟောင်းများကို ဝယ်ယူကာ လိုင်းပေါ်တွင် ပုတ်ပြတ်စနစ်ဖြင့် ငှားရမ်းခြင်း၊ ခရီးသည်ရရှိရေးအတွက် သတ်မှတ်စည်းမျဉ်း စည်းကမ်းများကို လိုက်နာမှုမရှိခြင်း၊ ကား တစ်စီးချင်းပိုင်ရှင်များသဖြင့် ထိန်းသိမ်းကွပ်ကဲ ရန် ခက်ခဲခြင်းတို့ ဖြစ်ပေါ်စေခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုကောင်းများဖြစ်သည့် ဘေးကင်းလုံခြုံရေး၊ သက်သောင့်သက်သာ စီးနင်းနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် အဆင်ပြေ ချောမွေ့စိတ်ချမ်းသာခြင်း စသည့်အကျိုး တရားများရရှိစေရေးအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို တစ်ဦးချင်းပိုင် အစား ကုမ္ပဏီပိုင်စနစ်ဖြင့် ပြောင်းလဲ လုပ်ဆောင်ခြင်း ဖြစ်သည်။

ကုမ္ပဏီပိုင်ဖြစ်စေခြင်းဖြင့် အရင်းအနှီး အင်အား၊ စီမံခန့်ခွဲမှုအင်အား ပိုမိုရှိလာသည့် အတွက် ခေတ်မီသည့်ယာဉ်များ နည်းပညာ သစ်များသုံးစွဲလာနိုင်ပြီး အစိုးရအနေဖြင့် တစ်ယောက်ချင်း ယာဉ်ပိုင်ရှင်အများစုကို ထိန်းသိမ်းကွပ်ကဲရသည်ထက် ကုမ္ပဏီတစ်ခု၊ နှစ်ခုကို ကွပ်ကဲထိန်းကျောင်းရသည်မှာ ပိုမို လွယ်ကူပေသည်။

**စောင့်ကြည့်အကဲဖြတ်နိုင်ပြီ**

ကုမ္ပဏီစနစ်ဖြင့် ဆောင်ရွက်သည့်အတွက် စည်းကမ်းလိုက်နာမှု၊ အစိုးရနှင့်ချုပ်ဆို ထားသည့် ဝန်ဆောင်မှုဆိုင်ရာစာချုပ်အတိုင်း အတိအကျလိုက်နာရမည်ဖြစ်ပြီး ပျက်ကွက် ခဲ့လျှင် ကုမ္ပဏီကိုအရေးယူခြင်း၊ ဒဏ်ကြေး ရိုက်ခြင်း၊ ပိတ်သိမ်းခြင်း စသည်တို့ကြောင့် ကုမ္ပဏီများ စည်းကမ်းမဖောက်ရဲကြပေ။ ITS အဆင့်မြင့်နည်းပညာ ထွန်းကားလာသည်နှင့် အမျှ ကြီးကြပ်ကွပ်ကဲသူများအနေဖြင့် ထိန်းချုပ်နေရာမှ စောင့်ကြည့်အကဲဖြတ်နိုင်ပြီ ဖြစ်သည်။ ကုမ္ပဏီ၏ကားများကို ရာနှုန်းပြည့် နီးပါး ကွပ်ကဲနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင် ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)ကိုဖွဲ့စည်း၍ပြည်သူ့ဗဟိုပြုဝန်ဆောင်မှု ကောင်းများပေးနိုင်ရန် YBS ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး ဘတ်စ်ကားအသစ်ကြီးများ အစားထိုး ဆောင်ရွက်ခဲ့ရာ ဘတ်စ်ကားအစီးရေ သုံးပုံ တစ်ပုံခန့်တိုးပွားလာပြီး ယာဉ်လိုင်းများ မှာလည်း ယခင်ယာဉ်လိုင်း ၃၃၀ ကျော်ရှိခဲ့ရာ အစားထိုးကားသစ်ကြီးများကြောင့် ယာဉ်လိုင်း ပေါင်း ၁၀၀ ဝန်းကျင်သို့ လျှော့ချနိုင်ခဲ့ပြီ ဖြစ်ပြီး ယခုအခါ (၃)နှစ်ခရီးသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။




ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့ရှိ YBS ယာဉ်လိုင်းများမှ မော်တော်ယာဉ်များ။

**Smart Card များ ထုတ်ပေးထား**

YBS ကြောင့် ရန်ကုန်မြို့နေ ခရီးသွား ပြည်သူများမှာ သက်သောင့်သက်သာ စိတ်အေးချမ်းသာစွာ ခရီးသွားနိုင်ကြပြီ ဖြစ်သည်။ ယခင်ကကဲ့သို့ ယာဉ်နောက်လိုက် များက ခရီးသည်များကို ထိုးသည့်ဒဏ်၊ ရိုင်းပျစွာ ပြောဆိုဆက်ဆံသည့်အသံ၊ ကားအတွင်းပူလောင်ကာ ချွေးတပြိုက်ပြိုက် ကျကာ စီးနင်းရသည့် ဒုက္ခများမှ ကင်းလွတ်ပြီး စိတ်ကြည်လင်စွာ သွားလာနိုင်သည်ကို ယာဉ်လိုင်းအများစုတွင် တွေ့မြင်ရပြီဖြစ် သည်။ YRTA အဖွဲ့ကြီးသည် ခရီးသွားပြည်သူ လူထု ပိုမိုလုံခြုံစိတ်ချစွာ သွားလာနိုင်ရေး အတွက် မော်တော်ယာဉ်များသာမက ယာဉ်မောင်းများကိုလည်း RFID စနစ်သုံး Smart Card များ ထုတ်ပေးထားကာ ယာဉ်မောင်းတစ်ဦးစီ၏ ယာဉ်မောင်းနှင်မှု မှတ်တမ်းများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ် မောင်းနှင်မှု အလေ့အကျင့်များကိုပါ စောင့်ကြည့်မှတ်တမ်းတင်ထားသည့်အတွက် ခရီးသည်များအတွက် ပိုမိုလုံခြုံစိတ်ချသည့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကို ရရှိနေပြီ ဖြစ်သည်။

**တိုးတက်ဖွံ့ဖြိုးမှု ပုံရိပ်ကောင်း**

YRTA အဖွဲ့ကြီးမှ နိုင်ငံခြားခရီးသွား အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး "ပိုမို ကောင်းမွန်သော YBS ၊ ပိုမိုကောင်းမွန်သော Yangon"ဆိုသော ဆောင်ပုဒ်ကို ချမှတ်ထားပြီး ယာဉ်လမ်းကြောင်းများ ပြင်ဆင်ရေးဆွဲခြင်း၊ ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုသင်တန်းများပေး ခြင်းတို့အပြင် ခရီးသွားပြည်သူများ အဆင်ပြေ သွားလာနိုင်စေရေးအတွက် တိုက်ရိုက်ငွေသား ထည့်သည့်စနစ်မှ ကတ်စနစ်သုံး Yangon Payment Service(YPS) ငွေပေးချေစနစ်၏ ကွန်ရက်တစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သောကြောင့် လူနေမှုပုံစံ တိုးတက်မြင့်မားလာစေမှာ ဖြစ်သကဲ့သို့ ရန်ကုန်မြို့ တိုးတက်ဖွံ့ဖြိုးမှု ပုံရိပ်ကောင်းကိုပါ မြှင့်တင်ပေးလျက်ရှိနေပြီ ဆိုသည့်အကြောင်းကို YRTA အဖွဲ့၏ အတွင်း ရေးမှူး ဒေါက်တာမောင်အောင်နှင့် စာရေးသူ ဂလိုဘယ်တို့က (၃)နှစ်ပြည့် Yangon Reagion Transport Authority (YRTA Magazine) မှလည်း ရေးသားဖော်ပြခဲ့သည်။

**မှတ်တိုင်များကို ရုပ်သံမှကြေညာပေး**

ထို့အပြင် YBS ယာဉ်တိုင်းမှာ CCTV ကင်မရာများ တပ်ဆင်ထားပြီး မှတ်တမ်းများ ရယူနိုင်ခြင်း၊ ထိန်းချုပ်နေရာမှ ယာဉ်မောင်း ဖြစ်သူနှင့် စကားပြောဆက်သွယ်နိုင်ခြင်း၊ ခရီးသွားလာမှု အဆင်ပြေရေးအတွက် မှတ်တိုင်များကို ရုပ်သံမှကြေညာပေးခြင်းကို ဆောင်ရွက်ပေးထားသည့်အတွက် ခရီးသည် များ မိမိတို့ဆင်းလိုသည့် မှတ်တိုင်ကို အလွယ်တကူသိရှိသဖြင့် စိုးရိမ်စိတ်များ လျော့ကျစေခဲ့သည်။

**တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့**

ယာဉ်ရပ်နားဝင်းများ တည်ဆောက်မှုနှင့် ပတ်သက်ပြီး YRTA အဖွဲ့မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ညီညီမော်က "ယာဉ်လိုင်း များ ရပ်နားရန်အတွက် ၂၀၁၉ ခုနှစ်အတွင်း ပုဇွန်တောင်ယာဉ်ရပ်နားဝင်းကို တည်ဆောက် ပြီးစီးကာ ဒီဇင်ဘာ ၂၉ ရက်နေ့မှာ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ YRTA မှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါ တယ်။ တစ်ပြိုင်နက်ထဲမှာ လှိုင်သာယာမြို့နယ် သမကုန်းမှာ လှိုင်သာယာယာဉ်ရပ်နားဝင်းကို တည်ဆောက်လျက်ရှိပါတယ်။

**ဘတ်စ်ကား အစီးရေ ၁၂၀ ခန့် ရပ်နား**

"ပုဇွန်တောင် ယာဉ်ရပ်နားဝင်းကို ကျွန်တော်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ YRTA က ဦးစီးကာ တင်ဒါခေါ်ပြီး တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီကို လုပ်ငန်း အပ်နှံတည်ဆောက်စေခဲ့ပါတယ်။ ရပ်နားနိုင် တဲ့ယာဉ် အစီးရေကတော့ YRTA က ပိုင်ဆိုင်တဲ့ School Bus Mini အသေးစားအရွယ်ဆိုရင် ယာဉ် အစီးရေ ၂၀၀ ခန့် ရပ်နားနိုင်ပြီး ဘတ်စ်ကား အစီးရေဆိုရင် ၁၂၀ ခန့် ရပ်နားနိုင်ပါတယ်။

"ကျွန်တော်တို့က နိုင်ငံတကာအဖွဲ့ အစည်းတွေကို အကြံဉာဏ်တွေ ရယူဆွေးနွေး တဲ့အခါ ယာဉ်ရပ်နားဝင်းတွေရဲ့ အရေးပါမှု၊ ယာဉ်ရပ်နားဝင်းတွေနဲ့ စီမံခန့်ခွဲမှုအပိုင်းကို အဓိကထားဆွေးနွေးပြီး ယာဉ်ရပ်နားဝင်း တစ်ခုမှာ ရှိသင့်ရှိထိုက် ပါသင့်ပါထိုက်တဲ့ အခြေခံ အဆောက်အဦတွေကိုလည်း ထည့်သွင်း ဆွေးနွေးပါတယ်။

**ပုဇွန်တောင် ယာဉ်ရပ်နားဝင်း ရုပ်လုံးပေါ်**

"ကွန်ကရစ်ခင်းပြီးတာနဲ့ ယာဉ်တွေ အတွက် ဝင်ပေါက်ထွက်ပေါက်၊ ရပ်နားရမယ့် ပါကင်ဧရိယာ၊ ယာဉ်သွားလမ်းကြောင်းတွေနဲ့ ယာဉ်သန့်ရှင်းရေးလုပ်ဖို့ ရေဆေးခုံတွေ၊ အသေးစားပြင်ရမယ့် အခြေအနေတွေ၊ ယာဉ်လုပ်သားတွေ ခေတ္တခဏနားခိုနေနိုင်မယ့် နေရာတွေစီစဉ်ရပါတယ်။ ဒီနေရာမှာ Depot Management ဆိုတဲ့ ခေါင်းစဉ်တစ်ခု ပေါ်ထွက် လာပါတယ်။ အဲ့ဒါကတော့ နိုင်ငံတကာမှာ ယာဉ်ရပ်နားဝင်းတွေကို ဘယ်လိုပုံစံနဲ့ စီမံ ခန့်ခွဲသလဲ၊ ကျွန်တော်တို့နိုင်ငံမှာလည်း ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာကို အလုပ်ရုံ ဆွေးနွေးပွဲတွေရော၊ အစည်းအဝေးပွဲပေါင်း များစွာ ဆွေးနွေးခဲ့ကြပါတယ်။ နိုင်ငံတကာ မှာလည်း ယာဉ်ရပ်နားဝင်းတွေကို စီမံခန့်ခွဲမှုနဲ့ တည်ဆောက်မယ့်ပုံစံအတိုင်း နမူနာယူပြီး တော့ CCTV Camera များတပ်ဆင်ဖို့ လုံခြုံရေး အပိုင်းကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါတယ်။ ယခုဆိုရင် ဆွေးနွေးမှုနဲ့ စီမံခန့်ခွဲမှုအပိုင်းဟာ ပုဇွန်တောင် ယာဉ်ရပ်နားဝင်းမှာ ရုပ်လုံးပေါ် ခဲ့ပါပြီ။ ဆက်လက်ပြီး လိုအပ်ချက်အခြေခံ အဆောက်အဦဖြစ်တဲ့ ယာဉ်ရပ်နားဝင်းတွေကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားမယ်" လို့ YRTA မန်နေဂျင်းဒါရိုက်တာ ဦးအောင် ညီညီမော်က သတင်းစာဆရာများကို အသိပေး ပြောကြားခဲ့သည်။

အချုပ်ဆိုရလျှင် YBS ယာဉ်မောင်းသူ တို့သည် မိမိတို့လုပ်ဆောင်နေသည့်လုပ်ငန်း အား ပြည်သူ့ဝန်ဆောင်မှု တစ်ခုဟုသိမှတ်ကာ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသည့် အသိ စိတ်ထား၊ မိမိနှင့် ခရီးသည်အားလုံး အန္တရာယ် ကင်းစွာ နေအိမ်ရှိ မိသားစုများနှင့် ပျော်ရွှင်စွာ တွေ့ဆုံကြပါစေ။

ခရီးသွားများကလည်း ဘတ်စ်ကားစီး ခရီးသည်များ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံကြီးသားပီသစွာ စီးနင်းလိုက်ပါလျက် YRTA ၏ စေတနာကို နားလည်စွာပူးပေါင်း ဆောင်ရွက်ကြစေလိုသည်။

**နေချင့်စဖွယ်မြို့ကြီးအဖြစ်မြှင့်တင်**

ယခုအခါ ရန်ကုန်မြို့၏ အရေးပါဆုံး ဖြစ်သော ဘတ်စ်ကားဝန်ဆောင်မှု (YBS)၏ အခန်းကဏ္ဍကိုမြှင့်တင်နိုင်ပြီး ဘေးကင်း လုံခြုံမှု၊ သက်သောင့်သက်သာရှိမှု၊ ဈေးနှုန်း သက်သာမှုတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တကွ YRTA အဖွဲ့ကြီးအား ပြည်သူတို့မှ အားကိုးမှုတိုးပွားလာနေပြီဖြစ်ရာ ရှေ့အနာဂတ်တွင်လည်း ဂုဏ်သိက္ခာရှိစွာ ရန်ကုန်တိုင်းဒေသကြီး၏ လူမှုအဆင့် မြှင့်တင် ရေးကဏ္ဍတွင် ပိုမိုအောင်မြင်စွာဆောင်ရွက် နိုင်ကြပြီး ရန်ကုန်မြို့ကြီးအား နေချင့်စဖွယ် မြို့ကြီးအဖြစ် မြှင့်တင်ဆောင်ရွက်နိုင်ကြပါစေ ကြောင်း ဆုမွန်တောင်းအပ်ပါသည်။ ။

**ဓာတ်ပုံ - သိမ်းစိုး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်(ပြန်/ဆက်)**

---

# မြန်မာ့အာမခံလုပ်ငန်းက အိမ်ရာချေးငွေ တစ်ဆင့်အာမခံအမျိုးအစားသစ် စတင်ရောင်းချခြင်း မိတ်ဆက်အခမ်းအနားကျင်းပ

**ခင်မောင်ထွေး**

စီးပွားရေးမြို့တော် ရန်ကုန်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း လူဦးရေ တိုးတက် လာမှုနှင့်အတူ အိမ်ရာအဆောက်အအုံ များကလည်း လိုအပ်နေဆဲ။ အထူးသဖြင့် မြို့တော်ရန်ကုန်။

အနယ်နယ်အရပ်ရပ်ရှိ ကျေးလက်နေ ဒေသခံပြည်သူများ မြို့ပြသို့ ရွှေ့ပြောင်း အခြေချမှုများနှင့်အတူ ရန်ကုန်သည် ခေတ်အဆက်ဆက် လူဦးရေပေါက်ကွဲမှုနှုန်း ပိုများသည်။ အိမ်ရာလိုအပ်ချက်များကလည်း ခေတ်အဆက်ဆက် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များထက် လိုသည်။

ထိုအိမ်ရာ လိုအပ်ချက်များကို ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများက တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သုဝဏ္ဏ မြို့သစ်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)၊ ဒဂုံ (ဆိပ်ကမ်း) စသည့် မြို့သစ်များ တည်ဆောက် ၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့၏။ သို့တစေ ခေတ်အလိုက် အိမ်ရာလိုအပ်ချက်များက ရှိနေဆဲ။

သည့်အတွက်ကြောင့် လက်ရှိနိုင်ငံတော် အစိုးရသည် ပစ္စက္ခတွင် တန်ဖိုးနည်း၊ တန်ဖိုး သင့် အိမ်ရာများစွာကို စီမံကိန်းအလိုက် စီစဉ် တည်ဆောက်လျက်ရှိသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန မြန်မာ့အာမခံလုပ်ငန်းနှင့် Shin Ye Htut Group တို့ ပူးပေါင်းဆောင်ရွက်သည့် အိမ်ရာချေးငွေ တစ်ဆင့်အာမခံ အမျိုးအစား သစ်(Housing Insurance Package-HIP) စတင်ရောင်းချခြင်းမိတ်ဆက် အခမ်းအနား ကို ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့ အာမခံလုပ်ငန်း (ရုံးချုပ်) ၌ ကျင်းပသည်။

မြန်မာ့အာမခံလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဒေါက်တာ စန္ဒာဦးက "နိုင်ငံတော်အစိုးရက တန်ဖိုးနည်း အိမ်ရာတို့၊ တန်ဖိုးမျှအိမ်ရာတို့ကို အကောင်အထည် ဖော်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အတွက်လည်း ဒီစီမံကိန်းက ကြီးမားတဲ့ စီမံကိန်းဖြစ်ပါတယ်။ အိမ်ရာလိုအပ်ချက် တွေပြည့်မီဖို့ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ မူဝါဒထဲမှာ မြန်မာ့အာမခံလုပ်ငန်းက တစ်တပ်တစ်အားနဲ့ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်မတို့အိမ်ရာချေးငွေနဲ့ ပတ်သက်တဲ့ အာမခံစနစ်ကို စီစဉ်လိုက်တာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ "လက်ရှိမှာ တန်ဖိုးနည်း အိမ်ရာ၊ တန်ဖိုးသင့်အိမ်ရာတွေကို ဝယ်ယူ လျက်ရှိရာမှာ အရစ်ကျစနစ်နဲ့ ပေးကြပါတယ်။ ၁၀ နှစ်ဆိုလည်း ၁၀ နှစ်၊ နှစ် ၃၀ ဆိုလည်း နှစ် ၃၀ စသဖြင့် သက်ဆိုင်ရာဘဏ်တွေရဲ့ ပေါ်လစီအတိုင်း သွားကြပါတယ်။ အဲဒီအခါမှာ မမြင်နိုင်တဲ့ ကံကြမ္မာတွေရှိပါတယ်။ တစ်ခါ တလေ အရစ်ကျသွင်းနေရင်းနဲ့ အိမ်ထောင် ဦးစီးတို့၊ တာဝန်ခံထားသူတို့ အကြောင်း အမျိုးမျိုးကြောင့် ကွယ်လွန်တာတို့၊ ထာဝစဉ် မသန်စွမ်း ဖြစ်သွားတာမျိုးတွေ ဖြစ်နိုင်ပါ တယ်။ နောက်ပြီး ချေးငွေနဲ့ဝယ်ထားတဲ့ အိမ်ကို မီးကူးစက်လောင်တာတို့၊ မုန်တိုင်း ဒဏ်ကြောင့် ပျက်စီးတာတို့ စတဲ့ မြန်မာနိုင်ငံ မှာ ဖြစ်တတ်တဲ့ အန္တရာယ်အမျိုးအစား (၁၄) မျိုးကို တစ်စုတစ်စည်းတည်းပေါင်းပြီး Package အနေနဲ့ အိမ်ရာဝယ်မယ့်သူတွေ အတွက် အာမခံ အကာအကွယ်ပေးချင်လို့ မြန်မာ့အာမခံလုပ်ငန်းက ဒါလေးတွေစီစဉ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ဆက်လက်၍ "ပြည်သူပြည်သားတွေက အာမခံအကာအကွယ်နဲ့သွားမယ်ဆိုရင် ဒီ HIP အာမခံအမျိုးအစားသစ်ကို ကျွန်မ မျှော်လင့် ထားတာပေါ့။ *အချုပ်ပို (ဃ) သို့*

# ရန်ကုန်မြို့မှာ ထွက်ပေါ်လာဦးမယ့် နိုင်ငံတကာအဆင့်မီ လက်ကားဈေးသစ်

**ဆွေဦးဝေ**

ရန်ကုန်မြို့ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နေတဲ့အချိန်ဖြစ်တာမို့ နိုင်ငံတကာအဆင့်မီ အထပ်မြင့်အဆောက်အအုံတွေ၊ အထပ်မြင့်ဟိုတယ်တွေ၊ အထပ်မြင့် စီးပွားရေးဆိုင်ရာ စင်တာကြီးတွေ၊ ရှော့ပင်းမောတွေဟာ ရန်ကုန်မြို့ရဲ့ နေရာအတော်များများမှာ ပေါ်ထွက်လာနေပြီ ဖြစ်ပါတယ်။ အချို့ဆောက်လုပ်ဆဲဖြစ်ပြီး အချို့က ဆောက်လုပ်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ အခုလည်း မြန်မာနိုင်ငံမှာ အကြီးမားဆုံး ကုန်သွယ်ရေး အဆင့်မြင့်စင်တာတစ်ခုဖြစ်တဲ့ Seamanea Yangon လက်ကားဈေးကို တည်ဆောက်နေပြီး မကြာခင်မှာ ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေပါတယ်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်နှင့် ရတနာလမ်းထောင့်မှာရှိသည့် မြေ ၁၆၇ ဧကပေါ်မှာ တည်ဆောက်မည့် နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီး၏ ပုံစံငယ်ကို တွေ့ရစဉ်။

**“ရန်ကုန်မြို့မှာတော့ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးဟာ သီလဝါအထူးစီးပွားရေးဇုန်၊ နိုင်ငံတကာဆိပ်ကမ်းတို့ကို အလွယ်တကူသွားလာနိုင်တဲ့ လမ်းကြောင်းပေါ်မှာ ရှိနေပါတယ်။ ဒ့ါအပြင် ရတနာနှင်းဆီအိမ်ရာနဲ့ ရွှေချမ်းသာ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ Emerald Bay တို့နဲ့လည်း အချိန်တိုအတွင်း သွားလာလို့ရတဲ့နေရာမှာ တည်ရှိနေတာမို့ ခရီးလမ်းဆက်သွယ်ရေးလည်း အဆင်ပြေလွယ်ကူရာနေရာ ဖြစ်ပါတယ်”**

### အကျိုးတူပူးပေါင်း

အဲဒီနိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်နဲ့ ရတနာလမ်းထောင့်မှာရှိတဲ့ မြေ ၁၆၇ ဧကပေါ်မှာ တည်ဆောက်နေတာ ဖြစ်ပါတယ်။ အဲဒီစီမံကိန်းကို စင်ကာပူနိုင်ငံအခြေစိုက် Seamanea Group နဲ့ မြန်မာနိုင်ငံက Ei Co.,Ltd တို့က အကျိုးတူ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်နေတာ ဖြစ်ပါတယ်။

ဒီစီမံကိန်းကို တည်ဆောက်တာဟာ နိုင်ငံတကာအဆင့်မီ ကုန်ပစ္စည်းပေါင်းများစွာကို တစ်နေရာတည်းမှာ အစုံအလင်ရရှိစေနိုင်တဲ့ အဆင့်မြင့်လက်ကားဈေးကြီးတစ်ခု ပေါ်ထွက်လာစေရန်နဲ့ မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးနဲ့ အဆင့်မြင့်ဆုံး ကုန်သွယ်ရေးစင်တာတစ်ခုအဖြစ် ဖော်ဆောင်နိုင်စေရန် ဖြစ်ပါတယ်။ ရန်ကုန်မြို့ကို မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့ကြီးတစ်မြို့အဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ဆိုရင် စက်မှုဇုန်တွေ၊ အထူးစက်မှုဇုန်တွေ၊ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေးလုပ်ငန်းတွေ လာရောက်လုပ်ကိုင်ပြီး အောင်မြင်စွာ လည်ပတ်နိုင်ဖို့လိုသလို ထုတ်ကုန်ပစ္စည်းတွေကိုလည်း ရောင်းချဖို့ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးတွေလည်း ပေါ်ထွန်းဖို့ လိုအပ်နေပါတယ်။

### ဆိုင်ခန်းပေါင်း ၇၀၀ ကျော် တည်ဆောက်

ဒီလိုအခြေအနေကို ဖြည့်ဆည်းနိုင်ဖို့အတွက် ရန်ကုန်မြို့ရဲ့ အချက်အချာကျတဲ့ စီးပွားရေးနယ်ပယ်တစ်ခုဖြစ်လာမယ့် အခုလိုနေရာမှာ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးကို တည်ဆောက်အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို ဖော်ဆောင်တဲ့အခါ စီမံကိန်း ပထမအဆင့်အနေနဲ့ မြေဧရိယာ စတုရန်းမီတာ ၁၀၀၀၀၀ အကျယ်အဝန်းပေါ်မှာ ဆိုင်ခန်းပေါင်း ၇၀၀ ကျော်ကို တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

### ကားပါကင်တွေ ပါဝင်မှာဖြစ်

အဲဒီနေရာမှာ ဆိုင်ခန်းပေါင်း ၇၀၀ ကျော် ပါဝင်တဲ့ လက်ကားဈေး၊ ဘဏ်တွေ၊ စားသောက်ဆိုင်တွေ၊ စူပါမားကက်တွေအပြင် ကုန်ပစ္စည်းတွေသိုလှောင်နိုင်တဲ့ အဆင့်မြင့်ကုန်လှောင်ရုံတွေ၊ အဆင့်မြင့် အခန်းကျယ်တွေ၊ စနစ်တကျရပ်နားနိုင်တဲ့ ကားပါကင်တွေ ပါဝင်မှာ ဖြစ်ပါတယ်။

စီမံကိန်းဒုတိယအဆင့်မှာတော့ မြေဧရိယာ စတုရန်းမီတာ ၃၀၀၀၀၀ အကျယ်အဝန်းပေါ်မှာ လက်ကားရောင်းဝယ်နိုင်တဲ့ဈေး၊ ကုန်ပစ္စည်းတွေပြသနိုင်တဲ့ ကုန်စည်ပြပွဲကျင်းပနိုင်တဲ့ ခန်းမတွေ၊ ဟိုတယ်တွေ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပါဝင်ဖော်ဆောင်မှုတွေဟာ နိုင်ငံတကာမှလာတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပြည်တွင်းပြည်ပထုတ်ကုန်ရောင်းချမယ့် သူတွေအတွက် ဘက်ပေါင်းစုံက အဆင်ပြေစေဖို့ စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

### ကြိုးစားဖော်ဆောင်နေ

ဒီစီမံကိန်းတစ်ခုလုံးကို အကောင်အထည်ဖော်တဲ့အခါ တည်ဆောက်ရေးလုပ်ငန်းတွေကို အပိုင်း သုံးပိုင်းခွဲပြီး ဆောင်ရွက်မှာဖြစ်လို့ အပိုင်း(၁) ကိုတော့ လာမယ့် ဧပြီလမှာ ဖွင့်လှစ်နိုင်ဖို့ ကြိုးစားဖော်ဆောင်နေပါတယ်။ အပိုင်း(၂)ကိုတော့ ဧပြီလ နောက်ပိုင်းမှာ ဆက်လက်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ အပိုင်း(၂)မှာလည်း ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ပါဝင်မယ်လို့ သိရပါတယ်။

တည်ဆောက်ရေးအပိုင်း(၃) မှာတော့ လူနေအိမ်ရာတိုက်ခန်းတွေ၊ ရှော့ပင်းမောနဲ့ ရှော့ပင်းစင်တာအပြင် ဟိုတယ်တွေလည်း ပါဝင်မှာ ဖြစ်တယ်လို့ သိရတယ်။ အခုတည်ဆောက်နေတဲ့ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကို ကုန်ပစ္စည်းထုတ်လုပ်မှု၊ ရောင်းချမှု၊ ဖြန့်ဖြူးမှုစတဲ့ စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုလုပ်ငန်းတွေကို တစ်နေရာတည်းမှာ အချိန်တိုအတွင်း ဆောင်ရွက်နိုင်အောင်၊ ဝန်ဆောင်မှုပေးနိုင်အောင် စီစဉ်ထားပါတယ်။

တည်ဆောက်မှုအပိုင်း(၁) ဖွင့်ပြီးသွားရင်တော့ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစား စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုန်သည်တွေကို ဆိုင်ခန်းတွေငှားရမ်းပြီး လုပ်ငန်းတွေ လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးသွားမယ်လို့ ဆိုပါတယ်။ စီးပွားရေးလုပ်ငန်း အရွယ်အစားအမျိုးမျိုးကို တစ်နေရာတည်းမှာ ဆောင်ရွက်နိုင်အောင်၊ လာရောက်တဲ့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေ အဆင့်မီတည်းခိုနိုင်အောင်ကအစ စီစဉ်ဆောင်ရွက်ပေးထားမှာ ဖြစ်ပါတယ်။

### ခရီးလမ်းဆက်သွယ်ရေး အဆင်ပြေ

ရန်ကုန်မြို့မှာတော့ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးဟာ သီလဝါအထူးစီးပွားရေးဇုန်၊ နိုင်ငံတကာဆိပ်ကမ်းတို့ကို အလွယ်တကူသွားလာနိုင်တဲ့ လမ်းကြောင်းပေါ်မှာ ရှိနေပါတယ်။ ဒ့ါအပြင် ရတနာနှင်းဆီအိမ်ရာနဲ့ ရွှေချမ်းသာ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ Emerald Bay တို့နဲ့လည်း အချိန်တိုအတွင်း သွားလာလို့ရတဲ့နေရာမှာ တည်ရှိနေတာမို့ ခရီးလမ်းဆက်သွယ်ရေးလည်း အဆင်ပြေလွယ်ကူရာနေရာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ တည်ငြိမ်းကုန်းလက်ကားဈေးကြီးကတော့ နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားပြီး ဖွင့်လှစ်ထားပြီ ဖြစ်ပါတယ်။ အဲဒီနိုင်ငံတကာအဆင့်မီဈေးကြီးမှာတော့ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ သားငါး၊ နို့ထွက်ပစ္စည်း စတဲ့ ထုတ်ကုန်တွေကို ရောင်းချနေခြင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တည်ငြိမ်းကုန်းမှာ တည်ဆောက်ထားတာဖြစ်ပြီး ဆိုင်ခန်းပေါင်း ၅၀၀ ကျော် ပါဝင်ပါတယ်။

### အမျိုးအစားပေါင်းစုံ ရောင်းချ

အခုတည်ဆောက်နေတဲ့ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးကတော့ အထည်အလိပ်၊ လျှပ်စစ်ပစ္စည်း၊ အလှကုန်၊ ဒစ်ဂျစ်တယ်ထုတ်ကုန်၊ အိုင်တီနည်းပညာထုတ်ကုန်၊ စားသောက်ကုန်၊ ဆောက်လုပ်ရေးပစ္စည်း၊ ဖိနပ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်အသုံးအဆောင်ပစ္စည်း၊ အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်း စတဲ့ အမျိုးအစားပေါင်းစုံကို ရောင်းချသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အခုလို နိုင်ငံတကာအဆင့်မီ လက်ကားဈေးသစ်ကြီးနဲ့ စီးပွားရေးဝန်းကျင်သစ်တစ်ခု ထွက်ပေါ်လာတာဟာ စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ရော၊ ရင်းနှီးမြှုပ်နှံသူတွေအတွက်ပါ စီးပွားရေးဈေးကွက်သစ်တစ်ခု ဖြန့်ကြက်လို့ရနိုင်သလို ရန်ကုန်မြို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့လည်း အထောက်အကူ ဖြစ်ပါတယ်။ ။

---

*ရန်ကုန်မြို့၏ အနီးဆုံးအပန်းဖြေရာ ဆယ်အိမ်တန်းကမ်းခြေသာ . . . မှ*

ဆယ်အိမ်တန်းကမ်းခြေသို့ရောက်ရှိရန် ဆယ်အိမ်တန်းရွာလယ်လမ်းကိုဖြတ်သန်းခဲ့ရာ ရွာလယ်လမ်းဆုံးတွင် ရန်ကုန်မြို့ပြနှင့် အနီးဆုံးတွင်ရှိနေသော ဆယ်အိမ်တန်း ပင်လယ်ကမ်းခြေကြီးကို တွေ့မြင်ရသည်။ ပင်လယ်ကမ်းခြေရှေ့တွင် တည်းခိုဆောင်နှင့် စားသောက်ဆိုင်တန်းများကို စီစီရီရီတွေ့မြင်ရသည်။ ဒလမြို့နယ်မှ ဆယ်အိမ်တန်း ကမ်းခြေသို့ ကားဖြင့် ၂ နာရီခန့်သာ ကြာမြင့်သောကြောင့် နေ့ချင်းပြန်လာရောက်လည်ပတ်နိုင်သော ကမ်းခြေတစ်ခုအဖြစ် စိတ်အေးချမ်းဖွယ် တွေ့မြင်ရသည်။ ဆယ်အိမ်တန်း ကမ်းခြေရွာတွင် အိမ်တိုင်းနီးပါးလျှပ်စစ်မီး ရရှိနေပြီး အင်တာနက်သုံးစွဲမှုလည်း အဆင်ပြေသောကြောင့် ပင်လယ်ကမ်းခြေသို့ လည်ပတ်သူများအတွက် ဆက်သွယ်ရေးကဏ္ဍမှာလည်း လွယ်ကူစေလျက်ရှိသည်။

ရန်ကုန်မြို့နှင့် အနီးဆုံးပင်လယ်ကမ်းခြေ အပန်းဖြေရာနေရာတစ်ခုဖြစ်သော ဆယ်အိမ်တန်းကမ်းခြေမှာ ကညင်ကုန်းအုပ်စုတွင် ပါဝင်ပြီး အိမ်ခြေ ၂၆၇ လုံးရှိ၍ အိမ်ထောင်စု ၂၉၉ စုတွင် လူဦးရေ ၁၁၈၉ ဦး နေထိုင်လျက်ရှိသည်။ ရေလုပ်ငန်းဖြင့် အဓိကအသက်မွေးကြပြီး အပန်းဖြေကမ်းခြေပေါ်လာချိန်တွင် ဈေးဆိုင်ဖွင့်သူ၊ ပင်လယ်စာရောင်းချသူတို့ဖြင့် အသက်မွေးကြသည်။

### ရေချိုအခက်အခဲရှိ

ဆယ်အိမ်တန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးနိုင်မိုးက ဆယ်အိမ်တန်းကမ်းခြေနှင့် စပ်လျဉ်း၍ “ဆယ်အိမ်တန်းကမ်းခြေမှာ ရေချိုအခက်အခဲတော့ရှိမယ်။ ရုံးပိတ်ရက်နဲ့ ရက်ကြီးအခါကြီးတွေမှာ ရန်ကုန်က ခရီးသွားတွေ လာရောက်အပန်းဖြေတာ များတယ်။ အထူးသဖြင့် သင်္ကြန်ကာလဟာ ကမ်းခြေမှာ အစည်ကားဆုံးပါပဲ။ ဆယ်အိမ်တန်း ကမ်းခြေမှာ ဆိုင်ခန်းပေါင်း ၄၀ ကျော်ရှိပါတယ်။ ကမ်းခြေသာယာလှပဖို့ ပိုပြီးလုပ်ဆောင်နိုင်မယ်ဆိုရင် ဆယ်အိမ်တန်းကမ်းခြေဟာ ရန်ကုန်မြို့အတွက် အနီးဆုံး အကောင်းဆုံး အပန်းဖြေရာနေရာတစ်ခုအဖြစ် ပေါ်ထွန်းလာမှာပါ” ဟု ပင်လယ်ပြင်ကိုငေးမျှော်ကြည့်လျက် ပြောကြားသည်။

### တည်းခိုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိ

ဆယ်အိမ်တန်းကမ်းခြေတွင် ဧည့်ရိပ်သာ တစ်ခုရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ တည်းခိုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိရာ ပင်လယ်ကမ်းခြေနှင့် ဧည့်ရိပ်သာမှာ ကပ်လျက်ရှိသောကြောင့် အပန်းဖြေတည်းခိုသူတို့အတွက် အဆင်ပြေစေလျက်ရှိသည်။

“ဆယ်အိမ်တန်းကမ်းခြေဟာ အပန်းဖြေလို့ အကောင်းဆုံးနေရာတစ်ခုပါ။ ပြန့်ပြူးနေတဲ့သဲသောင်ပြင်ရှိတာကြောင့် စနစ်တကျပြန်လည်ပြုပြင်မယ်ဆိုရင် ဆယ်အိမ်တန်းကမ်းခြေဟာ လူမပြတ်စည်ကားနေမှာပါ။ နိုင်ငံတော်က ခေတ်မီဟိုတယ်တွေဖော်ဆောင်ပေးနိုင်ရင် ပိုပြီးစည်ကားလာမယ်လို့ မြင်ပါတယ်” ဟု ဆယ်အိမ်တန်းကမ်းခြေ ရွှေခနေအောင် ဧည့်ရိပ်သာတာဝန်ခံ ဦးမြင့်အောင်က ပြောသည်။

### ပင်လယ်လေနှင့်အတူ လွင့်ပျံ့လျက်ရှိ

တစ်မိုင်ခန့်ရှည်လျားသော သောင်ပြင်ကမ်းခြေတွင် ဆိုင်ခန်းများကိုတွေ့မြင်ရပြီး ထိုဆိုင်ခန်းများရှေ့တွင် ပင်လယ်ပြင်အလှကိုကြည့်ရှု၍ စားသောက်နိုင်ရန် အမိုးတဲတန်းများထားရှိကာ ကမ်းခြေတွင် အပန်းဖြေသူများကို တွေ့မြင်ရသည်။ လမ်းလျှောက်သူ၊ မြင်းစီးသူ၊ အပန်းဖြေဆိုင်ကယ်စီးသူ၊ ဘောလုံးကန်သူ၊ ပြေးလွှားဆော့ကစားနေသော ကလေးငယ်တို့ဖြင့် စိတ်လက်ပေ့ါပါးစွာပျော်ရွှင်ကြလျက်ရှိသည်။ ပင်လယ်ပြင်တွင် ငါးဖမ်းလှေများကို မှိုင်းပျပျတွေ့ မြင်ရသည်။ ကမ်းခြေတွင် ငါးကင်၊ ပုစွန်ကင်နှင့် ငါးသလောက်ဥကြော်တို့ ရောင်းချသော ဒေသခံဈေးသည်အသံလွင့်လွင့်မှာ ပင်လယ်လေနှင့်အတူ လွင့်ပျံ့လျက်ရှိသည်။ လူဦးရေ နှစ်စဉ်တိုးပွားလျက်ရှိသော ရန်ကုန်မြို့ပြနေ ပြည်သူတို့အတွက် မြို့ပြမွန်းကျပ်မှုကင်းဝေးရာ၊ လတ်ဆတ်သောပင်လယ်လေကို အားပါးတရရှူရှိုက်ခွင့်ရရှိရာ၊ ကျန်းမာရေးအတွက် စိတ်အပန်းဖြေရာ၊ မိသားစုလိုက်အပန်းဖြေရာနေရာနှင့်ပ င်လယ်စာစစ်စစ်ရရှိရာ ဆယ်အိမ်တန်းကမ်းခြေသာတွင် အပန်းဖြေအနားယူနိုင်ပါကြောင်း။ ။



ဓာတ်ပုံ - အာကာစိုး

# ဆည်းဆာအလှနဲ့ မြစ်တွင်းအပျော်စီး ရေယာဉ် “တေဇ”



—— ရှင်နော် ——

**ရန်ကုန်** မြို့ ဗိုလ်တထောင်ဆိပ်ကမ်းအနီး ဖေဖော်ဝါရီ ၁၄ ရက် ညနေခင်း သုံးနာရီခွဲကျော် အချိန်။

ဗိုလ်တထောင်ဆိပ်ကမ်းအနီး ညပိုင်းရောင်းချမည့် ဈေးသည်တို့က ခုံများချ၊ ဆိုင်များခင်းဖြင့် အလုပ်ရှုပ်နေကြသည်။ ဗိုလ်တထောင် ဆိပ်ကမ်းတစ်လျှောက် တန်းစီရပ်တန့်ထားသော အပျော်စီးသင်္ဘောငယ်များကိုကြည့်ရင်း စိတ်မောနေခိုက် မိမိအားခေါ်လိုက်သော အသံကြောင့်လှည့်ကြည့်မိရာ ဒလမြို့နယ် ပြန်/ဆက် သတင်းထောက်ဖြစ်နေသည်။ သူလည်း မိမိကဲ့သို့ပင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရေယာဉ် ခရီးစဉ်သစ် မိတ်ဆက်ပွဲသို့ လာရောက်ခြင်းဖြစ်သည်။

အမှတ် (၅) ဖောတံတားအတွင်း ရင်ပေါင်တန်းရပ်တန့်ထားသော သင်္ဘောသုံးစင်းအနက် အလယ်တွင် နေရာယူထားသော တေဇသင်္ဘောပေါ်သို့ ဖိတ်ကြားထားသည့်အချိန် ညနေ ၄ နာရီမတိုင်မီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့သည်။

**ကျင်းတင်ပြုပြင်လျက်ရှိ**

“ကျွန်တော်တို့ တေဇရေယာဉ်သင်္ဘောကို မြစ်တွင်းအပျော်စီးရေယာဉ်အဖြစ် အသုံးပြုနိုင်ဖို့ ဒဂုံဆိပ်ကမ်းသင်္ဘောနဲ့ ဒလသင်္ဘောကျင်းတွေမှာ လိုအပ်တဲ့ပြုပြင်မှုတွေ၊ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရရေးတွေကို ဦးစားပေးပြီး ဒီဇိုင်းသေချာဆွဲကာ ပြုပြင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းရေကြောင်းမှာတော့ အခုလို အပျော်စီးသင်္ဘောအနေနဲ့က တေဇရေယာဉ်အပြင် တိုးပွားရေယာဉ်ဆိုပြီးလည်း ရှိပါတယ်။ လက်ရှိမှာ ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းမှာ ကျင်းတင်ပြုပြင်လျက်ရှိပါတယ်” ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်က ပြောသည်။

**ခရီးစဉ်သစ်ကို စတင်ခြင်း**

ရန်ကုန်မြစ်တွင်း အပျော်စီးရေယာဉ် ခရီးစဉ်သစ်ကို စတင်မိတ်ဆက်သည့် “တေဇ” ရေယာဉ်ကို ၁၉၅၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ခရီးလမ်းများတွင် အသုံးပြုခဲ့သည်။ ၂၀၁၂ ခုနှစ်သို့အရောက်တွင် မြစ်တွင်းအပျော်စီးရေယာဉ်အဖြစ် ပြုပြင်ခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လချုပ်ဖြင့်ငှားရမ်းခြင်း၊ ခရီးစဉ် အလိုက်ငှားရမ်းအသုံးပြုခြင်းများ ခွင့်ပြုပေးခဲ့သည်။ ယခုအခါ ပြည်တွင်းရေကြောင်းအနေဖြင့် ဌာနဝင်ငွေ တိုးတက်ရေး၊ ပြည်သူများ လေကောင်းလေသန့် ရှူရှိုက်ကာ စိတ်နှလုံးအပန်းပြေစေရေး၊ ရန်ကုန်မြို့၏ ညအလှနှင့် ဒလမြို့၏ သဘာဝအလှကို တစ်ပြိုင်နက်တည်း ခံစားစေနိုင်ရေးဟူသော စိတ်ကူးစိတ်သန်းကောင်းများဖြင့် ခရီးစဉ်သစ်ကို စတင်ခြင်းဖြစ်သည်။ ခရီးသည် ၁၂၀ ခန့် တင်ဆောင်ကာ “တီ” အမျိုးအစားရေယာဉ်ဖြစ်သော တေဇရေယာဉ်သည် တစ်ထပ်သင်္ဘောဖြစ်ပြီး သင်္ဘောအမိုးပေါ်တွင် အခမ်းအနားများ၊ ပါတီပွဲများ၊ မင်္ဂလာပွဲများ၊ မွေးနေ့ပွဲများ ကျင်းပနိုင်ရန်နေရာရှိသည်။

ခရီးစဉ်သစ်မိတ်ဆက်ခြင်းကို ညနေ ၅ နာရီတွင် ဗိုလ်တထောင်ဖောတံတားမှ စတင်ထွက်ခွာခြင်းဖြင့် အစပြုသည်။

တည်ဆောက်ရေးကာလ မကြာသေးသော်လည်း မြစ်အတွင်းထိုးထွက်နေရာယူထားသော ဒလတံတားကြီးကို ကြည့်ရင်း အံ့သြရသည်။ ရန်ကုန်ဘက်ခြမ်း၊ ဒလဘက်ခြမ်းတို့မှနေ၍ တိုးထွက်နေပြီး မကြာမီ ရန်ကုန်မြစ်အလယ်၌ ပေါင်းဆုံစည်းကြတော့မည်။

**သင်္ဘော လေး - ငါး စင်းခန့် ရပ်တန့်**

တွံတေးမြစ်ဝနားအရောက်တွင် မာလိန်မှူးက တေဇသင်္ဘောကိုပြန်ကွေ့ကာ ရန်ကုန်ဘက်အခြမ်း ကပ်၍ မောင်းနှင်သည်။ ရန်ကုန်မြစ်တစ်လျှောက်တွင် ရန်ကုန်-ဒလ ကူးလူးဆက်သွယ်နေသည့် လှေသမ္ဗန်များကို နေရာအနှံ့တွေ့ရသည်။ ဗိုလ်တထောင်ဆိပ်ကမ်းနားပြန်အရောက်တွင် မြစ်တွင်းသွား အပျော်စီးသင်္ဘော လေး-ငါး စင်းခန့် ရပ်တန့်ထားသည်ကို တွေ့ရသည်။

**နေဝင်ဆည်းဆာချိန် အလှ**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် တေဇရေယာဉ် ငှားရမ်းမှုကို တစ်နာရီလျှင် ကျပ် နှစ်သိန်းခွဲခန့် သတ်မှတ်ထားပြီး အချိန်နှင့် ဝန်ဆောင်မှုပေါ်မူတည်၍ ဈေးနှုန်း သီးခြားခွဲခြားထားသည်။ ရန်ကုန်မြစ်တစ်လျှောက်သာမက တွံတေးမြို့၊ မအူပင်မြို့များသို့လည်း အပျော်စီးခရီးစဉ်အဖြစ် ရေယာဉ်စင်းလုံးငှား ဝန်ဆောင်မှုကိုလည်း ရရှိနိုင်သည်ဟုဆိုသည်။ ခရီးသွားလာရာတွင် အတွေ့အကြုံသစ်တစ်ခုအနေဖြင့် မြစ်တွင်းအပျော်စီးရေယာဉ်ကို စီးနင်းကာ ညနေခင်း နေဝင်ဆည်းဆာချိန် အလှ၊ မြစ်ကမ်းပါး၌ ယိမ်းနွဲ့နေသော အပင်ရှည်ကြီးများ၏ သဘာဝအလှများကို အပြောင်းအလဲတစ်ခုအဖြစ် ရန်ကုန်သူရန်ကုန်သားတို့အား ကြည့်ရှုခံစားနိုင်ရန် တင်ပြလိုက်ရပါသည်။ ။

---

*အချပ်ပို (ခ) မှ*

အကြောင်းအမျိုးမျိုးကြောင့် ခုနကကျွန်မပြောခဲ့တဲ့ ဆုံးရှုံးမှုတွေဖြစ်ခဲ့ရင် မြန်မာ့အာမခံက ကျန်ရစ်သူ မိသားစုတွေအစား ပေးချေပေးမယ်ဆိုတော့ ကျွန်မက အများကြီးမျှော်လင့်တယ်ပေ့ါ။ ဘဏ်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှု အများကြီးလိုပါတယ်” ဟု ဒေါက်တာ စန္ဒာဦးက ပြောသည်။

Shin Ye Htut Group ဥက္ကဋ္ဌ ဦးရဲထွဋ်မှူးက “ HIP အာမခံမှာ ထူးခြားတာက အသက်အာမခံရော၊ မီးအာမခံရော၊ ရေဘေးရော၊ ငလျင်ဘေးရော၊ မုန်တိုင်းဘေးရော အလုံးစုံ အပိုအာမခံ ၁၄ မျိုး ပါရှိပါတယ်။ ဘဏ်က တစ်ဆင့်ဖြစ်ဖြစ်၊ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုကပဲဖြစ်ဖြစ် ငွေချေးယူပြီး အိမ်ရာဝယ်ယူတဲ့အခါမှာ အသက်အာမခံရှိတဲ့အတွက် အိမ်ရာဝယ်ယူသူ မိသားစုတွေအနေနဲ့ စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်သလို ငွေကြေးထုတ်ချေးပေးတဲ့ဘဏ်နဲ့ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေကလည်း စိတ်ချလုံခြုံစွာ ငွေထုတ်ချေးပေးနိုင်မှာ ဖြစ်ပါတယ်။

**အိမ်ရာလျော်ကြေးငွေကို မြန်မာ့အာမခံလုပ်ငန်းကတစ်ဆင့် ပေးအပ်**

အိမ်ကိုဝယ်ယူပြီးတဲ့နောက်မှာလည်း အိမ်ရာနဲ့ပတ်သက်တဲ့ အပိုအာမခံ ၁၄ မျိုး ဖြစ်တဲ့ ရေကြီးတာ၊ မီးလောင်တာ၊ မုန်တိုင်းတိုက်တာ၊ မြေငလျင်လှုပ်တာ၊ အိမ်တွင်းဖောက်ထွင်းခိုးယူဝင်ရောက်တာ၊ ပေါက်ကွဲမှုဖြစ်တာ၊ မှန်ကွဲတာကအစ ထပ်မံပါရှိပြီး အိမ်ရာဝယ်ယူသူ အိမ်ထောင်ဦးစီးကွယ်လွန်သည်ဖြစ်စေ၊ ထာဝရမသန်စွမ်းဖြစ်လျှင်ဖြစ်စေ အိမ်ရာလျော်ကြေးငွေကို နိုင်ငံတော်ပိုင် မြန်မာ့အာမခံလုပ်ငန်းကတစ်ဆင့် ပေးအပ်သွားဖို့ အစီအစဉ်ရှိပါတယ်။

**နောက်ဆံမတင်း**

ဒါကြောင့် သက်ဆိုင်ရာဘဏ်အသီးသီးနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းအသီးသီးက သက်သာတဲ့ အတိုးနှုန်းထားနဲ့ ချေးယူပြီး နှစ်ရှည်အိမ်ရာဝယ်ယူသူများအနေဖြင့် အလွန်သက်သာတဲ့ အာမခံနှုန်းထားကို လစဉ်အနည်းငယ်သာ ပေးဆောင်ရပြီး စိတ်လက်ချမ်းသာစွာ နောက်ဆံမတင်းရဘဲ အိမ်ရာပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

အိမ်တန်ဖိုးကို တန်ဖိုးနည်းအိမ်ရာ၊ တန်ဖိုးသင့်အိမ်ရာ၊ တန်ဖိုးလတ်အိမ်ရာ၊ တန်ဖိုးကြီးအိမ်ရာတွေဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့် အာမခံထားရှိပေးမှာ ဖြစ်ပါတယ်။

အထူးသဖြင့် Housing Insurance Package ရဲ့ အသက်နှင့် အိမ်ရာအလုံးစုံအာမခံအနေနဲ့ အဓိကလုပ်ဆောင်ပေးချင်တာကတော့ အိမ်ပိုင်မရှိသူတွေ အိမ်ရာ ပိုင်ဆိုင်လာနိုင်ဖို့၊ နိုင်ငံသားများနှင့် ဝန်ထမ်းများ၊ ပင်စင်စားများ တန်ဖိုးနည်းအိမ်ရာတွေ ဝယ်ယူနိုင်ဖို့ အဓိကထားပြီး အာမခံပေးချင်တာ ဖြစ်ပါတယ်၊ HIP အာမခံကို ငွေကြေး၊ အဖွဲ့အစည်းတွေရယ်၊ ပြည်သူတွေရယ်၊ ဆောက်လုပ်ရေးလုပ်ငန်းတွေရယ်၊ နိုင်ငံတော်ရယ်ကို တံတားသဖွယ်ပေါင်းကူးပေးတဲ့ ပေါင်းကူးတံတားအဖြစ် ရှုမြင်ရမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

ယခုရောင်းချမည့် Housing Insurance Package အာမခံအမျိုးအစားသည် အာမခံထားရှိသူ၏ သေဆုံးမှု၊ ထာဝစဉ်မသန်စွမ်းဖြစ်မှုနှင့် ချေးငွေရယူထားသည့် အဆောက်အအုံပျက်စီးမှုတို့ကြောင့် အာမခံထားရှိသူသို့မဟုတ် ကျန်ရစ်သူမိသားစုအပြင် ချေးငွေထုတ်ချေးသည့် အဖွဲ့အစည်းများအတွက်ပါ အကျိုးရှိစေမည့် အာမခံအမျိုးအစားတစ်ခု ဖြစ်ကြောင်း သိရသည်။

**ချေးငွေဖြင့် ဝယ်ယူထားသော အဆောက်အအုံကို ပိုင်ဆိုင်နိုင်**

အာမခံထားရှိသူသည် ဘဏ်ချေးငွေဖြင့် အဆောက်အအုံဝယ်ယူပြီး အာမခံသက်တမ်းအတွင်း သေဆုံးခဲ့လျှင် သို့မဟုတ် ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင် ပေးရန်ကျန်ရှိသော အဆောက်အအုံတန်ဖိုးကို မြန်မာ့အာမခံလုပ်ငန်းကပေးချေပေးမည် ဖြစ်သည့်အတွက် ကျန်ရစ်သူမိသားစုအနေနှင့် ပေးရန်ကျန်ရှိသော ချေးငွေအတွက် စိတ်ပူစရာမလိုဘဲ ချေးငွေဖြင့် ဝယ်ယူထားသော အဆောက်အအုံကို ပိုင်ဆိုင်နိုင်မှာ ဖြစ်သည်။ အဆောက်အအုံတန်ဖိုး ပေးချေပြီးသည့်အချိန် တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည်။

ချေးငွေဖြင့် ဝယ်ယူထားသည့် အဆောက်အအုံသည် မီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ပေါက်ကွဲမှုဖြစ်ခြင်း၊ လေယာဉ်ပျက်ကျခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းဒဏ်၊ ရေကြီးခြင်း၊ ထိခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှု၊ ရေလှောင်ကန်၊ ရေပိုက်များ ရေလျှံပျက်စီးခြင်း၊ မီးကူးစက်လောင်ကျွမ်းခြင်း၊ သစ်ပင်လဲကျပျက်စီးခြင်း၊ မီးခိုးကြောင့် ပျက်စီးခြင်း၊ ဖောက်ထွင်းခိုးယူခံရခြင်း၊ ကာရံထားသည့် မှန်များပြုတ်ကျပျက်စီးခြင်း စသည့် အကာအကွယ် (၁၄) မျိုးအား Housing Insurance Package အာမခံဝယ်ယူထားရုံဖြင့် ပရီမီယံကြေး ထပ်မံပေးသွင်းရန်မလိုဘဲ အကာအကွယ်ရရှိမည်ဖြစ်သည်။

ပရီမီယံပေးသွင်းရာတွင်လည်း အာမခံထားသူ စိတ်ကြိုက် Budget Premium (ပရီမီယံကို လစဉ်အရစ်ကျပေးသွင်းသည့်ပုံစံ) နှင့် Non-Budget Premium (ပရီမီယံကို တစ်နှစ်လျှင် တစ်ကြိမ်တည်း ပေးသွင်းခြင်းပုံစံ) တို့ကို ရွေးချယ်၍ ဝယ်ယူနိုင်သည့် အာမခံအမျိုးအစားဖြစ်ကြောင်း သိရသည်။ ။